www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# မှိုင်းနှင်းဆီ

နွေဇနောင်း ဆောင်းသက်သေ

www.burmeseclassic.com

www.burmeseclassic.com

# (၁)

နေရောင်တန်းလေးတွေက ရွှက်ကြွေရဲ့မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့ကို ဖြန့်ကျက်လို့ နေသည်။

နေရောင်ထိုးလျှင် ဆက်အိပ်လို့မရတော့တာ အကျင့်ဖြစ်နေပြီမို့ အိပ်ချင်သော်လည်း မျက်တောင် ကော့ကော့ကြီးတွေကို တစ်ချက် နှစ်ချက် ခတ်ကာ လောကကြီးကို မင်္ဂလာပါလို့ တိုးတိုးလေး နှုတ်ဆက်မိသည်။

ဒါကလည်း ရွှက်ကြွေရဲ့ထူးဆန်းတဲ့အကျင့်တွေထဲက တစ်ခုပင် ဖြစ်သည်။

ပြီးတော့ ကိုယ်နှင့်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ တာသာတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ တစ်မိုးအောက်မှာ. . ပထဝီမြေကြီးပေါ်မှာ ရှင်သန်ခွင့်ရသူအားလုံးကို မေတ္တာပို့မည်။ သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မေတ္တာထားပြီး ဆုတောင်းပေးမည်။ ဒါတွေကို မပျက်မကွက်လုပ်နေတဲ့သူကလေးက အသက် ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတဲ့ ဆောင်းရွက်ကြွေ. . လို့ အများက သိတဲ့ ကောင်မလေးပေါ့။

သူ့ရဲ့အထာ၊ သူ့ရဲ့အလေ့အကျင့်တွေက သူ့မိသားစုတွေနဲ့ ပုံစံမတူ စုံလွှနေတာလည်း အားလုံးက ပြောစမှတ်ပြုနေကြတာပဲ. . .

ဆောင်းရွက်ကြွေက အနေအေးတယ်. . . သိမ်မွေ့နူးညံ့တယ်။ အပြစ်ကင်းပြီး မှန်သောစကားကိုသာ ဆိုတတ်တဲ့ ကောင်မလေး။ ဘာသာတရား ကိုင်းရှိုင်းတဲ့ ကောင်မလေးပေါ့။

ဒါပေမယ့်. . သူ့မိဘတွေကတော့ အတ္တနဲ့မာနကို တံခွန်ထူပြီး ကိုယ်ကျိုးအတွက်ဆို ဘ,နဖူး သိုက်တူးမယ့် လူစားမျိုးတွေ။ ချမ်းသာလိုက်တာလည်း ကျိကျိတက်။ ပိုက်ဆံတွေ ထားစရာနေရာ မရှိလို့ ပိုလျှံနေတာတောင်မှ လောဘကို ဖက်တွယ်ထားဆဲ. . .

အပြောအဆိုလည်း ကြမ်းတမ်းပါတယ်။ လူတစ်ဖက်သားကို မညှာမတာ တိရစ္ဆာန်အလား ခိုင်းစေတတ်တာကို ရွက်ကြွေ အမုန်းဆုံးပင်။

ငါ ငွေပေးထားတာပဲဆိုပြီး လူတစ်ယောက်ချင်းဆီက လုပ်အားတွေကို မတရားယူနေတာ ရွက်ကြွေရဲ့အဖေတဲ့လား။





အဖေ အတ္တကြီးတယ် ထားပါဦး. . . အမေက မထိန်းတဲ့အပြင် အဖေ ဒီလိုဖြစ်အောင် တွန်းအားပေးနေတယ်လို့ ရွက်ကြွေက ထင်သည်။

ကိုယ့်မိဘတွေမှာ ဒီလိုဖြစ်ပျက်နေတာကိုမြင်ပြီး ရွက်ကြွေအသက်ငယ်ငယ်နဲ့ တရားရနေသလား မဆိုနိုင်ပါ။

ခုလည်း မျက်နှာသစ်ပြီးလို့ မနက်စာစားမလို့ ထမင်းစားခန်းထဲကို အဝင်မှာ ကြားလိုက်ရတဲ့ စကားကြောင့် ကြက်သီးတွေတဖြန်းဖြန်းထပြီး အံ့ဩလွန်းလို့ သူမပါးစပ်လေးကို လက်နဲ့ပိတ်မိသည်အထိပင်။

'ငါ ဒီကောင့်ကို ရှင်းချင်နေပြီ ဥမ္မာ. . ငါ့ခွင်တွေ ဝင်ဝင်လုနေတာ ကြာပြီ. . ဟိုတလောကလည်း ငါနဲ့ဈေးဖြတ်ပြီးသား ပွဲရုံနှစ်ခုကို ဒီကောင် လျှော့ဈေးနဲ့ သွင်းသွားလို့ ပျက်သွားပြီးပြီ။ ခုတစ်ခါ ငါပေးသမျှ ယူနေရတဲ့ တောင်သူတွေဆီကနေ ဒင်း ငွေပိုပေးပြီး လိုက်ဝယ်နေပြန်ပြီ။ ဒါ သက်သက် ငါ့ကိုကျောတာ'

ဥမ္မာတင်ဆိုတဲ့ ရွက်ကြွေတို့အမေကလည်း မီးလောင်ရာလေပင့်ပေးနေပြန်သည်။

'လုပ်ချင်တာ ရှိရင်. . ပြတ်ပြတ်သားသားလုပ် ကိုထင်. . နောက်တွန့်နေရင် နောက်လူ ကျော်သွားလိမ့်မယ်. . ဒါမျိုးက မှတ်



www.burmeseclassic.com

www.burmeseclassic.com



လောက်သားလောက်ရှိအောင် လုပ်ပေးမှရမှာ၊ တစ်ခုတော့ ရှိတယ် နော်. . လုပ်ပြီဆိုရင်လည်း ပိပိရိရိသာ လုပ်. . . လက်သည် မပေါ် စေနဲ့'

'ငါ သိပါတယ်ကွာ့'

ဘာတွေလဲ. . ဘာတွေ ပြောနေကြတာလဲ. . မနက်စော စောစီးစီး ကျက်သရေကင်းပြီး အုံ့သြဖို့ကောင်းလိုက်တာ. .

ဆောင်းရွှက်ကြွေက ခြေကို ဖွဖွလေး နင်းပြီး ထမင်းစား ခန်းကို ကျောခိုင်းကာ ပြန်ထွက်လာခဲ့မိသည်။

သူမ စားချင်စိတ် မရှိတော့။ ဒီအိမ်ကြီးမှာ တစ်နေ့ တစ် နေ့ အတ္တတွေနဲ့ လောင်မြိုက်နေလိုက်ကြတာ။

ရွှက်ကြွေသည် မန်ကျည်းပင်၊ ဆီးပင်၊ ထနောင်းပင်တွေ ပေါတဲ့ ကျောင်းဝင်းအကျယ်ကြီးကို မြင်ယောင်ပြီး ဒီအချိန်ဆို. . ဘုန်းကြီးကျောင်းမှာ ရင်ခွင်တို့သားအမိ ရှိဦးမှာပဲဟု တွေးမိသည်။

ထို့အတူ သူမ ခြေလှမ်းတွေသည်လည်း ကျောင်းရှိရာသို့ ဦးတည်လျက်သားဖြစ်နေသည်။

ကျောင်းဝင်းထဲမှာ မေခင် ချက်ပြုတ်နေတာ တွေ့ရပါပြီ။ ရွှက်ကြွေက ထိုနေရာသို့ သွက်သွက်ကလေး ပြေးသွားမိသည်။

'မေခင်. . .'





ဟင်းအိုးမွှေနေသော မေခင့်ခါးကို အနောက်ကနေ သိုင်း ဖက်ပြီး ခေါ်လိုက်ခြင်းဖြစ်သည်။

'ရွှက်ကြွေ လာတယ်၊ ကြည့်စမ်း. . စောစောစီးစီးပါလား သမီးရဲ့'

မေခင်က ဝမ်းသာနေသလောက် ရွှက်ကြွေမျက်နှာလေး က မသာတာကိုလည်း သတိထားမိသည်။

'ဘာဖြစ်လာတာလဲ သမီး'

သူ့မျက်နှာကိုကြည့်ပြီး စိုးရိမ်တကြီးမေးလာတဲ့ မေခင့်ကို ရွှက်ကြွေက ပြုံးပြလိုက်ပြီး

'သမီး ဗိုက်ဆာတယ် မေခင်၊ ဘာမှမစားလာရသေးဘူး'

'မနက်က အရက်ဆွမ်း အုန်းနို့ခေါက်ဆွဲကပ်တယ်လေ. . သမီး ဆရာတော် အရင်သွားဖူးလိုက်ပါဦး. . . မေခင် ပြင်ထားပေး မယ်. . ဟုတ်ပလား'

'ရင်ခွင် ဘယ်ရောက်နေလဲ မေခင်'

မေခင်က ချဉ်ဟင်းအိုးထဲကို မန်ကျည်းရည်ခပ်ရင်း ပြန် ဖြေသည်။

'ကုဋီတွေ ဆေးနေလေရဲ့ သမီးရယ်'

ရွှက်ကြွေသည် ဆရာတော်ဘုရားကို ဝင်ဖူးပြီး ဦးသုံးကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ချသည်။ လက်ကလေးနှစ်ဖက်ကို ကြာဖူးပုံသဏ္ဍာန် ပူးပြီး ထိခြင်းငါးပါးဖြင့် ကန်တော့နေသောရွှက်ကြွေကို ဆရာတော်ဦးပရမတ်က

'ဒကာမလေး ကန်တော့တဲ့ပုံစံ မှန်တယ်. . ကန်တော့တဲ့အခါမှာ လက်နှစ်ဖက်ကို ကြာဖူးပုံစံထားရမယ်ဆိုတာ တချို့တွေ မသိကြဘူး၊ ဘုန်းကြီးတို့ မြန်မာလူမျိုးတွေမှာ ဗုဒ္ဓဘာသာသာ ပြောတယ်. . ပြုပြင်ရမယ့် အခြေခံလိုအပ်ချက်တွေ အများကြီး ရှိသေးတယ်. . ဒီနှစ် နွေရာသီကျောင်းပိတ်ရက်မှာ ကလေးတွေအတွက် ယဉ်ကျေးလိမ္မာသင်တန်းပေးမလို့ စီစဉ်ထားတယ်. . ဒါနဲ့ ဒကာမလေးက ဒီနှစ် ဆယ်တန်းဖြေမှာ မဟုတ်လား'

'တင်ပါ့ ဘုရား'

'အေး. . . ရင်ခွင်နဲ့ အတန်းအတူတူပဲကိုး. . မောင်ထင်ကိုတို့ ဇနီးမောင်နှံရော နေကောင်းကြရဲ့လား'

'ကောင်းပါတယ် ဘုရား'

'မနက်က အုန်းနို့ခေါက်ဆွဲတွေ ရှိဦးမယ်ထင်တယ်၊ ဒကာမလေး ကြုံတုန်း စားသွားပါဦး'

ကျေးဇူးတင်လိုက်တာ ဆရာတော်ဘုရားရယ်. . တကယ်လည်း ဗိုက်ဆာနေပါပြီ။

ဘုရားရိပ်. . . တရားရိပ်. . . ကျောင်းအရိပ်က တကယ်





အေးချမ်းတာပဲ. . အိမ်မှာနေရင် အရမ်းပူလောင်တာပဲ. . ဟု ရွှက်ကြွေက ယှဉ်ပြီး တွေးမိသွားသည်။

'တပည့်တော်မ မေခင့်ဆီ သွားလိုက်ပါဦးမယ် ဘုရား'

'အေး. . သွား. . သွား၊ ဒီနှစ် စာမေးပွဲကို အောင် အောင်ဖြေကြနော်'

ကုဋီတွေရှေ့မှာ ရေဆွဲပြီး စိတ်ပါလက်ပါ တိုက်ချွတ်ဆေးကြောနေသော ရင်ခွင်ကို တွေ့လိုက်ရသည်။ ရင်ခွင်ရဲ့စိတ်ဓာတ်ကို မချီးကျူးဘဲ မနေနိုင်တော့။

ဘုန်းကြီးကျောင်းထဲကို လူတွေ ဝင်ထွက်သွားလာနေပေမယ့် ကုဋီတွေဘက်ကို ယောင်လို့တောင် ခြေဦးလှည့်မည် မဟုတ်ပါ။ ဒီကုဋီတွေ ဒီလိုသန့်ရှင်းနေအောင် ရင်ခွင်က နေ့တိုင်း ဆေးကြောပေးနေတာပဲ ဖြစ်သည်။

'ရင်ခွင်. . နင့်ကုသိုလ်တွေ ငါ့လည်း တစ်ဝက်ပေးဦးလေ'

အရပ်အမောင်းကောင်းပြီး ညိုသောအသားနှင့်ယောက်ျားပီသသော ရင်ခွင်က ရွှက်ကြွေကိုကြည့်ပြီး အံ့သြနေသည်။

'အိမ်မှာ ဘာဖြစ်လာလို့လဲ ရွှက်ကြွေ'

သူတို့က အတွင်းသိ အစင်းသိတွေဆိုတော့ ရွှက်ကြွေ အိမ်မှာ မပျော်တာလည်း သိနေကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ငါ မပျော်လို့ ခဏထွက်လာတာပေါ့ ရင်ခွင်ရဲ့. . . ဒီမှာက တရားမမွှနဲ့ အေးချမ်းနေတဲ့ပုဂ္ဂိုလ်တွေပဲ တွေ့ရတယ်. . ငါတို့အိမ်မှာက နင် သိတဲ့အတိုင်းပဲ. . ပေးပါ. . . ငါလည်း ဆေးပေးချင်လို့'

ရွှက်ကြွေက ရင်ခွင်လက်ထဲမှ ဘရပ်ရှ်ကို အတင်းလိုက်လုနေသဖြင့် ရင်ခွင်က

'နားနားနေနေ နေပါ ရွှက်ကြွေရယ်. . နင့်အဖေ မြင်သွားရင် မကောင်းပါဘူး. . ငါတောင်မှ ဒီမှာ ဆေးကြောပြီးရင် နင်တို့အိမ် လာတော့မလို့'

'ရင်ခွင်. . နင် ဆယ်တန်း အောင်သွားရင်. . တခြားမှာပဲ အလုပ်ရှာပါလားဟယ်. . နင်မို့လို့ အဖေ့ဒဏ်ကိုခံပြီး လုပ်နေသေးတယ်. . နင့်ကို နိုင့်ထက်စီးနင်းဆက်ဆံတာလည်း ငါမကြိုက်ဘူးဟဲ့ သိလား'

နင် မကြိုက်မှန်းတော့ ငါသိတာပေါ့ ရွှက်ကြွေရယ်. . ငါလည်း ဘယ်ကြိုက်ပါ့မလဲ. . အဆဲအဆိုတင်မကဘူး. . ငယ်ငယ်ကတည်းက အရိုက်အနှက်ပါ ခံလာရတာ။ ဆွဲထိုးချင် ထိုးတတ်သေးတာ. . ဒါပေမယ့် ငါလေ နင့်မျက်နှာ မမြင်ရရင် မနေနိုင်လို့ပါဟာ။ ဒါတွေ နင်သိမှာ မဟုတ်ပါဘူး. . .





ငယ်ငယ်လေးကတည်းက ရင်းနှီးခဲ့တဲ့ သံယောဇဉ်လေးတွေကြောင့် ရွှက်ကြွေက ရင်ခွင်ကို သနားသည်။

ခွဲခြားဆက်ဆံတတ်တဲ့ မိဘတွေကြောင့်လည်း ရင်ခွင်ကို အားနာသည်။

ခမျာ ကျောင်းစရိတ်လေး လိုလို့သာ။ မုဆိုးမ သူ့အမေကို လုပ်ကျွေးချင်လို့သာ အိမ်မှာ အနှိမ်ခံပြီး အလုပ်လာလုပ်နေရတာ၊ သိပ်ပြီး စိတ်ရင်းကောင်းတဲ့ ကောင်လေး။

'ဘာဖြစ်နေတာလဲ ရွှက်ကြွေရဲ့. . ပျော်ပျော်နေစမ်းပါ. . နင့်မျက်နှာ ညှိုးနေသလိုပဲ'

တွေ့လား။ သူက အဲဒီလိုလူမျိုး. .

ရွှက်ကြွေမျက်နှာကို အရိပ်လို ကြည့်နေတဲ့သူ။ အညှိုးမခံတဲ့သူလေ။

'နင် ဘာစားပြီးပြီလဲ ရင်ခွင်. . မေခင်က အုန်းနို့ခေါက်ဆွဲ လာစားလို့ ပြောတယ်'

ရွှက်ကြွေ မေးတဲ့အချိန်မှာ အမှန်က သူ ထမင်းကြမ်းစားပြီးနေပါပြီ။ ရွှက်ကြွေက သူ့ကို စားစေချင်လို့ဆိုတာသိနေလို့ ရင်ခွင်က ဆေးလက်စအလုပ်တွေကို အပြီးဖြတ်လိုက်သည်။

'လာ. . ငါတို့ အတူသွားစားရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းထက်က အရုပ်ကလေးနဲ့ ဒီနေ့မနက်စာ အတူစား ခွင့်ရတာ တစ်သက်တာအတွက် အမှတ်တရဖြစ်နေစေမှာပါ။

အုန်းနို့ခေါက်ဆွဲထဲကို ငရုတ်သီးမှုန့်တွေ အများကြီးထည့်၊ အချဉ်တွေ ညှစ်ထည့်ပြီး. . အားရပါးရစားနေတဲ့ ရွှက်ကြွေကို သူ သဘောကျစွာ ကြည့်မိသည်။

နှာသီးဖျားလေးတွေနီပြီး ချွေးတွေတောင် စို့နေပြီ။ အညာ သူလို့ ထင်ရက်စရာမရှိအောင် အသားလေးတွေ ဝင်းပြီး မျက်နှာ လေးက ဆုတောင်းကောင်းခဲ့သူလေးပင်။

ဆံပင်ရဲ့ကောင်းခြင်းနဲ့လည်း ပြည့်စုံလို့ ပိတုန်းရောင်ဆံ နွယ်လေးတွေက ခါးကျော်ပြီး တင်ပါးအထိကို အုံ့ဖွဲ့ပြီး ရှည်လျား လှပသည်။

ရင်ခွင်က ခြတ်ဗူးထဲမှ ရေခွေး ထပ်ငှဲ့ပေးရင်း

'ရော့. . ရေနွေးသောက်လိုက်ဦး၊ ငရုတ်သီးတွေ နင်းကန် စားတယ်နော်'

ရှူးရှူးရှဲရှဲဖြစ်နေတဲ့ ရွှက်ကြွေက ရင်ခွင် ကမ်းပေးသော ရေနွေးခွက်ကို ယူပြီး မှုတ်သောက်ရင်း

'နင် ဘာသိလို့လဲ. . အုန်းနို့ခေါက်ဆွဲက ငရုတ်သီးစပ်စပ်မှ စားလို့ကောင်းတာ'





'အေးပါ. . နှာခေါင်းမှာ ချွေးတွေလည်း သုတ်ပါဦး'

ရင်ခွင်က ရွှက်ကြွေရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း အုန်းနို့ခေါက်ဆွဲရဲ့အရသာတွေ ပျောက်ဆုံးနေသည်။ သူ့မျက်လုံး ထဲမှာတော့ ရွှက်ကြွေမျက်နှာမှာ အပြစ်ပြောစရာ ဘာမှကိုမတွေ့ တာ. . .

ပီသထင်ရှားတဲ့ မျက်နှာအနားသတ်လေး ရှိတာရယ်. . ၊ ကြည်လဲ့နေတဲ့ မျက်လုံးလှလှလေးတွေ. . ဖြောင့်ပြီး စင်းနေတဲ့ နှာ တံလေးရယ်. . နှုတ်ခမ်းဖူးဖူးလေးရယ်. . လှလိုက်တာ ရွှက်ကြွေ ရယ်. .

'ဒီသူငယ်ချင်းနှစ်ယောက် ဘာတွေ တိုင်ပင်နေကြတာလဲ၊ ရော့. . လက်ဖက်လည်း စားကြဦး. . သား. . စားပြီးရင် ရေပြန်ချိုး ပြီး သွားတော့နော်. . နောက်ကျရင် ဦးထင် စိတ်ဆိုးနေဦးမယ်'

'သား သွားမှာပါ အမေ'

'အေး. . အေး'

သူတို့သားအမိခမျာ. . နီးရာဓားကို ကြောက်နေရတာပါ လား။ မရှိလို့ ရိုးရိုးသားသားရှာစားပြီး ရပ်ရွာထဲမှာ မျက်နှာငယ်ရ တဲ့ သားအမိ။

ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စတွေ လုပ်ပေးတာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မလိုသူတွေက မရှိလို့ ကျောင်းမှာ ကပ်မြှောင်ပြီး စားနေတာ. . ဟု ကဲ့ရဲ့ကြသေးသည်။

သူတို့ခံယူချက်က ဒီလို မဟုတ်မှန်း ရွက်ကြွေ သိနေတာပဲလေ. . ကိုယ့်မှာ မရှိလို့ မလှူနိုင်ပေမယ့် လှူနိုင်တဲ့သူတွေကို လုပ်အားနဲ့ ကူညီပြီး ကုသိုလ်ယူတာ ဆရာတော် တစ်ခါဟောဖူးသလိုပဲ ဝေယျာဝစ္စကုသိုလ်ဟာလည်း ယူတတ်ရင် နိဗ္ဗာန်အထိ ရောက်နိုင်တာပဲ. .

လူတွေမှာ ဘာလို့များ အကောင်းမြင်တတ်တဲ့ စိတ်တွေပျောက်ဆုံးနေတာလဲ။

'ရွက်ကြွေ. . ငါ ရေသွားချိုးလိုက်ဦးမယ်'

'ငါ မေခင့်ကို ဝိုင်းကူပေးလိုက်ဦးမယ်. . ငါ ဒီမှာ ရှိတာအဖေတို့ကို သွားမပြောနဲ့နော် ရင်ခွင်'

ရင်ခွင်က သနားစရာကောင်းသော ရွက်ကြွေလေးကို စိတ်မကောင်းစွာ ကြည့်ပြီး

'အေးပါဟာ. . နင်ပျော်သလောက် နေပေါ့'

ဒီကောင်မလေးဘဝက ငွေရှိပြီး ပျော်ရွှင်မှုတွေ မရှိတာ။ နွေးထွေးမှုတွေ ပျောက်ဆုံးနေတာ. . သိပ်ပြီးတော့ သဘာဝမကျလှ။





နင်. . အမြဲပျော်နေတာပဲ ငါ မြင်ချင်ပါတယ် ရွက်ကြွေရယ်. .

ငါက နင့်ကို အမြဲပျော်စေချင်တာပါ. . .

ထနောင်းပင်တွေကို ဖြတ်ပြီး လေတစ်ချက်အဝှေ့မှာ ဘာကြောင့်ရယ် မသိ. . .

သူ့ရင်ထဲကို အလွမ်းခတ်ကလေးက လေနှင့်အတူ ဝင်လာခဲ့သည်။

♦



www.burmeseclassic.com

www.burmeseclassic.com

## (၂)

အိမ်မကြီးနဲ့ကပ်လျက်မှာ တစ်ထပ်တိုက်ခံအိမ်တစ်လုံးကို အလုပ်အတွက် သီးသန့်ထားသည်။ အဝယ်ဒိုင်သဘောမျိုးပေါ့။

ရန်ကုန်က ပွဲရုံတွေဆီ ပို့လို့ရတာ မှန်သမျှ ဦးထင်ကိုက ပို့သည်။ အိမ်မကြီးရဲ့အနောက်မှာတော့ ဂိုဒေါင်နှစ်လုံးရှိသည်။

စာရင်း ထိုင်လုပ်နေတဲ့ ဦးထင်ကိုက ရင်ခွင် ဝင်လာတာ တွေ့လျှင်တွေ့ချင်း အပြစ်လှမ်းပြောသည်။

'ဟေ့ကောင်. . နောက်ကျလှချည်လားကွ၊ ဒီနေ့ ကုန်တွေ တင်ရမှာ မသိဘူးလား. . ငါးစီးစာ တင်ရမှာ. . မင်းတို့ကောင်တွေ အဲဒါကြောင့် ခက်တာပဲ. . အချိန်တန်ရင် ပိုက်ဆံတော့ လိုချင်ကြ တယ်. . ဇောက်လုပ်ကျ မကြိုးစားချင်ကြဘူး'

ဦးထင်ကိုပြောသမျှကို ရင်ခွင်က ခေါင်းငုံ့ပြီး ခံပါသည်။

ဆောင်းညပြာသိစာပေ



သူ ဘယ်လောက်ပဲ ပြောပြော. . . ဘာတွေပဲ ပြောနေပါစေ. . ရွှက်ကြွေရဲ့မျက်နှာလေးကို မြင်ယောင်လိုက်ရင် သည်းခံစိတ်က ပေါ်နေပြီးသားပါ။

ဒါကြောင့်လည်း ဒီလိုလူရဲ့လက်အောက်မှာ သူ မြဲနေနိုင်တာပေါ့။

ဦးထင်ကိုမှာ ကုန်တင်ကားငါးစီး ပိုင်ပြီး ထိုကားတွေဖြင့် ရန်ကုန်သို့ ကုန်တွေ ပို့သည်။

'ဦးထင်. . ကျွန်တော် ကုန်တွေ သွားတင်လိုက်တော့မယ်'

ရင်ခွင်စကားအဆုံးမှာ ဦးထင်ရဲ့တပည့်ကျော်တွေ ရောက်လာလို့ ဦးထင်က သူ့ကို ထွက်သွားဆိုပြီး လက်ဖြင့် လုပ်ပြသည်။

ဦးထင်ရဲ့တပည့်တွေက လက်ရဲဇက်ရဲ လူမိုက်တွေဆိုတာ သူ သိသည်။ သူတို့ရဲ့မိုက်ချက်အလိုက်ကို ဦးထင်က ငွေတွေ ပုံပေးနေတာကိုး. .

ဘယ်လောက်အထိ မိုက်မလဲ။ ကျိုးတဲ့အထိလား. . ကွဲတဲ့အထိလား. . . အဲဒီအပေါ်မှာ လိုက်ပြီး ဦးထင်က တန်ကြေးဖြတ်သွားတာ။

ရင်ခွင်က ဂိုဒေါင် မသွားခင် သူတို့ရဲ့ပြောစကားတွေကို အသာလေး နားထောင်နေမိသည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးထင်အသံကို စပြီး ကြားရသည်။

'ရော့. . ဒီကောင်ပဲ'

ဓာတ်ပုံပြတာ ဖြစ်မည်။ ခဏကြာတော့ သူတပည့်တွေက

'ဆရာ. . ဘာဖြစ်စေချင်သလဲသာ ပြောလိုက်. . အားလုံး ပြီးစေရမယ်'

'ဒီတစ်ခေါက် ငါ သူ့ကိုရှင်းချင်တယ်၊ ထပ်ပြောမယ်. . ငါ သူ့မျက်နှာ မမြင်ချင်တော့ဘူး'

ရင်ခွင် လန့်ပြီး ကိုယ်ကို နောက်ဆုတ်လိုက်မိသည်။

ဒီလူကြီး ဒီလောက်တောင် ရက်စက်ရသလား။ အငြိုးတကြီးနိုင်လှချည်လား. .

သူတို့ကြံစည်နေတာ ဘယ်သူဘယ်ဝါမှန်း မသိပေမယ့်. . ဒီလောက်ထိ လုပ်ဖို့လိုလို့လား။ ကြောက်စရာကောင်းလိုက်တာ။

ဒီမှာ ဆက်နေဖို့ မသင့်တော့တာမို့ ဂိုဒေါင်ဘက်ကို ပြေးထွက်လာခဲ့မိသည်။

နားထဲမှာတော့ လူတစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ်တစ်ကောင်လို သဘောထားပြီး ရက်ရက်စက်စက်သတ်ခိုင်းနေတဲ့ အသံတွေက ပဲ့တင်ထပ်နေသည်။

စိတ်ထဲမှာ လေးလံနေမိသည်။ အလုပ်သမားတွေနဲ့အတူ





ကုန်ဝေ့ွထမ်းနေရပေမယ့် သူ့အာရုံတွေက အလုပ်ထဲမှာ မရှိတော့ပါ။

ကိုချစ်ထွေးက သူ့ကို သတိပေးသည်။

'ရင်ခွင်. . မင်း ဘာဖြစ်နေတာလဲ၊ သိတယ် မဟုတ်လား . . ထမင်းစားချိန်မတိုင်ခင် ဒါတွေ အပြီးတင်ရမှာကွ၊ သွက်သွက်ကလေးလုပ်. . ဘိုးတော် ထွက်လာရင် မင်း အဆဲခံနေရဦးမယ်'

ဖြစ်နိုင်ရင် ဒီလို စိတ်ထားယုတ်မာတဲ့လူရဲ့ လက်အောက်မှာ အလုပ် မလုပ်ချင်တော့။ ခက်နေတာကလည်း သူ ဒီက ထွက်မသွားနိုင်ခြင်းပင်။

ဆောင်းရွက်ကြွေနဲ့ဝေးရာမှာ သူမှ မနေနိုင်တာ။

နေက ပူသထက် ပူလာပြီ။ နေပူပူကြီးထဲမှာ ချွေးဒီးဒီး အကျခံပြီး ကုန်တွေ ထမ်းရသည်။

ခုချိန်ထိတော့ ရွက်ကြွေပြန်လာတာ သူ မတွေ့ရသေး။

အိမ်ကြီးပေါ်မှ ဒေါ်ဥမ္မာ ဆင်းလာပြီး လာမေးသည်။

'ဟဲ့. . နင်တို့ ငါ့သမီးကို တွေ့မိသေးလား'

အားလုံးက ဝိုင်းပြီး ခေါင်းခါကြသည်။ ဒေါ်ဥမ္မာက အားလုံးကို သိမ်းကျုံးပြီး ပြောသွားသည်။

'လူတွေ ဒီလောက်အများကြီးရှိတာ ရွက်ကြွေ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာတောင် မသိဘူးတဲ့. . အံ့ရော. . ဘယ်လိုလူတွေမှန်း မသိဘူး၊ မြန်မြန်သွက်သွက် လုပ်ကြနော်၊ ကားအထွက် နောက်ကျလို့ မဖြစ်ဘူး'

ပြောပြီး ထွက်သွားချိန်မှာတော့ အားလုံးက ဝိုင်းပြီး ပြောကြပြီပေါ့။

'သူ့သမီး ထွက်သွားတာ သူတောင် မသိဘဲနဲ့. . ငါတို့က ဘယ်လိုလုပ်ပြီး သိမှာလဲ'

'ဆိုးတာပဲကွာ. . လူကို ကျွဲလိုနွားလို ခိုင်းချင်နေတဲ့ အဘွားကြီး. . သူ လာထမ်းကြည့်ပါလား၊ အလကား. . ကိုယ်ချင်းစာတရားကို မရှိတာ'

'ဒီလိုအတ္တကြီးလို့လည်း ဒီလိုချမ်းသာနေတာပေါ့ကွာ'

ရင်ခွင်ကတော့ နှုတ်ဆိတ်နေမိသည်။ သူတို့ပြောတာတွေလည်း ဟုတ်နေတာပဲလေ. . ကိုအေးထွန်းက ရင်ဖွင့်လာသည်။

'ရင်ခွင်. ငါ ဟိုဘက်က ဝပ်ရှော့မှာ အဲဆင်ပြေရင် မင်းလာခဲ့မလား၊ မင်းအတွက် ငါပြောပေးမယ်လေ'

'အစ်ကို ဒီက ထွက်တော့မှာလား'

'အလုပ်ရှင်နဲ့အလုပ်သမား သံယောဇဉ်သာရှိရင် ဒီလိုတွေ ဘယ်ဖြစ်လာမလဲကွာ. . ငါလည်း မတတ်သာလို့သာ ထွက်ရမှာ. .





မင်း သိပါတယ်. . ဟိုတလောက ငါ့ကို သူ ဘယ်လိုဆဲသလဲဆိုတာ၊ ငါတို့က မရှိဆင်းရဲလို့ သူတို့လက်အောက်မှာ လာခိုရတာ. . ခွေးမသား ဆဲလိုဆဲ၊ သူတောင်းစားလို့ ဆဲလိုဆဲ. . အဲဒီအထိလည်း ငါခံနိုင်ပါသေးတယ်၊ ငါ့အမေကို ထိခိုက်ပြီး ဆဲတယ်ကွာ. . . . ငါ. . ငါ အရမ်းစိတ်မကောင်းဖြစ်ရတယ်. . ငါ့အမေက ဘုရားတရားနဲ့နေတဲ့ သူတော်ကောင်းမကြီးပါကွာ. . သူတို့ မပြစ်မှားသင့်ဘူး'

ကိုအေးထွန်းအသံက ငိုသံပင် ပါနေပြီ။ ဒီလိုပရမ်းပတာ ပြောပုံမျိုးတော့ သူလည်း စက်ဆုပ်တာပဲ။ သူသူငါငါ ကိုယ့်အမေကို ထိပါးပြီး ဆဲဆိုလာရင် ဘယ်ခံနိုင်ပါ့မလဲ။

'အစ်ကို သွားတာမှန်ပါတယ်လေ. . ကျွန်တော်တို့လည်း ဝဋ်ကြွေးပါလာလို့ ခံနေရတာပေါ့ဗျာ'

'အေး. . အခု အဲဒီဝဋ်ကြွေးကို ငါတို့ အဆုံးသတ်ရအောင်၊ မင်းကို ငါ့ညီလေးလိုချစ်လို့ တစ်ပါတည်းခေါ်သွားချင်တာ'

'ကျွန်တော် နားလည်ပါတယ်ဗျာ'

ကိုအေးထွန်းက ဘေးဘီဝဲယာကို ကြည့်ပြီး ထူးခြားချက်တစ်ခုကို ကပ်ပြီး ပြောလာသည်။

'သူတို့လုပ်နေတာ ဥပဒေနဲ့လွတ်တယ်လို့ မင်းထင်လား. .



www.burmeseclassic.com

www.burmeseclassic.com



ငါ့စိတ်ထင်တော့ ညဘက်မှာ လာတဲ့ပစ္စည်းတွေက ပုံမှန်မဟုတ်နိုင်ဘူး. . ဟိုဘက်ဂိုဒေါင်ကို အသေပိတ်ထားတာ မထူးဆန်းဘူးလား ရင်ခွင်'

ဒါတွေကို ရင်ခွင်လည်း တွေးမိပါသည်။ ခိုးကြောင်ခိုးဝှက်နဲ့ ခြံထဲမှာ ညဘက်ကြီး ကုန်အတင်အချလုပ်နေတာတွေဟာ ရိုးရိုးသားသားမှဟုတ်ရဲ့လား. .

မပြောကောင်းလို့သာ ရင်ထဲမှာ သိမ်းထားရတာ. . ဒီနေ့ကြားခဲ့တာတွေကတော့ ရက်စက်မှုရဲ့အဆုံးလို့. . ပြောရမည် ထင်သည်။

'မင်း လိုက်မယ်မဟုတ်လား'

ကိုအေးထွန်းက ထပ်မေးပြန်သည်။ သူ့နှုတ်ထွက်စကားတွေ ပျောက်ဆုံးနေခဲ့သည်။

'ကျွန်တော် ဆယ်တန်းဖြေပြီးတဲ့အထိတော့ ဒီမှာပဲ နေဦးမယ်'

သူ့စကားဆုံးတော့ ကိုအေးထွန်းက သူ့ကိုကြည့်ပြီး ခေါင်းရမ်းသည်။

'ငါသိပါတယ်ကွာ. . ရွှက်ကြွေကြောင့် မင်း ဒီက မခွာနိုင်တာ မဟုတ်လား. . မင်းကို ငါတစ်ခုတော့ ပြောခဲ့ချင်တယ် ရင်ခွင်၊





ရှေ့ဆက်သွားလို့မရတဲ့လမ်းမှာ မင်း ဒီလိုပဲ အပိတ်ခံပြီး နေမလို့လား. . . မြန်မြန် နောက်ပြန်ဆုတ်ပါကွာ. . . ငါ စေတနာနဲ့ ပြောတာ'

'ကျေးဇူးတင်ပါတယ် ကိုအေးထွန်း'

သူတို့နှစ်ယောက် စကားပြောနေတာကို ဦးထင် မြင်သွားပြီး လှမ်းအော်ဆဲသည်။

'ခွေးမသားတွေ. . . အချောင်ခိုနေကြတယ်. . အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ကြစမ်း. . မင်းတို့ကို ဘယ်သူမှ အလကားခိုင်းနေတာ မဟုတ်ဘူး၊ 'တန်ရာတန်ကြေးပေးထားရတာ'

ပြန်ယူနေတဲ့ လုပ်အားက မတန်တဆဆိုတာ. . သူတို့လို အတ္တကြီးတဲ့သူတွေ ဘယ်သိမှာလဲလေ။

ရင်ခွင်တို့ နားရတဲ့အချိန်က မွန်းလွဲ တစ်နာရီခွဲနေပြီ။ အားလုံးခြေကုန်လက်ပန်းကျပြီး မောပန်းနေကြပြီ။

ရင်ခွင်ကတော့ အမောဖြေရင်း ရွှက်ကြွေ ပြန်အလာကို မျှော်နေမိသည်။

ဘာလို့ ခုချိန်ထိ ပြန်မလာသေးတာလဲ. .

အလုပ်သမားတွေအားလုံး ထမင်းချိုင့်တွေ၊ ဘူးတွေ ထုတ်ပြီး ဝိုင်းဖွဲ့စားဖို့ ပြင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစားတာမျိုးကိုလည်း ဦးထင် ဆိုတဲ့ သူဌေးက လုံးဝ ကြိုက်တာမဟုတ်။

သူတို့လို ဆီဦးထောပတ်နဲ့စားနိုင်တာမဟုတ်တဲ့ အလုပ်သမားတွေခမျာမှာတော့. . . သူ့ဟင်း ကိုယ့်ဟင်း ရှိတာလေးတွေ ဖလှယ်ပြီးစားနေရတာ မဟုတ်လား။

'ရင်ခွင်. . မင်း လာမစားသေးဘူးလား'

'လာပြီ'

'ဖွင့်ပါဦးကွ. . မင်း ထမင်းဘူးထဲမှာ ဘာဟင်းပါလဲ'

'ငါးဘတ်ငါးပိကောင်ကို ငရုတ်ပွနဲ့ချက်ထားတယ်ဗျ'

'ဟာ. . ကြည့်ရတာ စားကောင်းမယ့်ပုံပဲ၊ ငါ တွယ်ပြီနော်'

ကိုချစ်ထွေးက သူ့ဟင်းတစ်ဖတ်ယူစားပြီး လျှာရင်းမျက်သွားပုံရသည်။

'ကောင်းတယ်ကွ. . . ငန်ငန်ဆိမ့်ဆိမ့်ကလေး။ ငရုတ်ပွနဲ့တော့ အတော်လိုက်တာပဲ'

'အေး. . စား. . စား. . များများစား။ ဒီညတော့ မင်း နို့ထွက်ကောင်းဦးမှာပဲ'

'မိုက်ရိုင်းတယ် ကြည့်စမ်း. . ကျုပ်မှာ ဘယ်လိုလုပ်ပြီး နို့ထွက်မှာလဲ'





'မသိဘူးလေကွာ. . ငါ့ကြီးဒေါ်က ခဏ ခဏပြောလို့ မီးနေသည်တွေ နို့မထွက်ရင် ငါးပိကောင် ချက်ကျွေးပြီး ရေများများ သောက်ရတယ်တဲ့'

သူတို့နှစ်ယောက်ပြောနေတာတွေကို ဝိုင်းဟားကြသည်။

'ပေါက်ပေါက်ရှာရှာဗျာ၊ ခင်ဗျားတို့ကလဲ'

'ရင်ခွင်၊ ရော့. . ငါးပိထောင်းစားကြည့်၊ ငါ့မိန်းမက ဟင်းအချက်သာ 'မကျွမ်းတာ ငါးပိထောင်းတော့ ကောင်းမှကောင်းပဲ'

အားလုံး ဝိုင်းရယ်ကြပြန်သည်။

'အရေးထဲ သူ့မိန်းမကောင်းကွက်လေးတွေကြည့်ပြီး ကြော်ငြာဝင်နေပြန်ပြီ'

'သူပဲလား. . ငါဆို သွားတောင် မကျိုးဘူး. . တွေ့လား'

သန့်ဇင်စကားက အထူးအဆန်းမို့ ဝိုင်းမေးကြသည်။

'ဘာဆိုင်လို့လဲဗျ'

'ဟ. . နေ့တိုင်း မိန်းမကို ရှိခိုးပြီးမှ အိပ်တာကိုး၊ ဒါကြောင့် သွားမကျိုးတာ'

ကိုအေးထွန်းက သန့်ဇင်ကို ထဆဲသည်။

'တော်တော် ကျွေးရမွေးရကျိုးနပ်တဲ့ သား၊ မျက်နှာကိုက ဖနောင့်နဲ့ပေါက်ချင်စရာ'



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ထွေးက မိန်းမအသံဖြင့်

'သားလေး၊ ရွှေသွေး၊ မအေပေးရဲ့ အမေ ဝမ်းရေစပ်လိုက်တာကွယ်'

'ဟား. . ဟား. . ဟား. . ဟား'

'တိုးတိုးရယ်(ရီ)ကြပါဗျာ. . ဟိုဘိုးတော်ကြီး ကြားသွားရင် ကျိုင်တက်ဦးမယ်'

'ဒီလိုလူမျိုးကို မင်းမို့ ယောက္ခမတော်ချင်တယ် ဖိုးရင်ခွင်ရယ်. . '

လုပ်ဖော်ကိုင်ဖက်တွေကတော့ ရင်ခွင်ဘက်က နာပြီးပြောနေကြပေမယ့် ကာယကံရှင်ကတော့ ခြံဝိုင်းအပြင်ဘက်ကိုသာ မျှော်နေဆဲ။

သူမျှော်နေတဲ့တစ်ယောက်သောသူက ခုချိန်ထိ ပြန်မလာသေးတော့ နေရတာ မရိုးမရွဖြစ်လာသည်။

ဆရာတော်ကျောင်းမှာ သွားပြန်ကြည့်ဖို့ ဆုံးဖြတ်ပြီး ရင်ခွင်က ကိုအေးထွန်းကို မှာသည်။

'ကျွန်တော် အိမ်ခဏပြန်ချင်လို့ သူဌေးမေးရင် ကြည့်ပြောပေးပါဗျာ'

'မြန်မြန်သွားပြီး မြန်မြန်ပြန်လာဦး'

ဆောင်းညပြာသိစာပေ



'သွားပြီဗျာ'

အပြေးထွက်သွားသော ရင်ခွင်ကို ကြည့်ပြီး ကိုအေးထွန်းက မှတ်ချက်ချသည်။

'သူ့အစား ငါရင်မောပါတယ်ကွာ၊ ရွှေနန်းထက်က အရုပ်ကို သူလိုချင်နေတာ. . ဘယ်လိုမှ မဖြစ်နိုင်တာကို ရပ်ပစ်လိုက်ဖို့ကောင်းတယ်'

ကိုချစ်ထွေးက ပြန်ပြီး ချေပသည်။

'လောကမှာ မဖြစ်နိုင်တာ ဘာမှမရှိဘူး အေးထွန်းရေ. . မဖြစ်သေးတာပဲ ရှိတယ်. . ကောင်မလေးက ဘုရင့်သမီး မဟုတ်သလို ရင်ခွင်ကလည်း သူတောင်းစားမဟုတ်ဘူးကွ၊ ရာဇဝင်ထဲမှာဆို ဘုရင့်သမီးနဲ့ သူတောင်းစားတောင် ဖူးစာပါရင် ညားကြသေးတာပဲ'

ဦးထင်ရဲ့အသံကျယ်ကျယ်ကြီးက သူတို့အနီးသို့ရောက်လာသည်။

'ရင်ခွင် ဘယ်သွားနေလဲ'

'သူ့အမေဆီ ခဏပြန်သွားပါတယ်'

'အေး. . သူလာရင် ပြောလိုက်၊ ဒီည ပစ္စည်းတွေ ရောက်ဖို့ရှိတယ်. . စောင့်နေပေးဦးလို့'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးထင် ပြန်ထွက်သွားတော့ သူတို့ရင်ထဲရှိတာတွေကို ပွင့်ပွင့်လင်းလင်းပြောဆိုဖြစ်ကြသည်။

'သူက ဘာသဘောလဲကွ. . ညဘက်တွေဆို ရင်ခွင်ကိုပဲ ခေါ်တယ်'

'သူ့ခြံထဲက ကြက်ကိုး။ ငယ်မွေးခြံပေါက်လို ဖြစ်နေတော့ ပိုပြီး စိတ်ချလို့ဖြစ်မှာပေါ့'

'ကောင်လေးက ရိုးရိုးသားသားလေး၊ အမေကို လုပ်ကျွေးနေရှာတာ. . သူ့ အသုံးချခံရမှာကို ငါက စိုးရိမ်နေတာကွ'

'ကံ စီမံရာပေါ့ကွာ. . ဘယ်တတ်နိုင်ပါ့မလဲ'

♦



(၃)

ကျောင်းဝင်းအနှံ့ လိုက်ရှာသော်လည်း ရွှက်ကြွေရဲ့အရိပ်အယောင်တောင် မတွေ့ရသောအခါ သူ ရင်မောလာသည်။

အမေလည်း အိမ်ပြန်ပြီး တရေးတမောအိပ်နေလောက်ပြီ။

အမေနဲ့များ လိုက်သွားသလား. . .

သူ့အိမ်မှာ ဘာတွေများ စိတ်ညစ်စရာရှိနေလို့လဲ။

ရင်ခွင်က အိမ်မှာ သွားရှာဖို့ ဆုံးဖြတ်ပြီး ကျောင်းဝင်းထဲမှပြန်ထွက်လာခဲ့သည်။

ရင်ခွင်တို့အိမ်က သွပ်မိုးပျဉ်ထောင်အိမ်လေး ဖြစ်ပြီး ခြံဝိုင်းလေးထဲမှာတော့ အရိပ်ရအပင်တွေဖြစ်တဲ့ မန်ကျည်းပင်၊ ကုက္ကိုပင်၊ တမာပင်တွေကို အဘိုးလက်ထက်ကတည်းက စိုက်ခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမှာ တိတ်ဆိတ်နေပုံထောက်တော့ အမေ အိပ်နေပြီထင်သည်။

ဒီအိမ်မှာက သားအမိနှစ်ယောက်တည်း နေတာဆိုတော့ လူနည်းသလို ပကာသနနည်းသည်။ ကိစ္စနည်းသည်။ အဖေ ချန်ထားခဲ့တဲ့ ဒီအိမ်လေးမှာ ကျောချလို့ရပြီ ဆိုတော့ အမေ့အတွက် စားစရိတ်လေးရအောင် ရှာပြီး ကျွေးဖူးဆပ်ဖို့က သူ့တာဝန်ပဲ။

ဒါကြောင့်ပဲ ကျောင်းအားလပ်ရက်တွေမှာ ဦးထင်ကိုဆီမှာ အလုပ်ဝင်ပြီး စားဝတ်နေရေးကို ဖြေရှင်းရသည်။

မနက်ဆို ရင်ခွင်က စောစောထပြီး မီးမွှေးကာ ထမင်းတစ်အိုးတည်သည်။ ပြီးရင် ရေနွေးတစ်အိုး ထပ်ပြီး တည်သည်။ အမေနိုးလာတဲ့အချိန်ဆို ဘုရားဆွမ်းကပ်ဖို့ အဆင်သင့်ဖြစ်နေပြီ။

ရင်ခွင်က ရေနွေးတွေကို ဓာတ်ဘူးထဲမှာဖြည့်ပြီး ညက ထမင်းကြမ်းတွေကို ထမင်းကြော် ကြော်သည်။

အမေ ဘုရားရှိခိုးပြီးချိန်မှာတော့ သားအမိ နှစ်ယောက် မနက်စာ အတူစားကြသည်။

ပြီးတော့မှ အမေက ဈေးသွားသလို သူလည်း ကျောင်းကို သွားသည်။ အမေ ဈေးကအပြန်မှာ ဟင်းတစ်ခွက် ချက်ပြီး သားကျောင်းကအပြန်ကို စောင့်မည်။

ဆောင်းညပြာသိစာပေ



ရင်ခွင်က သားလိမ္မာလို့ သူ့ကိုယ်သူ မသတ်မှတ်ပေမယ့် အများကတော့ သူ့ကို ဒီလိုပဲ မြင်ကြပါသည်။ သူက အမေနဲ့ပတ်သက်လာရင် အမေ့ကို ပင်ပင်ပန်းပန်း ဘာတစ်ခုမှလုပ်စေချင်သူ မဟုတ်။

ယုတ်စွအဆုံး အမေ့ထဘီကအစ သူကိုယ်တိုင်လျှော်ပေးသည်။ ဒါကြောင့်လည်း ဒေါ်ခင်တို့က ဘုရားအလုပ်၊ တရားအလုပ်ကို စိတ်ဖြောင့်ဖြောင့်နဲ့လုပ်နိုင်တာပေါ့။

အမေ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတာ တွေ့တော့. . အသာလေး ခြေဖွနင်းကာ ပြန်ထွက်လာခဲ့သည်။

ရွှက်ကြွေ ဘယ်သွားနိုင်သလဲဆိုတာ အပြေးအလွှား စဉ်းစားပြီး အဖြေရှာရသည်။

လယ်ကွင်းပြင်က ထုံးဖြူစေတီလေး. . .

ဟုတ်တယ်. . အဲဒီမှာ ရှိနိုင်တယ်။

တစ်ခါက ရွှက်ကြွေ ပြောခဲ့ဖူးသည်။

အဲဒီစေတီလေးကိုရောက်ရင် သူ့စိတ်တွေ အေးချမ်းတယ်တဲ့. .

အချိန်သိပ်မရတော့ ရင်ခွင်က စက်ဘီးလေးထုတ်ပြီး ထုံးဖြူစေတီလေးဆီ နင်းလာခဲ့သည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်ရှည်နဲ့ကောင်မလေးတစ်ယောက် ထုံးဖြူစေတီလေးရှေ့မှာ တရားထိုင်နေတာ တွေ့ရသည်။

ဒါဟာ ဆောင်းရွက်ကြွေပဲ ဆိုတာ သူ အတပ်သိလိုက်သည်။

စက်ဘီးကို ဒေါက်ထောက်ကာ ရွက်ကြွေနံဘေးမှာ ညင်ညင်သာသာ ဝင်ထိုင်လိုက်ပြီး ဘုရားကို ဦးသုံးကြိမ်ချကာ ကန်တော့သည်။ ရွက်ကြွေက တရားဖြုတ်ပြီးချိန်တွင် သူ့ကိုမြင်တော့ အံ့သြသွားပုံရသည်။

'ရင်ခွင်. . ငါ ဒီမှာရှိမှန်း နင်ဘယ်လိုလုပ်ပြီး သိတာလဲ'

ရင်ခွင်က တစ်ချက်ပြုံးလိုက်ပြီး သူ့ရင်ဘတ်ကို လက်နှင့်ပုတ်ပြကာ -

'ဒီထဲက သိတယ်. . ဦးနှောက်ကို အချက်ပေးလိုက်တော့ ဒီရောက်လာတာပေါ့'

'အိမ်က လိုက်ရှာခိုင်းလို့လား'

'မဟုတ်ဘူး. . နင် ဒီအချိန်ထိ ပြန်မလာတော့ ငါစိတ်ပူလို့ ထမင်းတောင် ကောင်းကောင်းမစားနိုင်ဘူး'

ရွက်ကြွေက ရင်ခွင်ကိုကြည့်ပြီး ရယ်(ရီ)သည်။

'နင်ကလဲဟယ်. . ငါ ကလေးမှမဟုတ်တာ'





'ကလေးမဟုတ်လို့ ပိုပူရတာပေါ့၊ နင် ဘယ်လောက်လှလဲဆိုတာ သိရဲ့လား ရွက်ကြွေ. . မျက်လုံးပါတဲ့လူတိုင်း သိကြတယ်၊ အဲဒီအလှက နင့်အတွက် အန္တရာယ်ဖြစ်လာမှာရော သတိထားမိရဲ့လား. . ငါ အသက်ရှင်နေသရွေ့၊ ဒီလောကကြီးထဲမှာ ရှိနေသရွေ့ နင့်ကို ကာကွယ်ပေးမယ်. . စောင့်ရှောက်ပေးမယ်. . ကုန်ကုန်ပြောမယ်ဟာ. . နင့်အတွက်ဆို ငါ့ဘဝကို စတေးဖို့ အသင့်ရှိသလို. . ငါ့ခန္ဓာကို တံတားထိုးဖို့လည်း ဝန်မလေးဘူး ရွက်ကြွေ'

ရွက်ကြွေမျက်နှာလေး ညှိုးသွားသည်။ သူမက ဟိုးအဝေးတစ်နေရာကို ငေးမျှော်ကြည့်ပြီး

'နင့်သံယောဇဉ်တွေ ငါနားလည်ပါတယ် ရင်ခွင်ရယ်. . . နင်က ငါ့ဘဝမှာ. . အကောင်းဆုံးသူငယ်ချင်း ဆိုတာလည်း သိပါတယ်. . ဒါပေမယ့် နင့်ကို အဖေ နှိပ်စက်တာ၊ အနိုင်ကျင့်တာတော့ ငါ မခံစားနိုင်ဘူး၊ အဲဒါ နင်သိလား'

ရွက်ကြွေရဲ့ရင်ထဲက သံယောဇဉ်တွေကိုသိရလို့ သူပျော်ပါသည်။ ဖွင့်မပြောပေမယ့်. . သူတို့နှစ်ဦးစလုံး နားလည်နေတာပဲလေ. . .

'နင် ဗိုက်မဆာဘူးလား ရွက်ကြွေ. . ထမင်းမစားရသေးဘူး မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'မဆာပါဘူးဟယ်. . မနက်တုန်းက အုန်းနို့ခေါက်ဆွဲတွေစားပြီး ရင်ပြည့်နေလို့'

'အစားကို အချိန်မှန်မှန်စားမှပေါ့ ရွှက်ကြွေ. . အစာအိမ်ရောဂါဖြစ်ရင် ဘယ်လိုလုပ်မလဲ. . ဒီနှစ် ဆယ်တန်းဖြေနိုင်ဖို့က စာရတာ မရတာထက် ကျန်းမာနေဖို့က အရေးကြီးတယ်လေ'

'ရင်ခွင်'

'ပြောလေ'

'ငါ့မိဘတွေနဲ့ငါက ဘာလို့ သဟဇာတမဖြစ်ရတာလဲဟင်၊ သူတို့က ဘာဖြစ်လို့ အတ္တတွေ ကြီးရတာလဲ. . တစ်နေ့ တစ်နေ့ သူတို့ကိုကြည့်ရတာ အရမ်းပူလောင်တာပဲဟာ'

ရွှက်ကြွေကို သူ ဘယ်လိုနှစ်သိမ့်ပေးရမှာလဲ. .

'နင် ဒါတွေ တွေးနေရင် နင်ပဲ ပင်ပန်းရမှာပေါ့ ရွှက်ကြွေရယ်. . ငါတို့မှာ မိဘကို ရွေးချယ်ခွင့်မရှိဘူးလေ. . ပျော်ပျော်နေပါဟာ. . ငါတို့ ဒီနှစ် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်အောင်ပဲ ကြိုးစားကြတာပေါ့'

'ဒါဆို ငါ တစ်ခုမေးမယ် ရင်ခွင်၊ ဥပမာဟာ. . ငါ ဆယ်တန်းအောင်လို့ တက္ကသိုလ်ဆက်တက်ရင်. . နင် လိုက်တက်မှာလားဟင်'





ဒီမေးခွန်းအတွက် သူ့မှာ အဖြေမရှိသလို. . ရင်ထဲမှာ. . တကယ်နင့်ပါသည်။

'နင် မဖြေနိုင်ဘူး မဟုတ်လား. . နင်ပြောတော့. . ငါ့ကို တစ်သက်လုံး စောင့်ရှောက်မှာဆို. . နင် မပါဘဲနဲ့ ငါ တက္ကသိုလ်ဆက်မတက်ချင်ဘူး၊ အဲဒါကြောင့် ဆယ်တန်းလည်း မအောင်ချင်ဘူး. . ရှင်းပြီလား'

သူတို့နှစ်ယောက်က ကျောင်းနေနောက်ကျတာချင်းလည်း တူသည်။

ရင်ခွင်သည် ရွှက်ကြွေမျက်နှာလေးကိုငေးကြည့်ပြီး ရင်ထဲမှာ စကားတွေပြောနေမိသည်။ နင် ဒီလိုစကားတွေမပြောပါနဲ့ရွှက်ကြွေရယ်၊ ငါ ခံစားရလွန်းလို့ ဒီည အိပ်ပျော်မှာမဟုတ်တော့ဘူး။

'ဒါဆို ငါတို့ အဝေးသင်ပဲ လျှောက်ကြတာပေါ့ဟာ၊ ဆယ်တန်းတော့ အောင်မှဖြစ်မယ် ရွှက်ကြွေ. . ငါ့ဘဝအတွက် အခုချိန်က အရမ်းကို အရေးကြီးနေပြီ၊ ငါ့မှာ မျှော်လင့်ချက်တွေ၊ ရည်မှန်းချက်တွေ အများကြီးရှိသေးတယ်. . ငါ ကြိုးစားရဦးမယ် ရွှက်ကြွေ'

သူ ဘယ်သူ့အတွက် ကြိုးစားချင်တယ်ဆိုတာ ရွှက်ကြွေ ကောင်းကောင်းသိတာပေါ့. .

'နင်က ပင်ပင်ပန်းပန်း ကုန်တွေထမ်းပြီးမှ စာကျက်ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



ငါက အရိပ်ထဲမှာ နားနားနေနေ နေပြီး စာကျက်ရတဲ့သူ၊ ဒါနဲ့များ နင်က ငါ့ကို ပြန်ပြီး စိတ်ပူနေရသေးတယ်နော်'

'အခု တရားထိုင်လိုက်တော့ ရင်ထဲမှာ ပေါ့သွားပြီ မဟုတ်လား. . ငါနဲ့ ပြန်လိုက်ခဲ့နော်. . နင်တို့အိမ် မရောက်ခင်အထိတော့ ငါ့စက်ဘီးနဲ့လိုက်ခဲ့လို့ရပါတယ်'

ရွှက်ကြွေမျက်နှာလေး ဝင်းပသွားသည်။ ဒီကောင်လေးက သူမအတွက် ဘာမဆိုစွန့်လွှတ်ရဲတဲ့သူလေ. .

အညာလေက မအေးမြပေမယ့် အမောတော့ ပြေစေပါသည်။

ရွှက်ကြွေက စက်ဘီးဘားတန်းပေါ်မှာ ထိုင်ပြီး ရင်ခွင်ရဲ့ မျက်နှာလေးကို မော့ကြည့်ကာ

'နင်မှတ်မိသေးလား ရင်ခွင်. . ငယ်ငယ်တုန်းက ငါ့လက်ချက်နဲ့ အဖေ့ဂမုန်းပင်ပန်းအိုးကြီး ကွဲသွားတာလေ'

'မှတ်မိတယ်လေ'

'အဲဒီတုန်းက နင်က နင်လုပ်တယ် ဆိုပြီး ဝင်ပြောလို့. . အရိုက်ခံရတာ ဒဏ်ရာတွေမှ အများကြီးပဲ'

ပြောနေတဲ့ သူမမျက်ဝန်းမှာ မျက်ရည်လေးတွေ ဝဲနေပြီမို့

'ဘာလဲ ဒါတွေပြန်တွေးပြီး နင် ဝမ်းနည်းနေပြန်ပြီလား'





'ဝမ်းနည်းတာပေါ့ဟ. . မေခင် မေးတော့ နင် လိမ်ပြောတယ်လေ. . ချော်လဲတာဆိုပြီးတော့. . .'

ဘဝ. . ဘဝက ရေစက်တွေကြောင့် သူတို့နှစ်ယောက်မှာ ငယ်ငယ်ကလေးဘဝကတည်းက သူမတူအောင် သံယောဇဉ်ကြီးခဲ့ကြသည်။

ကျောင်းလာတိုင်း ရွှက်ကြွေက မုန့်တွေပိုယူလာပြီး ရင်ခွင်ကို ကျွေးလေ့ရှိသည်။

'ရွှက်ကြွေ'

'ဟင်. . .'

'ဒီအတိုင်း ငြိမ်ငြိမ်လေး နေပေးပါလား၊ အိမ်ရောက်တော့မယ်. . ငါ့ရင်ခွင်ထဲမှာ နင်ရှိနေတာ ငါပျော်လွန်းလို့ပါဟာ'

ရွှက်ကြွေရဲ့ဆံနွယ်လေးတွေက လေထဲမှာလွင့်ပြီး သူ့မျက်နှာအနံ့ကို ကျီစယ်နေသည်။ သူမ မသိအောင် ဆံနွယ်လေးတွေခိုးနမ်းမိတာ သူ့မှာ အပြစ်ရှိလား။

ငါလည်း နင့်ရင်ခွင်ထဲမှာနေရတာ လုံခြုံပါတယ် ရင်ခွင်ရယ်. .

♦



www.burmeseclassic.com

www.burmeseclassic.com

## (၅)

'နင် အရင်သွားမလား၊ ငါ အရင်သွားရမလား ရွှက်ကြွေ . . တို့နှစ်ယောက် အတူသွားလို့တော့ မဖြစ်ဘူးထင်တယ် . . နင်ပဲ အရင်သွားလိုက်နော် . . ခဏနေမှ ငါလိုက်ခဲ့မယ်'

'ဒါဆို ငါသွားပြီနော်'

နှုတ်ဆက်ပြီး ပြန်ပြန်လှည့်ကြည့်နေတဲ့ မျက်ဝန်းအကြည့်တွေမှာ သံယောဇဉ်တွေ ပါနေတာ သူသိပါသည်။

* ဒီတစ်သက် နီးစပ်ဖို့ မလွယ်ဘူးဆိုတာ သိနေရက်နဲ့ *

* နှလုံးသားလွန်ဆွဲပွဲမှာ *

* ကွယ်ရာမှာ အဖြေရှာကြည့်တော့ *

* ဖြစ်ချင်တာက ချစ်ချင်တာပဲပေါ့ *

* အားလုံးက ပြောကြတဲ့စကားက *





* ဖြစ်သင့်တာဟာ မေ့ပစ်ဖို့ပဲတဲ့ *

* နင့်ကို မေ့ပစ်ဖို့ဆိုတာက ငါသေမှဖြစ်မှာပါ။ *

ရွှက်ကြွေ ဝင်သွားပြီး အတန်ကြာတော့မှ ရင်ခွင်က အိမ်ရဲ့ နံဘေးက ပွဲရုံထဲကို ဝင်လာသည်။

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလိုပင် ဦးထင်က မျက်နှာထားတင်းတင်းဖြင့် ဆီးကြိုပြီး ဟောက်သည်။

'အပြင်သွားမယ်ဆိုရင် ငါ့ဆီမှာ ခွင့်တောင်းရမှာ မသိဘူးလား'

ရင်ခွင်က လက်နှစ်ဖက်ကို အနောက်မှာပစ်ထားပြီး ခေါင်းငုံ့ကာ ရပ်နေသည်။

'ဟေ့ကောင် . . ပြောနေတာ မကြားဘူးလား'

'ကြား . . ကြားပါတယ် ခင်ဗျ၊ အမေ နေသိပ်မကောင်းလို့ ခဏ ပြန်သွားကြည့်တာပါ'

'ဒီည မင်း အိုဗာတိုင်ဆင်းရမယ်နော် . . '

'ဟုတ်ကဲ့'

'သွား . . မင်းလက်တွေ စင်အောင်ဆေးခဲ့၊ ငါ့ခြေထောက်တွေ ဆေးလိမ်းပြီး လာနှိပ်ပေး'

ကြောတာ ရင့်တာလို့ သဘောမထားဘဲ ရင်ခွင်က စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှင်းအောင် ထားလိုက်သည်။ ကိုယ့်မိဘအရွယ်ပဲ. . ပြုစုပေးရတာ ကုသိုလ်ရပါတယ်လေ. .

ရင်ခွင်က စေတနာနဲ့နှိပ်ပေးပေမယ့် ဦးထင်ကတော့ ပြုံးစူမြဲ။ ဘယ်တော့မှလည်း အကောင်းမြင်လာမှာ မဟုတ်ပေ။

သူ့အဆဲအဆိုကိုခံပြီး သူ့ဝတ်ကြီးဝတ်ငယ်တွေ ပြုစုပေးနေရတဲ့ ရင်ခွင်။

ရေချိုးပြီး ထမင်းစားမလို့ အောက်ထပ် ဆင်းလာသော ရွက်ကြွေက အိမ်နံဘေးက ပွဲရုံဆီ လှမ်းကြည့်မိရင်ပဲ မြင်ရတဲ့မြင်ကွင်းကြောင့် ရင်ထဲတွင် နာကျင်သွားရသည်။

ဆက်ပြီး ကြားလိုက်ရတဲ့ စကားက ပိုပြီး ဆိုးရွားပါသည်။ အဖေက ရင်ခွင်ကို ခြေထောက်နဲ့လှမ်းကန်လိုက်ပြီး

'ခွေးမသား. . ဘယ်လိုနှိပ်နေမှန်းကို မသိဘူး၊ ောက်သုံးမကျတဲ့ကောင်. . ထိအောင် နှိပ်စမ်း၊ မင်းတို့ ထမင်းကျတော့ စားတတ်တယ်၊ ဒါမျိုးကျ အဖြစ်မရှိဘူး၊ ငါ ဆွဲထိုးလိုက်ရ. . သေတော့မယ်'

ရွက်ကြွေ ဆက်ပြီး သည်းမခံနိုင်တော့။ အဲဒီအိမ်ဘက်ကို ကူးသွားပြီး

'အဖေ. . သူများသားသမီးကို ပါးစပ်နဲ့ပြောရင် တော်ပြီ





ပေါ့. . ကိုယ်ထိလက်ရောက်တော့ မလုပ်သင့်ပါဘူး. . သားသမီးချင်း ကိုယ်ချင်းစာပါ အဖေ'

ရွက်ကြွေရဲ့ခပ်ဆတ်ဆတ်အပြောက ဦးထင်ကို ဒေါသအိုးပေါက်ကွဲစေသည်။

'လာစမ်း. . ညည်း ငါ့ရှေ့မှာ ရပ်စမ်း၊ ပြောပါဦး. . ပြန်ပြောစမ်းပါဦး. . ခုနက လေသံနဲ့မျက်နှာပေးအတိုင်းလေ. . ငါ့ကိုစိန်ခေါ်တာလား ရွက်ကြွေ'

ဦးထင်က ဝုန်းဆို ထိုင်ရာမှထရပ်လိုက်တာနဲ့ ရင်ခွင်က ဦးထင်လက်ကို ဖမ်းဆွဲထားလိုက်သည်။

ရွက်ကြွေ အရိုက်ခံရတော့မှာ သူသိနေသည်။

'ကျွန်တော့်အတွက်နဲ့ သားအဖချင်း စကားမများကြပါနဲ့ဗျာ. . တောင်းပန်ပါတယ်. . ရွက်ကြွေ နင်လည်း သွားတော့'

ဦးထင်က ဒေါသတကြီးဖြင့် နီးရာလူကို လှမ်းမာန်သလိုလက်ကလည်း မြန်သည်။

'ငါ့သမီး ငါဆုံးမတာ မင်း ဝင်ပါစရာမလိုဘူး'

ပြောပြီး ရင်ခွင်ရဲ့ မျက်နှာကို နှစ်ချက်ဆင့်ကာ ဆွဲထိုးသည်။

ရင်ခွင်နှုတ်ခမ်းမှာ သွေးတွေ စို့ပြီး ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြင်ကွင်းကို ရွက်ကြွေ ဆက်ပြီး မကြည့်ရက်သဖြင့် ငိုပြီး ထွက်ပြေးသွားသည်။

အဖေ သိပ်ရက်စက်တာပဲ. .

ဘာဖြစ်လို့ သူ့ကို နာကျင်အောင် လုပ်ရတာလဲ. . ။ မရှိလို့ ဆင်းရဲလို့ ကိုယ့်ဆီမှာ လာပြီး မှီခိုနေရတဲ့သူကို လုပ်ရက်တယ် အဖေရယ်. .

ရွက်ကြွေ တစ်နေကုန် ထမင်းမစားတော့ဘဲ အခန်းတံခါးပိတ်ပြီး အိပ်နေလိုက်သည်။

♦



# (၅)

ညဘက်မှာ ရောက်လာတဲ့ ကုန်ကားက တစ်စီးတည်း။

အတင်အချလုပ်မယ့်သူကလည်း သူနဲ့မှ သုံးယောက်တည်းသာ. . .

ကိုအေးထွန်း ပြောတဲ့စကားတွေ သူ့နားထဲမှာ ပြန်ကြားယောင်နေသည်။ ဥပဒေနဲ့လွတ်မှလွတ်ကင်းရဲ့လား။

ထားတဲ့ ဂိုဒေါင်ကလည်း သီးသန့်ဖြစ်သလို ဒီပစ္စည်းတွေကို ရန်ကုန်နဲ့မန္တလေးဘက်ပို့တဲ့ ကားတွေပေါ်မှာလည်း မတွေ့ရ။

ဒါဖြင့် ဂိုဒေါင်ထဲမှာ ရှိသလား ဆိုတော့လည်း ပစ္စည်းရောက်လို့ သွားထားတဲ့အခါ အရင်က ပစ္စည်းတွေကို မတွေ့ရပြန်။ စဉ်းစားစရာတော့ ဖြစ်လို့နေသည်။

ဖြစ်ချင်ရာဖြစ်ဆိုပြီး ဖွင့်ကြည့်လိုက်ချင်ပေမယ့် ဦးထင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ အလွတ်မပေး။ ကားနားမှာ ရပ်ပြီး တစ်ချိန်လုံး မျက်လုံးဒေါက်ထောက်ကာ ကြည့်နေသည်။

အပေါ်ထပ်ပြတင်းပေါက်မှ ထိုမြင်ကွင်းကို ရွက်ကြွေ အစအဆုံး မြင်နေရသည်။

ဒီအချိန်ထိ ရင်ခွင် ထမင်းစားရဦးမှာ မဟုတ်မှန်းလည်း သူမ သိသည်။

သည်းခံနိုင်လှချည်လား ရင်ခွင်ရယ်. . အိမ်အပြန် မိုးချုပ်မှာ စာဘယ်လိုလုပ်ပြီး ကျက်နိုင်မှာလဲ။

ရွက်ကြွေက ချောက်ဘက်မှအမျိုးတွေ ပို့ပေးလိုက်သော ပဲချောင်းနှင့်လက်ဖက်အကြော်စုံတွေ၊ ဆီးယိုတွေကို အိတ်တစ်လုံးထဲ ထိုးထည့်ပြီး ကုန်တင်ကားကို အကာအကွယ်ယူကာ အိမ်ထဲမှ ထွက်လာခဲ့သည်။

သိပ်မကြာမီအချိန်မှာတော့ ရင်ခွင် ထိုလမ်းမှ ကျိန်းသေပြန်လာပါလိမ့်မည်။

ဘုန်းကြီးကျောင်းမှ အုန်းမောင်းခေါက်သံ ကိုးချက်ကို ကြားရသည်။

မိုးချုပ်လှပြီပဲ ရင်ခွင်ရယ်. . နင်ဗိုက်ဆာလှရောပေါ့။

လက်ကလေးနှစ်ဖက်ကို စေ့နေအောင် ပိုက်ထားရင်း. .





ရင်ခွင်အလာကို စောင့်မျှော်နေမိသည်။ ရင်ခွင်က သူ့စက်ဘီးလေးကို မှန်မှန်လေးနင်းရင်း ထွက်လာနေသည်။

'ရင်ခွင်'

မမျှော်လင့်ဘဲ သူမအသံ ကြားလိုက်လို့ ရင်ခွင်က အံ့သြသွားပြီး စက်ဘီးပေါ်မှဆင်းလာသည်။

ပြီးတော့ စိုးရိမ်စိတ်တွေ တစ်ထွေးကြီးနဲ့ ထုံးစံအတိုင်း. .

'ရွက်ကြွေ. . မိုးချုပ်လှပြီ၊ ဒီမှာ ဘာလုပ်နေတာလဲ'

'နင်စားဖို့ လက်ဖက်နဲ့ပဲချောင်း လာပေးတာ. . ယူသွားနော်. . အိမ်ရောက်ရင် လက်ဖက်ထမင်းလေး စားပြီး စာကျက်တော့'

'နင့်စေတနာကို ငါ နားလည်ပါတယ်ဟာ. . . နေ့ခင်းက အဖြစ်အပျက်တွေ ခေါင်းထဲက ထုတ်လိုက်တော့နော်. . နင် စာကျက်လို့မရမှာ စိုးလို့၊ နောက်ပြီး ငါ့အတွက်နဲ့ နင်တို့သားအဖတွေ စိတ်ဝမ်းမကွဲစေချင်ဘူး'

'နင်. . နာနေသေးလား ရင်ခွင်'

'ငါယောကျ်ားပါဟာ. . ဒီလောက်လေးကို စာဖွဲ့မနေပါဘူး'

'အဖေက အရမ်းကို တစ်ဖက်သတ်ဆန်လွန်း အားကြီးတယ်၊ ဘာမဆို သူ့အတွက်ပဲ သူကြည့်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ကြွေက မကျေမနပ်လေး ပြောနေတာကို သူက နှစ်သိမ့်ဖို့ သတိမမေ့။

'ဒါက သူ့ဝသီကိုး ရွှက်ကြွေရဲ့. . အဖေက အဖေပဲလေ. . မပြစ်မှားရဘူးနော်. . လိမ္မာရဲ့သားနဲ့'

'အေးပါ. . နင့်လိုလူမျိုးကလည်း ရှားပါးကုန်မို့ ပြတိုက်ထဲ သွားပြထားဖို့သာ ကောင်းတော့တယ်. . တကယ်ပဲ အထိုးခံရတာ သူမဟုတ်တဲ့အတိုင်း'

'ရွှက်ကြွေ၊ မနက်ဖြန်မနက်စောစော ကောက်ညှင်းပေါင်းနဲ့အကြော်စုံ လာပို့ပေးမယ်၊ နင်တို့ခြံရှေ့က စက္ကူပန်းပင်အောက်မှာ လာထားပေးထားမယ်. . နင် သွားယူပြီး စားလိုက်နော်'

'တကယ်နော်. . ငါ အစောကြီးထပြီး စောင့်နေမှာ'

ရွှက်ကြွေနဲ့သူက ဟိုးငယ်ငယ်လေးကတည်းက စိတ်ချင်းနီးခဲ့တာမို့ သူမ ဘာကြိုက်တတ်လဲဆိုတာ အားလုံး သူသိပြီးသား။

ပန်းတွေထဲမှာဆို ရွှက်ကြွေက ဇီဇဝါပန်းကို အလွန် နှစ်သက်သူ ဖြစ်သည်။

မိုးဦးကျတွေမှာ ရင်ခွင်က ဘုန်းကြီးကျောင်းထဲမှာ သွားခူးပြီး ကျောင်းရောက်တိုင်း သူမ ထိုင်တဲ့ ခုံပေါ်မှာ သွားတင်ထားပြီးသား။





ဘာမဆို အလိုက်သိပြီး အရိပ်လိုကြည့်နေတတ်တဲ့ သူ့ကို ရွှက်ကြွေက သံယောဇဉ်တွယ်တာလည်း မဆန်းချေ။

'သွားတော့လေ. . ငါရပ်ကြည့်နေမယ်'

'ငါသွားပြီနော်'

ဒီလိုပါပဲ. . . သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်မကုန်စွာ ကြည့်ပြီး ခွဲခွာရမြဲပါ။

ရွှက်ကြွေ အိမ်ထဲ ပြန်ဝင်သွားတဲ့အထိ စောင့်ကြည့်ပြီးမှ ရင်ခွင် စက်ဘီးပေါ်တက်ကာ နင်းထွက်လာခဲ့သည်။

ရွှက်ကြွေ ပေးသိုက်တဲ့ လက်ဆောင်အထုပ်လေးကိုကြည့်ပြီး တစ်ချက်ပြုံးမိသေးသည်။

မသိမသာနဲ့ တင်းနေအောင် ချည်ထားတဲ့ ဒီကြိုးလေးကို ဘယ်လိုဖြတ်တောက်နိုင်ပါ့မလဲ. .

ဒီထက်ပိုပြီး တင်းနေအောင် ချည်ပါစေတော့. .

◆



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ဒီနေ့မနက်စောစောစီးစီးမှာ မင်္ဂလာမရှိတဲ့သတင်းတစ်ခုကို စပြီး ကြားရသည်။

'အောင်သီရိ'ပွဲရုံက ကိုစံမြိုင် အသတ်ခံရလို့ သေပြီတဲ့. .

ဒီလူက လူလတ်ပိုင်းအရွယ်၊ အသက်လည်း ငယ်သေးသလို စိတ်ရင်းလည်း ကောင်းသူ၊ အလျှုအတန်းလည်း အလွန်ရက်ရောသူမို့ အားလုံးက နှမြောနေကြသည်။

သူ့အလုပ်သမားတွေကိုဆိုလည်း အရမ်းပြန်ကြည့်တဲ့သူ။ ကိုစံမြိုင်တို့ပွဲရုံမှာ အလုပ်လုပ်လို့ မပျော်တဲ့သူ မရှိသလောက်ပင်။

ဒီလိုလူမျိုးကိုမှ ရက်ရက်စက်စက်သတ်ပြီး အလောင်းကို ကားလမ်းနံဘေးမှာ ပစ်ထားခဲ့သတဲ့။

ရင်ခွင်တို့အလုပ်မှာ. . ထိုသတင်းကို လူပြောများနေကြ





သည်။ အလောင်းကိုသွားကြည့်ချင်သူတွေလည်း ရှိလာသည်။ ကိုဇံအေးထွန်းက သူ့လက်ကို အသာလေး လာတို့သည်။

အပြင်ခဏလိုက်ခဲ့ဆိုသည့်သဘော. .

ကိုအေးထွန်းမှာ ပြောစရာတစ်ခုခုရှိမည်ဟု သူထင်သည်။ ထင်သည့်အတိုင်းပင် ကိုအေးထွန်းက

'ရင်ခွင်. . ကိုစံမြိုင် သေတာ. . ရိုးရိုးသားသားမှ ဟုတ်ရဲ့လားဟာ. .'

'ကျွန်တော် ဘယ်သိပါ့မလဲဗျ'

'ဟိုတလောလေးကတင် ဦးထင်ကြီး သူ့ကို မကျေမနပ်ဖြစ်နေသေးတာ'

'ဟုတ်လို့လားဗျ'

'မင်းကလည်း ဘာမှမသိဘဲ ကာနေပြန်ပြီ၊ သူ့ဝယ်လက်တွေ ဝင်လုလို့တဲ့. . ငါနားနဲ့ဆတ်ဆတ်ကြားလိုက်ရတဲ့ဥစ္စာ'

ဟုတ်ရဲ့လား. . သူပြောသလိုများ ဖြစ်နေပြီလား. . .

ဟိုနေ့က ကြားခဲ့ရတဲ့စကားတွေကကော ဘာလဲ. .

ဦးထင် ရှင်းခိုင်းတဲ့လူက ဇကန္တ. . .

ရင်ခွင်စိတ်ထဲမှာ သံသယတွေ အုံဖွဲ့နေတုန်း. .

'ငါ နောက်တစ်ပတ်ဆို ဒီက ထွက်တော့မယ် ရင်ခွင်'



www.burmeseclassic.com

www.burmeseclassic.com



'အလုပ်သစ်မှာ ကိုအေးထွန်း အဆင်ပြေပါစေဗျာ'

'ငါလိုချင်တာ မင်း ငါ့နောက်လိုက်လာဖို့ပဲ'

'ဖြည်းဖြည်းပေါ့ဗျာ'

'မင်း အသုံးချခံရမှာစိုးလို့ပါ ရင်ခွင်. . . ငါ မြင်နေတယ် နော်'

'ကျွန်တော် အားလုံးကို မေတ္တာနဲ့ပဲ ဆက်ဆံတယ်၊ ကျွန်တော့်မေတ္တာတွေ တစ်နေ့ရောင်ပြန်ဟပ်လာဖို့ပဲ မျှော်လင့်ပါတယ်ဗျာ'

'ရင်ခွင်. . ရင်ခွင်. . မေတ္တာတရားမရှိတဲ့လူဆီက သွားပြီး မျှော်လင့်နေရင် မင်းပဲ မောမှာပေါ့. . ရွှက်ကြွေလေးက သူ့မိဘနဲ့ လုံးဝမတူလို့ တော်ပါသေးတယ်'

'ကုန်ကား ရောက်လာပြီဟေ့'

သန့်ဖင် လှမ်းခေါ်လို့ ကိုအေးထွန်းက ထွက်သွားသည်။ ဦးထင်ရဲ့တပည့်တွေ ဦးထင်အခန်းထဲ ဝင်သွားတာ တွေ့လိုက်ရတော့ တစ်ခုခုထူးပြီဆိုတာ ရင်ခွင်က အတပ်သိလိုက်သည်။

အခန်းနဲ့အနီးဆုံးနေရာမှာ အသာရပ်ပြီး သူ နားစွင့်နေလိုက်သည်။

'အားလုံးပြီးပြီ Boss'





'သေချာရဲ့လား'

'ဒီမှာ ဓာတ်ပုံ'

ခဏတော့ အသံတိတ်သွားသည်။

'ကားလမ်းနံဘေးမှာလား'

ရင်ခွင်ခေါင်းထဲမှာ ဒိုင်းဆို မီးပွင့်သွားသည်။

* ကိုစံမြိုင်ရဲ့အလောင်း
ကားလမ်းနံဘေးမှာ *

•

သာမန်တိုက်ဆိုင်မှုပဲလား။

မဖြစ်နိုင်ဘူး။

စီးပွားရေးအရ ဘယ်လောက်ပဲ ယှဉ်ပြိုင်မှု များများ. . အသက်ကို နှုတ်ယူရလောက်အောင်တော့ အပြိုး မကြီးသင့်ပါဘူး။ ဦးထင်ဟာ အင်မတန်မှရက်စက်ပြီး ကြောက်စရာကောင်းပါလား။

'အလောင်းကို မဖျောက်ချင်လို့ တမင်ထားခဲ့တာ'

'ခြေရာလက်ရာရော သဲလွန်စတွေ ကျန်ခဲ့သေးလား'

'ဒီလိုကျန်မှတော့ ဒီအလုပ်ကို မလုပ်စားတော့ဘူး ဆရာရေ. .'



www.burmeseclassic.com

www.burmeseclassic.com



'ဟား. . ဟား. . ဟား. . ဟား. . ကြိုက်သွားပြီကွာ၊ ငါက ဒါမျိုးမှကြိုက်တာ. . ကိုယ့်ကိစ္စ ကိုယ်ရှင်းနော်. . နောက်ပိုင်းကိစ္စ ငါ တာဝန်မယူနိုင်ဘူး. . ရော့. . ဒီမှာ ငါးဆယ်ယူသွား'

သိန်းငါးဆယ်နဲ့ လူတစ်ယောက်ရဲ့ရခဲလှတဲ့ အသက်တစ်ချောင်း အလဲအလှယ်လုပ်ကြတာပဲ။

အားလုံးကို ရှင်းရှင်းလင်းလင်း သိရပြီးနောက်မှာတော့. . ဦးထင်ကို တော်တော်ကြီးရွံသွားခဲ့သည်။

အဲဒီလိုလူဟာ ရွက်ကြွေရဲ့အဖေဖြစ်နေတဲ့အတွက်လည်း ပိုပြီးခံစားရသည်။

ဒီနှစ် တန်ဆောင်တိုင်ကျောင်းပိတ်ရက်တွေဟာ ဘယ်လိုမှပျော်စရာမကောင်းနိုင်တော့။

ကျောင်းမြန်မြန်ပြန်ဖွင့်ဖို့သာ သူ ဆုတောင်းနေမိတော့သည်။

♦



## (၅)

'တန်ဆောင်မုန်းလ - ကထိန်ပွဲ' ဆိုသလို ဆရာတော်ရဲ့ ကျောင်းမှာ ကထိန်ခင်းမည့် အလှူရှင်တွေ အဝင်အထွက်များနေကြသည်။

တစ်နေ့ ကျောင်းကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်လာသူတွေက ဒေါ်ဥမ္မာနှင့် ဆောင်းရွက်ကြွေ ဖြစ်နေတာက ထူးဆန်းသလိုရှိသည်။

ဒေါ်ဥမ္မာက ဆရာတော်ဘုရားနှင့်စကားပြောနေစဉ် ရွက်ကြွေက ရင်ခွင်တို့သားအမိဆီ ရောက်လာပြီး

'မေခင်နဲ့မတွေ့တာကြာလို့ သမီး လွမ်းနေတာ'

ဟု ခွဲသည်။ မေခင်ကလည်း သမီးလိုချင်နေသူမို့ ခပ်ကဲကဲပင်. .



www.burmeseclassic.com

www.burmeseclassic.com



'မေခင်လည်း လွမ်းနေတာပါ သမီးလေးရယ်. . မယုံရင် သူ့မေးကြည့်. . သမီးအကြောင်းတွေ မေး မေးနေရတာ'

'စာပဲ ကျက်နေရလို့ လူလည်း ပိန်လိန်နေပြီ မေခင်ရယ်'

ရင်ခွင်က မအောင့်နိုင်တော့ဘဲ မေးမိသည်။

'ရွက်ကြွေ. . နင့်အမေ ဘာလာလုပ်တာလဲဟင်'

'ဩော်. . ငါတို့ ကထိန်ခင်းမလို့လေ. . အဲဒါ ဆရာတော် ဘုရားဆီမှာ လာလျှောက်တာ'

'နင်တို့ဟာက ဆိုင်းမဆင့် ဗုံမဆင့်ပါလား'

'သိဘူးလေ'

အကုသိုလ်တွေ များနေလို့ ခုမှ ကုသိုလ်လုပ်ဖို့ သတိရလေ သလားပဲ။

ဒီလိုလူမျိုးတွေကို တရားဥပဒေရဲ့ ပြင်ပမှာ လွှတ်ထားလို့ ဖြစ်ပါ့မလား. . .

အဲဒီအတွေးတွေ ဝင်လာတိုင်း ရွက်ကြွေရဲ့မျက်နှာလေးကို မြင်ပြီး ပြန်မျိုသိပ်ရတာလည်း ခဏခဏ။

သူတို့အနားသို့ ဒေါ်ဥမ္မာ ရောက်လာပြီး

'ရွက်ကြွေက ဒီရောက်နေတာကိုး. . . အတော်ပဲ. . မခင် ကို ခိုင်းစရာ ရှိသေးတယ်. . . ကျွန်မတို့ သောကြာနေ့ကျရင်. .





ကထိန်ခင်းမလို့. . . မခင်ပဲ ဦးဆောင်ပြီး အချက်အပြုတ် တာဝန် ယူပေးပါ'

အကူအညီတောင်းနေတာမှ မဟုတ်ဘဲ၊ ခိုင်းနေတာပဲကိုး။

ဒီကျောင်းမှာ အမေပဲ အချက်အပြုတ် တာဝန်ယူနေတဲ့ ဟာ. . .

စကားပြောရင် အမြဲတမ်း အကြောကြီးနဲ့. .

အမေ့ကို ပြောပြီးတော့ ရင်ခွင်ဘက်ကို လှည့်ပြီး

'မင်းတို့လူငယ်တွေက ကျွေးမွေးဖို့ တာဝန်ယူပေါ့'

'ရပါတယ် ဒေါ်ဒေါ်'

'သမီး. . လာ. . သွားမယ်'

သူပြောချင်တာပြောပြီးတော့ နှုတ်တောင် မဆက်ဘဲ ရွက် ကြွေကို ခေါ်ပြီး ထွက်သွားသည်။

သူတို့ဘာတွေပဲ လုပ်လုပ်၊ ဘယ်လောက်ပဲ ဆိုးဆိုး၊ ကိုယ့် အလုပ်ရှင်ဖြစ်နေတာက တစ်ပိုင်း၊ ရွက်ကြွေရဲ့မိဘတွေဖြစ်နေတော့ လုပ်ပေးရမှာပါပဲ။

'မဥမ္မာက အရင်လိုမဟုတ်တော့ဘူးနော် သား. . အရမ်း ဘဝမေ့သွားတာပဲ'

အမေ ဒီလိုပြောတော့ ရင်ခွင်က အံ့ဩသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



'သူက အရင်ကတည်းက ချမ်းသာတာ မဟုတ်ဘူးလား အမေ'

'သူငယ်ငယ်က အရမ်းဆင်းရဲတာ သားရဲ့. . မိသားစုတွေကလည်း များတယ်၊ သူတို့နေတဲ့အိမ်လေးက ပေနှစ်ဆယ်ပတ်လည်ဆိုတော့ အိမ်ထဲမှာ လူတွေကျပ်သိပ်နေတာပဲ၊ အမေတို့နဲ့ တစ်ရပ်ကွက်တည်း နေခဲ့တာလေ၊ ဒါပေမယ့် သူတို့က တိုးတက်ချင်စိတ် အပြည့်ရှိတယ်. . ရှင်းရှင်းပြောရရင် ချမ်းသာချင်တာပေါ့ကွယ်. . ပိုက်ဆံလေးနည်းနည်းပါးပါးရှိရင် သူ့ကိုလိုက်လို့ရတယ်လို့ ကာလသားတွေကြားမှာ ရေပန်းစားခဲ့သေးတယ်၊ တချို့ကလည်း သူ့ကို စာပုံးနီလို့ ခေါ်ကြတယ်လေ. . ပေးသမျှစာတွေ လက်ခံလို့ တဲ့. . နောက်ဆုံးတော့ ကိုထင်နဲ့ပဲ ရသွားတာပေါ့. . ဟိုက လက်ရဲဇက်ရဲနဲ့ မိုက်တိမိုက်ကန်းဆိုတော့ သူ ဘယ်လွန်ဆန်နိုင်မလဲလေ'

အမေ သူများအကြောင်း ပြောခဲ့ပါသည်။

ဒေါ်ဥမ္မာတို့ဆီမှာ ရင်ခွင် လုပ်နေတာ ကြာပြီ. . တစ်ခါမှ ဒီလိုမပြောခဲ့ဖူးပေ။

'အမေ. . သားကို တစ်ခုခုပြောချင်လို့လား'

'ဟုတ်တယ် သား. . အမေ့သား နာကျင်မှာကို. . အမေ မကြည့်ရက်ဘူး။ သားတို့ အရွယ်ရောက်လာပြီလေ'





အမေ ဆက်မပြောတော့ပေမယ့် သူနားလည်ပါသည်။

အလွှာမတူလို့ အနှိမ်ခံရမှာကို အမေကြောက်နေသည်။ ဦးထင်ရဲ့စိတ်ဓာတ်ကို အမေက ထင်ဟပ်ပြသွားသည်။

ဒေါ်ဥမ္မာရဲ့ ငွေမက်မှုတွေကို သူ သိအောင် ပြောပြသွားပြီးပြီ။

အမေ တာဝန်ကျေပါသည်။

ခက်နေတာက သူပဲ. .

ဆောင်းရွက်ကြွေကို သူမှ မမေ့နိုင်တာ. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## (၈)

ဦးထင်တို့ရဲ့ကထိန်ပွဲကြီးက ခြိမ့်ခြိမ့်သဲ စည်ကားလှသည်။

နယ်ဘက်က သူတို့အမျိုးတွေ၊ အရာရှိအရာခံတွေ၊ မြို့ပေါ်က လူကြီးလူကောင်းတွေ စုံစုံလင်လင်ဖြင့် လာရောက်ချီးမြှင့်ကြရာ ရင်ခွင်တို့အလုပ်သမားအုပ်စုတွေ အပြေးအလွှားဧည့်ခံနေရသဖြင့် ချွေးတလုံးလုံးကျပြီး ပင်ပန်းလှသည်။

အားလုံးက ပြောစမှတ်တွင်ရလောက်အောင် ရွှက်ကြွေလေး လှနေသည်။

အင်္ကျီက အပါးစအဖြူရောင်လေးမှာ ဘော်ကြယ်တွေ ထိုးထားပြီး ချိတ်ထဘီအဖြူလေး ဝတ်ကာ ဆံထုံးလေးမှာ သစ်ခွအဖြူလေးတစ်ပွင့်ကပ်ပြီးပန်ထားရာ ဘယ်နေရာကပဲ ကြည့်ကြည့် ကျက်သရေရှိလှသည်။





ကိုချစ်ထွေးကတောင် 'မင်းကောင်မလေး ဒီနေ့အရမ်းလှနေတယ်'ဟု ကပ်ပြီး ပြောသွားသေးသည်။

'ရင်ခွင်. . ဟဲ့ကောင်လေး. . ဒီနား ခဏလာခဲ့စမ်း'

ဒေါ်ဥမ္မာက ဧည့်သည်တစ်ယောက်ကို ဧည့်ခံနေရင်းမှ ရင်ခွင်ကို လှမ်းခေါ်သည်။

'ဝက်သားဟင်းနဲ့ငါးဟင်း လာချပေးဦး၊ ဟင်းရည်ပါ လိုက်ပွဲထည့်ပေး. . အချိုပွဲတွေနဲ့လက်ဖက်ပါ ယူလာခဲ့ဦး'

သူ့ကိုပြောပြီးတော့ ဒေါ်ဥမ္မာက အသက်သုံးဆယ်လောက်ရှိမည့် ထိုဧည့်သည်ဘက်သို့လှည့်ကာ

'မောင်ရဲနွယ်. . အအေး သောက်မလား၊ အပူ သောက်မလား. . ဘာမှအားမနာနဲ့နော်'

'ရပါတယ် ဒေါ်ဒေါ်. . အဆင်ပြေတာပဲ လုပ်ပေးပါ'

'ဟဲ့. . ရင်ခွင်၊ နှစ်မျိုးလုံး လာချပေး'

ရင်ခွင် လှည့်ထွက်လာတော့ ဒေါ်ဥမ္မာက

'ရင်ခွင်. . ရွှက်ကြွေ ဘယ်မလဲ၊ ဒီကို ခဏလာခိုင်းလိုက်၊ ဧည့်သည်ကို လာဧည့်ခံလို့. . ကြားလား'

ဘယ်လိုဧည့်သည်မို့လို့ ရွှက်ကြွေက ဧည့်ခံရမှာလဲ။ တကူးတကလာပြီး ဧည့်ခံခိုင်းရအောင် အထူးဧည့်သည်မို့လို့လား။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင် စိတ်ထဲ သိပ်မကြည်တာမို့ ဒေါ်ဥမ္မာမှာသောဟင်းပွဲများနှင့် အချိုပွဲများကို အလုပ်သမားတစ်ယောက်အား သွားပေးစေကာ ရွက်ကြွေကို ရှာဖို့ သူထွက်လာခဲ့သည်။

ဒီလိုပွဲမျိုးမှာ ရွက်ကြွေ အမေ့ကို ကူလုပ်ပေးမည်ဟု သူ လုံးဝထင်မထားခဲ့ပါ။

ဝတ်ကောင်းစားလှတွေ ဝတ်စားပြီး အမေ့အနားမှာ ဟင်းပွဲတွေ ဝိုင်းပြင်ပေးနေတဲ့ ရွက်ကြွေ. .

'ရွက်ကြွေ. . ဒီမှာ ဘာလုပ်နေတာလဲ'

'ရင်ခွင်. . နင် ဗိုက်မဆာသေးဘူးလား. . လာလေ. . ငါတို့သုံးယောက် အတူစားဖို့ ပြင်လိုက်မယ်'

ရွက်ကြွေပြောတဲ့ သုံးယောက်ဆိုတာ ဒေါ်ခင်၊ ရင်ခွင်နှင့် သူမကို ဆိုလိုခြင်းဖြစ်သည်။

'အဲဒါတွေထားလိုက်တော့ ရွက်ကြွေ၊ ဟိုမှာ ဒေါ်ဒေါ် နင့်ကို လိုက်ရှာနေတယ်၊ ဧည့်သည်ရောက်နေလို့တဲ့'

'ဘယ်က ဧည့်သည်လဲ၊ ငါမှ ဧည့်မခံတတ်တဲ့ဟာ. . မေမေတို့ကလည်း ကိုယ့်ဟာကိုယ် ဧည့်ခံတာ မဟုတ်ဘူး'

ရွက်ကြွေက မျက်နှာလေးရှုံ့မဲ့ပြီး ပြောသည်။

ရင်ခွင်လည်း အဲဒီလူကို မသိတာမို့ -





'သူ့ကို ငါ တစ်ခါမှမမြင်ဖူးဘူး၊ နင်လည်း သိချင်မှသိလိမ့်မယ်'

'အေးလေ. . သွားရဦးမှာပေါ့၊ ဟဲ့. . ငါ နင်တို့နဲ့ ထမင်းအတူတူလာစားမယ်နော်'

တစ်လှမ်းချင်း ကြန့်ကြန့်ရစ္စာ လျှောက်လှမ်းသွားသော ရွက်ကြွေ. . . နင် လမ်းလျှောက်တာလေးက တကယ်ကျက်သရေရှိတယ် ရွက်ကြွေရယ်. . ငါ့ရင်ထဲမှာ အေးသွားတာပဲ. .

နင်ဟာ တကယ်ပဲ မြန်မာမိန်းကလေး ပီသလှပါတယ်. .

နင်က ငါတို့လိုငမွဲတွေနဲ့ ထမင်းအတူစားချင်ပေမယ့် နင့်အမေကတော့ ဒီလိုဆန္ဒရှိမယ် မထင်ပါဘူး. . ငါ့ရင်ထဲမှာ ခံစားရတာကို နင်မှမသိနိုင်တာပဲ ရွက်ကြွေရယ်. .

ထမင်းစားချိန်တိုင်း ငါ နင့်ကို သတိရတယ်လို့ပြောရင်. . နင် ယုံမှာလား. .

နင်ကြိုက်တဲ့ တန်ဖိုးမရှိတဲ့ ဟင်းလေးတွေ ချက်တိုင်း နင့်ကို တမ်းတမိတယ်ဆိုရင်ရော. . ငါအပိုပြောတယ်လို့ ထင်မှာလား။

ဒါပေမယ့် ဒါတွေ အားလုံးဟာ ငါ့ရင်ထဲမှာပဲ သိမ်းထားသင့်တဲ့ စိတ်ကူးအိပ်မက်တွေပါ. .

♦



www.burmeseclassic.com

www.burmeseclassic.com



'မောင်ရဲနွယ်၊ ရှေ့အပတ်တုန်းက ဒေါ်ဒေါ့်စာရင်း ဘယ်လောက်ရှိသွားပြီလဲ'

ဒေါ်ဥမ္မာက ဧည့်သည်ကို မေးနေခြင်းဖြစ်သည်။

'ဒေါ်ဒေါ်ပတ်တဲ့ သုညက မထွက်သွားလို့ပါဗျာ. . နို့မို့ဆို ဒီလောက်ထိ မများပါဘူး. . အားလုံး ငါးရာလောက်တော့ ရှိနေပြီ'

ရွှက်ကြွေ အရမ်းအံ့သြသွားသည်။

သူမ အရင်သိထားတာက အမေ အပျင်းပြေ ပိုကာလေး ဘာလေး ဒေါင်းတာလောက်ပဲ။

ခုတော့. . . ရင်မောစရာတွေ။

ရွှက်ကြွေသည် ဒေါ်ဥမ္မာနံဘေးမှာ ခပ်ယို့ယို့လေး ဝင်ရပ်လိုက်ပြီး

'မေမေ. . ခေါ်တယ်ဆိုလို့'

'အေး. . ဟိုမှာ ဝင်ထိုင် သမီး'

ဒေါ်ဥမ္မာက လှည့်မကြည့်ဘဲ ရဲနွယ်နံဘေးမှာ သမီးဖြစ်သူကို ဝင်ထိုင်ခိုင်းသည်။

ရွှက်ကြွေက ဝင်မထိုင်သေးဘဲ ရပ်မြဲရပ်နေသောအခါ

'ဟဲ့. . ဟိုမှာ နင့်အစ်ကိုတစ်ယောက်တည်း စားနေရတာ၊ သွား. . တစ်ခါတည်း ဝင်စားလိုက်'





ပြောပြီး ဒေါ်ဥမ္မာက ရဲနွယ်နှင့်ရွှက်ကြွေကို မိတ်ဆက်ပေးသည်။

'မောင်ရဲနွယ်. . အဲဒါက ဒေါ်ဒေါ့်သမီး ဆောင်းရွှက်ကြွေတဲ့. . ဒီနှစ် ဆယ်တန်းဖြေမှာလေ'

အမေပြောတဲ့လူကို ရွှက်ကြွေက မျက်လုံးရွှေ့ပြီး မကြည့်ပေမယ့် ရဲနွယ်ကတော့ ဒီလိုမဟုတ်ပါ။

ရွှက်ကြွေရဲ့ကျက်သရေရှိလှတဲ့အလှမှာ မျက်လုံးမခွာနိုင်အောင် ဖြစ်မိသည်။

'ဆောင်းရွှက်ကြွေ. . ထိုင်လေ'

ရဲနွယ်က ပြောတော့ ဒေါ်ဥမ္မာကပါ

'ဧည့်သည်က ပြန်ခေါ်နေရတယ်လို့ကွယ်၊ထိုင်လေ သမီး'

ရွှက်ကြွေက မကောင်းတတ်သဖြင့် ဝင်ထိုင်လိုက်ရပေမယ့် ထမင်းစားဖို့တော့ ရအောင် ငြင်းသေးသည်။

'မေမေ. . သမီး ဗိုက်မဆာသေးလို့ နောက်မှပဲ စားတော့မယ်'

ဒေါ်ဥမ္မာက ဘာမှမပြောတော့ပေမယ့် ဒီလို အသံတိတ်မျက်လုံးတွေနဲ့ကြည့်နေတာက ပိုပြီးကြောက်ဖို့ကောင်းမှန်း ရွှက်ကြွေသိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျက်လုံးတွေပေါ့. . ရွက်ကြွေတစ်သက် ဘယ်တော့မှ မမေ့မယ့် မျက်လုံးတွေလေ. .

ရွက်ကြွေငယ်ငယ်က မေမေဟာ ဒီလိုမျက်လုံးစိမ်းတွေနဲ့ ကြည့်ပြီး အခန်းတံခါးပိတ်ကာ အထဲမှာ ထည့်ထားခဲ့တာ. .

အဲဒီအချိန်ကစပြီး ရွက်ကြွေဟာ ဘာပဲလိုချင်လိုချင် စိတ်ထဲမှာပဲ မျိုသိပ်ပြီး မပူဆာရဲတော့. .

(အမေ ဆိုတာ ချစ်စရာလို့ မမြင်တော့ဘဲ ကြောက်ဖို့သာ သိခဲ့တာလေ။)

'ရွက်ကြွေ. . စာတွေ ပိုင်နေပြီလား'

ရဲနွယ်အမေးကို ရွက်ကြွေက ဒီလိုပါပဲဟု စိတ်မပါစွာ ပြန်ဖြေသည်။

စိတ်ထဲမှာလည်း ဒီလူ ဘယ်အချိန်ထိ အချိန်ဆွဲပြီးစားနေဦးမလဲဟု ငြိုငြင်စွာ တွေးမိသည်။

'ဟဲ့. . သမီး. . ဟိုမှာ နင့်အစ်ကိုကို ထမင်းထပ်ထည့်ပေးလိုက်ဦး'

'တော်ပါပြီ ဒေါ်ဒေါ်. . . ကျွန်တော် ဗိုက်ပြည့်ပါပြီ၊ ရွက်ကြွေက အညာသူသာ ပြောတယ်၊ အသားလေးတွေ ဖွေးပြီး မြို့သူတွေတောင် အရှုံးပေးရမယ်'





လူကို စိုက်စိုက်ပြီး ကြည့်တတ်တာ မြို့သားတွေရဲ့စတိုင်လားဟု ပြန်မေးလိုက်ချင်သည်။ ရွက်ကြွေက သူမကို ဒီလိုအားမနာတမ်းစိုက်ကြည့်သူတွေဆို အသေမုန်းသည်။

ဒီအနားက ဘယ်လိုခွာရမလဲဆိုတာ စဉ်းစားပြီး

'မေမေ. . သမီးကျောင်းက သူငယ်ချင်းတွေ ရောက်နေပြီလားလို့ သွားကြည့်လိုက်ဦးမယ်'

ရဲနွယ်ရှေ့မှာ မတားသာလို့ ဒေါ်ဥမ္မာက ခေါင်းညိတ်ပြလိုက်ပေမယ့် စိတ်ထဲမှာတော့ တေးထားလိုက်သည်။

ဒီကောင်မလေးဟာ ခုတစ်လော အမေကို ကလန်ကဆန်လုပ်နေသလိုပဲ။

ကိုယ်မွေးထားတဲ့ သမီး ဘယ်အချိုး ချိုးနေတယ်ဆိုတာ ကောင်းကောင်းသိတာပေါ့။

'အဲဒါပဲ မောင်ရဲနွယ်. . သမီးလေးတစ်ယောက်တည်း မွေးထားတာဆိုတော့ အစစ အရာရာ တွေးပူနေရတာပေါ့. . ရုပ်ရည်ကလေးက ပြေပြစ်တော့ မတော်သူတွေနဲ့တွေ့မှာ စိတ်ပူရတယ်လေ၊ သူ့သူငယ်ချင်းဆိုသူတွေကလည်းကွယ် ပေါင်းလိုက်ရင် အဆင့်မရှိတဲ့သူတွေချည်းပဲ'

'သူ့အလှက ဒေါ်ဒေါ် စိတ်ပူမယ်ဆိုရင်လည်း ပူစရာပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ. . ရန်ကုန်ကို လာလည်ပါဦးလား ဒေါ်ဒေါ်. . ရွှက်ကြွေကိုပါ ခေါ်ခဲ့ပေါ့'

ဒေါ်ဥမ္မာမျက်နှာကြီး ဝင်းလက်သွားသည်။ ဒီလို ခေါ်မှ ခေါ်ပါ့မလားလို့. . .

ရဲနွယ်တို့အသိုင်းအဝိုင်း ဘယ်လောက်တောင့်တယ်၊ ဘယ်လောက် ချမ်းသာတယ်ဆိုတာ ဒေါ်ဥမ္မာ ကောင်းကောင်းသိသည်။

လုပ်ငန်းချင်းကလည်း ဆက်စပ်နေတော့ ပူးပေါင်းနိုင်ရင် ပိုပြီး အဆင်ပြေမှာ သေချာသည်။ မျိုးရိုးကောင်းပြီး ဥစ္စာတောင့်သော တစ်ဦးတည်းသော့သား၊ သူဌေးသားလေးကို လက်လွှတ်ခံလို့ မဖြစ်။

ဘယ်နည်းနဲ့မှကို မဖြစ်တာ။

'ဒါဆိုရင်တော့ အတော်ပဲ သားရယ်၊ မင်းညီမက ရန်ကုန်ကိုသွားချင်နေတာ၊ သူစာမေးပွဲဖြေပြီး ကျောင်းပိတ်ရင် ခေါ်လာခဲ့မယ်လေ၊ ရှင်းရှင်းပြောရရင် ကိုယ့်နေရာဒေသ မဟုတ်တော့လေ'

ဒေါ်ဥမ္မာက စကားကိုဖြတ်ချပစ်လိုက်သည်။

ရဲနွယ်က ပျာပျာသလဲပင်...

'ဟာဗျာ. . ကျွန်တော်တို့ ရှိနေတာပဲ၊ ဒေါ်ဒေါ် ဘယ်နေ့လာမလဲသာ ဖုန်းဆက်လိုက်၊ ကျွန်တော်တို့အိမ်မှာပဲ လာတည်းပေါ့'





ဒီလောက်ဆို ရပါပြီလေ။

ဒေါ်ဥမ္မာလည်း ပြုံးချို့စွာပင်

'သားက ခေါ်နေတော့လည်း လာလည်ရမှာပေါ့လေ. . . ဒေါ်ဒေါ်တို့လာရင်သာ နေရာအနှံ့လိုက်ပို့ဖို့ ပြင်ထားပေတော့'

သူတို့နှစ်ယောက် လေပေးဖြောင့်နေစဉ်. . . ရွှက်ကြွေက ရင်ခွင်တို့အနား ရောက်သွားပြီး ဒေါ်ခင်ရဲ့ခါးကို အနောက်မှသိုင်းဖက်ကာ

'မေခင်. . သမီး ဗိုက်ဆာတယ်'

ဟု ချွဲလိုက်လျှင် ဒေါ်ခင်က ပျာယာတွေခတ်ပြီး

'အေးပါ သမီးရယ်. . မေခင် ကျွေးမှာပေါ့. . ထိုင်. . ထိုင်၊ ခဏလေး စောင့်နော်'

ဒေါ်ခင်က ဟင်းတွေကို စားပွဲခုံပေါ်မှာ စုံနေအောင် ချပေးရင်း

'ဟောဒါက ပုစွန်ချဉ်သုပ်. . . နံနံပင်လေး အုပ်ပေးထားတယ်၊ သမီးကြိုက်မှန်းသိလို့ မေခင် သုပ်ပေးထားတာ'

'အဲဒါကြောင့် မေခင့်ကို ချစ်နေရတာပေါ့'

'မေခင်က သမီးကြိုက်တဲ့ဟင်းတွေ နေ့တိုင်းချက်ကျွေးချင်ပါတယ် သမီးရယ်. . ဒါပေမယ့် အကြောင်းတိုက်ဆိုင်မှသာ ကျွေး



www.burmeseclassic.com

www.burmeseclassic.com



ရတာ မဟုတ်လား. . ငရုတ်သီးစိမ်းလေး ချိုးပြီးစားနော် သမီး. . ဟောဒါက ငါးပိကြော်၊ သခွားသီးနဲ့တို့ချည်'

ရွှက်ကြွေအကြိုက်တွေချည်း ချက်ပြီး ဖယ်သိမ်းထားပေးသော မေခင့်စေတနာတွေကြောင့် ရွှက်ကြွေက

'ရင်ခွင်. . နင်ဘာလုပ်နေတာလဲ. . လာစားလေ၊ ငါတော့ ဟန်မဆောင်နိုင်တော့ဘူး၊ စားပြီနော်'

ရင်ခွင်က ထမင်းကို ပလုတ်ပလောင်းစားနေသော ရွှက်ကြွေပုံစံလေးကို မြတ်နိုးမဆုံးစွာ ငေးကြည့်ရင်း ထမင်းပန်းကန်ကို စကိုင်လိုက်စဉ်

'ရွှက်ကြွေ. . .'

ကျယ်လောင်သောအသံဖြင့် အနားကပ်ပြီး အော်လိုက်သံကြောင့် ရွှက်ကြွေကလန့်ပြီး စားလက်စထမင်းပန်းကန်ကိုပင် ပြန်ချလိုက်မိသည်။

'မေမေ'

'ညည်း ဒါ. . ဘာအချိုး ချိုးတာလဲ ရွှက်ကြွေ၊ ငါ့ကို အာခံတာလား၊ ငါက ညည်းကို သူတို့နဲ့အတူစားလို့ ပြောလား'

'ရွှက်ကြွေ ဗိုက်ဆာလို့ ဝင်စားတာပါ မေမေ'

ဒေါ်ဥမ္မာက မီးတောက်မတတ် မျက်လုံးတွေဖြင့် စိုက်





ကြည့်ပြီး

'ဗိုက်ဆာရင်လည်း စားစရာမလိုဘူး. . ညည်း အခု ငါနဲ့ လိုက်ခဲ့စမ်း'

ဒေါ်ခင်က မျက်ရည်ဝဲနေသော ရွှက်ကြွေလေးဘက်မှ သနားပြီး ဝင်ပြောမိသည်။

'သူ တကယ်ဗိုက်ဆာနေလို့ပါ မဥမ္မာရယ်'

ဒေါ်ဥမ္မာရဲ့ဒေါသက ဒေါ်ခင်ဘက်ကို လှည့်လာသည်။

'ရှင့်ကို ဘယ်သူမှ ရှေ့နေမငှားထားဘူး. . ကျွန်မသမီးကို ကျွန်မ ဆုံးမနေတာ ဘာမှဝင်ပါစရာမလိုဘူး. . ဒီမယ် ရွှက်ကြွေ. . ညည်း ဒီဟင်းတွေ သိပ်ပြီးစားချင်နေတာ မဟုတ်လား. . ကဲဟယ် . . စားချင်ဦး'

'ဒုန်း. . ဂလွမ်း. . .'

ဒေါ်ဥမ္မာက ထမင်းစားစားပွဲကို ဆွဲပြီး မှောက်ပစ်လိုက်သဖြင့် ဟင်းခွက်တွေ အကုန် ကျကွဲကုန်သည်။ ဒေါ်ခင်က လန့်ပြီး ကိုယ့်ရင်ဘတ်ကိုယ် လက်ဖြင့် ဖိထား မိသည်။

ထမင်းလေးတစ်လုတ်နဲ့ ဒီလိုလုပ်စရာလိုလို့လား. .

တိရစ္ဆာန်တွေတောင်မှ ထမင်းစားနေရင် မရိုက်ရဘူးဆိုတာ ဒီမိန်းမ နားမလည်တော့ဘူးလား. . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်သည် အေးစက်နေသော အမေ့လက်ဖျားတွေကို ဆုပ်ကိုင်ထားမိသည်။

ရွှက်ကြွေက ငိုပြီး ထွက်ပြေးသွားသည်။

သနားလိုက်တာ. .

ဗိုက်ဆာလို့ ထမင်းစားတာ အပြစ်ရှိလို့လားဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ မေးလိုက်ချင်သည်။

ထမင်းတစ်လုတ်တိုင်းမှာ အဆင့်အတန်းနှင့်တွက်ချက်မှုတွေ ပါနေပုံရသည်။

ရှုံ့ဖို့ကောင်းလိုက်တာ. .

ရင်ခွင်သည် နာကြည်းသောမျက်ဝန်းအစုံဖြင့် ဒေါ်ဉမ္မာကို ကြည့်နေမိသည်။

သူ့ကို ဘယ်လောက်ပဲ စော်ကား. . စော်ကား သည်းခံနိုင်စွမ်းရှိပေမယ့် ရွှက်ကြွေကို ထိရင်တော့ ထိတဲ့သူ သူ့ရန်သူပဲ။

'ရင်ခွင်. . ငါနဲ့လိုက်ခဲ့'

ဒေါ်ဉမ္မာက လှည့်ထွက်ပြီး ရင်ခွင်ကို လိုက်ခဲ့ဖို့ခေါ်သည်။

ရင်ခွင် အံကိုကြိတ်ထားမိသည်။

သူ့မျက်လုံးထဲမှာတော့ ငိုသွားတဲ့ ရွှက်ကြွေမျက်နှာလေးကိုပဲ မြင်နေမိသည်။

ဆောင်းညပြာသိစာပေ



ဒေါ်ဉမ္မာသည် ဘုန်းကြီးကျောင်းရဲ့လှေကားထစ်တွေပေါ်မှာ ရပ်နေသော ရဲနွယ်ကို တွေ့သောအခါ

'ရင်ခွင်. . သူ့ဖိနပ်ယူပြီး စီးပေးလိုက်စမ်း'

ဟု တည်ငြိမ်စွာ အမိန့်ပေးလာသည်။

အဲဒီအချိန်ခဏလေးမှာ စက္ကန့်တိုင်း မိနစ်တိုင်းမှာ နာကျင်စွာ သိမ်ငယ်ရသည်။

ရှက်စိတ်၊ နာကြည်းတဲ့စိတ်တွေက တစ်ကိုယ်လုံးကို ရစ်ဖွဲ့ပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

ငါ ဘာလုပ်ရမလဲ.ရွှက်ကြွေ. . နင့်အမေက သိပ်ရက်စက်တာပဲဟာ. .

'ဟဲ့. . ယူပေးလိုက်လေ၊ နင့်နားမကြားဘူးလား'

ဒေါ်ဉမ္မာက ရင်ခွင်ကို မာန်မဲပြီး ရဲနွယ်ဘက်လှည့်ကာ

'အဲဒါပဲ ကြည့်တော့ မောင်ရဲနွယ်ရယ်. . ဒေါ်ဒေါ့်အလုပ်သမားတွေက ပြောမှသိတာ. . ကြိမ်နဲ့တို့မှ ပြေးတဲ့ မြင်းတွေလိုပဲ'

တိရစ္ဆာန်နဲ့နှိုင်းပြီးပြောတဲ့အတွက်လည်း ခံပြင်းမိသည်။ ကိုယ့်ကို လူတွေ ဝိုင်းကြည့်နေသလို ခံစားရပြီး ဘေးဘီဝဲယာလှည့်ကြည့်မိတော့ ပွဲရုံမှအလုပ်သမားတွေ ဝိုင်းကြည့်နေကြသည်။

ရင်ခွင် ခေါင်းကိုငုံ့ပြီး ရပ်နေမိသည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ကျွန်တော့်ဖိနပ်တွေ့ပြီ ဒေါ်ဒေါ်..ခွင့်ပြုပါဦး'

ရဲနွယ်က နှုတ်ဆက်ပြီး ပြန်သွားသည်။ ဒေါ်ဥမ္မာရဲ့မျက်နှာပေါ်မှာ ဟန်ဆောင်အပြုံးလေးတောင်မှ တင်မထားနိုင်ရှာ။

ရဲနွယ် ပြန်သွားတာနှင့် ရင်ခွင်ဘက် လှည့်ကာ ပြတ်သားစွာ ပြောသည်။

'မင်းကို ငါ အလုပ်ထုတ်လိုက်ပြီ၊ မနက်ဖြန်က စပြီး မင်းလာစရာမလိုတော့ဘူး၊ သိတယ်နော်'

ယောကျ်ားတစ်ယောက်ရဲ့မာနနှင့် သိက္ခာကို ရစရာ မရှိအောင် ရိုက်ချိုးခံရသောအခါ မခံချင်စိတ်တွေ ပေါက်ကွဲထွက်လာသလို တစ်ချိန်တည်းမှာပဲ လူတစ်ကိုယ်လုံးဟာ မြေမှုန်တွေနဲ့အတူ ရောနှောသွားသလို သိမ်ငယ်သွားစေသည်။

ဝိုင်းကြည့်နေကြတဲ့ မျက်လုံးတွေအလယ်မှာ ဆက်လက်ရပ်တည်နိုင်စွမ်းမဲ့စွာ ခေါင်းငိုက်စိုက်ချပြီး သူလှည့်ထွက်လာမိသည်။ ကိုချစ်ထွေးတို့အုပ်စု သူ့နောက်သို့ လိုက်လာကြသည်။

'ရင်ခွင်..မင်းမှာ ဘာအပြစ်ရှိလို့ အလုပ်ထုတ်တာတဲ့လဲ၊ ဘာလဲ..သူ့သမီးနဲ့အတူ ထမင်းသွားစားမိလို့လား'

'အရေးမပါတာကွာ..ဒီနေ့ သူတို့အလျှုလုပ်တယ်ဆိုတာရော သိသေးရဲ့လား မသိဘူး'





'အလကားပါကွာ..အကုသိုလ်တွေ များလို့..ကုသိုလ်နဲ့လိုက်ပြီး ဖုံးနေတဲ့ဟာ အသိသာကြီး'

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ..ခုလိုမျိုး လူပုံအလယ်မှာ အရှက်ခွဲရမှ ကျေနပ်မှာလား..ခုနက ပြန်သွားတဲ့ ကောင်က ခေါင်းမှာချိုပေါက်နေလို့လား..လူလူချင်းဥစ္စာ..ကတစ်ဖက်၊ ယတစ်ဖက်လုပ်ရတယ်လို့..တောက်..'

ကိုချစ်ထွေးက ရင်ခွင့်ဘက်မှ မခံမရပ်နိုင်စွာ ဒေါသတကြီးပြောသည်။

ရင်ခွင် ခံစားနေရတာက ရွက်ကြွေအနားမှာ မနေရတော့လို့...

သူ့အရိပ်ကလေးကို မတွေ့နိုင်တော့ဘူး ဆိုတဲ့နောက်မှာပြင်းပြစွာ ခံစားရသည်။

'ဘာမှ စိတ်ခုတ်မကျနဲ့ ရင်ခွင်...မင်းကို ငါတို့ဝိုင်းပြီးအလုပ်ရှာပေးပါ့မယ်ကွာ'

'ကျွန်တော့်အတွက် စဉ်းစားပေးလို့ ကျေးဇူးပါပဲဗျာ၊ အမေမေးရင် ကျွန်တော် အိမ်ပြန်သွားပြီလို့ပြောပေးကြပါ'

ပြောပြီး ရင်ခွင် အိမ်ပြန်လာခဲ့သည်။ သူ့ဘဝမှာ ဒီနေ့လောက် စိတ်ထိခိုက်ရတာမျိုး မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အေးလေ. . ကျောင်းကြီးမပိတ်ခင်ထိတော့ ရွှက်ကြွေရဲ့ မျက်နှာလေးကို မြင်နေခွင့်ရှိဦးမှာပါ။

ဒီလိုပဲ ဖြေပြီး အားတင်းထားရပေမယ့် မျက်ရည်က စို့ချင်လာသည်။

နှုတ်ချလွန်းတဲ့ သူ့ဘဝကြီးကို ဒီနေ့ကျမှ အပြစ်တင်ချင်သည်။ အကောင်းမမြင်ချင်တော့

♦

ဆောင်းညပြာသိုစာပေ

# (၉)

ဆောင်းရွှက်ကြွေသည် ရင်ခွင် လာနေကျလမ်းလေးကို အိမ်အပေါ်ထပ်မှ မျှော်ငေးကြည့်နေမိသည်။

ဒီနေ့ ကျောင်းပိတ်ရက်ပဲ။ ရင်ခွင် ဘာလို့မလာသေးတာလဲ။ တစ်နေ့က မေမေ့လုပ်ရပ်ကို မုန်းတီးပြီး မလာတော့တာများလား. . .

အချိန်တွေ တရွေ့ရွေ့ကုန်လွန်လာသည်။

လာပါတော့ ရင်ခွင်ရယ်. . . နင့်ကို ငါ တောင်းပန်စရာတွေ ရှိလို့ပါဟယ်။

နောက်ပြီး ငါ့ဘဝမှာ နင့်ကိုပဲ ရင်ဖွင့်နေရတာ၊ နင်မရှိလို့ မဖြစ်ဘူး ရင်ခွင်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ နှင် သိတယ်မဟုတ်လား။

'မမလေး ထမင်းမစားသေးဘူးလား'

အိမ်ဖော်မလေး ထွေးမိက အကြောင်းစုံသိနေသူဆိုတော့ ရွှက်ကြွေကို ကြည့်ပြီး သနားနေမိသည်။ ရင်ခွင်နဲ့ရွှက်ကြွေတို့ရဲ့ သံယောဇဉ်အတိမ်အနက်ကိုလည်း သူသိနေတာပဲလေ။

'ထွေးမိ. . အောက်မှာ အဖေနဲ့အမေ ရှိလား'

'ခုနလေးတင် အပြင်ထွက်သွားကြတယ်'

'အတော်ပဲ ငါ နှင့်ကို မေးစရာရှိတယ်. . မနေ့က ငါပြန်သွားပြီး ဘာတွေဆက်ဖြစ်ကြသေးလဲဟင်'

ထွေးမိပုံစံက ပြောလည်း ပြောချင်သည်။ ကြောက်လည်း ကြောက်နေပုံရသည်။

ရွှက်ကြွေက ထွေးမိလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး အားပေးကာ

'ပြောမှာသာ ပြောစမ်းပါဟယ်. . သူတို့မှရှိပါဘူး'

'ဟုတ်၊ ပြောပါ့မယ် ဒါပေမယ့် ထွေးမိပြောတယ်လို့ ပြန်မတိုင်ပါနဲ့နော် မမလေး'

'နင်က ငါနဲ့အနီးကပ်နေပြီး ငါ့အကြောင်း မသိဘူးလား ထွေးမိရယ်'





'မမလေး ပြန်သွားပြီးတော့ ဒေါ်ဒေါ်မာက ကိုရင်ခွင်ကို သူ့နောက်လိုက်ခဲ့ဖို့ ခေါ်တယ်။ ပြီးတော့မှ ဟိုဧည့်သည်ရဲ့ဖိနပ်ကို ယူပြီး စီးပေးခိုင်းတယ်လေ'

ရွှက်ကြွေ အရှမ်းစိတ်မကောင်းဖြစ်သွားသည်။

မေမေ အဲလိုမျိုး လုပ်ကိုမလုပ်သင့်တာ။ လူလူချင်း အင်မတန်မှ နှိမ့်ချပြီးဆက်ဆံတဲ့ အပြုအမူမျိုးပဲ။ ငါပိုက်ဆံရှိတာပဲဆိုပြီး လုပ်ချင်ရာ လုပ်နေတော့မှာလား။

ရင်ခွင် ငါ နှင့်အပေါ်မှာ အကြွေးတင်တာတွေ များနေပြီဟာ. . .

'ရင်ခွင်ကရော စီးပေးတာပဲလား'

'တော်သေးတာပေါ့ မမလေးရယ် ဧည့်သည်က သူ့ဟာသူ ယူစီးသွားလို့'

'ရင်ခွင် ဘာဖြစ်သွားသေးလဲ ထွေးမိ၊ သူတော်တော် စိတ်မကောင်းဖြစ်သွားမှာပဲနော်'

'ဟုတ်တယ် မမလေး သူ့မျက်နှာက အရှမ်းခံစားနေရတဲ့ပုံပဲ၊ ဒီထက်ပိုဆိုးတာက ဒေါ်ဒေါ်က ကိုရင်ခွင်ကို အလုပ်ထုတ်ပစ်လိုက်တယ်'

'ဘာ'



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ကြွေအသံက ကျယ်သွားတော့ ထွေးမိပင် လန့်သွားသည်။ မေမေ့စိတ်ခါတ်ကို ရွှက်ကြွေ နားမလည်နိုင်တော့။

'ငါနဲ့အတူ ထမင်းတစ်ဝိုင်းတည်းစားမိလို့ သူပြန်ပေးဆပ်ရတာက သိပ်ပြီး များမနေဘူးလားဟင် ထွေးမိ. . အဲဒီလောက်အထိ လိုလို့လား'

ထွေးမိက ခေါင်းခါပြသည်။ ရွှက်ကြွေသည် အိမ်နေရင်းဝတ်ထားသည့် ချည်ထည်အင်္ကျီလေးနှင့်ပင် အောက်ထပ်သို့ ပြေးဆင်းလာခဲ့မိသည်။

ထွေးမိက ပြေးလိုက်လာပြီး

'မမလေး. . မမလေး. . ဘယ်သွားမလို့လဲ၊ ဒေါ်ဒေါ်က မှာထားခဲ့တယ်. . . မမလေးကို ဘယ်မှမသွားစေနဲ့တဲ့'

ထွေးမိပြောတာတွေကို ရွှက်ကြွေဂရုမစိုက်နိုင်တော့။

ဒီအချိန်မှာ သူတွေ့ချင်နေတာက ရင်ခွင်ပဲလေ။ ရင်ခွင့်ဆီကိုပဲ ရောက်အောင်သွားမှာပေါ့။

ထွေးမိက ခြံဝအထိ ပြေးလိုက်လာသေးသည်။

'မမလေး စက်ဘီးနဲ့ သွားပါလား ပိုမြန်တာပေါ့. . နာရီဝက်လောက်နေရင် ပြန်လာခဲ့နော် မမလေး. . ဦးနဲ့ဒေါ်ဒေါ် သိပ်ကြာမယ် မထင်ဘူး'





'အေးဟာ ကျေးဇူးပဲ'

ထွေးမိပေးတဲ့ အကြံအတိုင်းပင် ရွှက်ကြွေက စက်ဘီးကိုနင်းပြီး ထွက်လာခဲ့သည်။ ပူနွေးနေသော လေပူတွေက သူမမျက်နှာကို ပွတ်သပ်လာကြသည်။

လေပူပူ နေပူပူထဲမှာ ပူနွေးနေသော မျက်ရည်စီးကြောင်းတွေက သူမမျက်နှာထက်ဆီမှာ. . လိမ်းထားတဲ့ ရှင်မတောင်သနပ်ခါးတွေပင် ပျက်ကုန်ပြီ။

ရင်ခွင်ရယ်. . နင် အရမ်းခံစားနေရမှာ ငါသိနေပါတယ်ဟာ။

ရင်ခွင်တို့အိမ်ရှေ့ရောက်တော့ ရွှက်ကြွေက စက်ဘီးပေါ်မှဆင်းပြီး တွန်းဝင်လာခဲ့လိုက်သည်။

သားအမိနှစ်ယောက်တည်းနေတဲ့အိမ်လေးမှာ ငြိမ်သက်တိတ်ဆိတ်ပြီး ခြောက်ကပ်လွန်းလှသည်။

ရွှက်ကြွေက စက်ဘီးကို ဒေါက်ထောက်ပြီး အိမ်ထဲသို့ဝင်လိုက်သည်။

ဘုရားစင်ရှေ့က ဖျာပေါ်မှာ တစ်ယောက်တည်း ငြိမ်သက်စွာ လှဲနေသော ရင်ခွင်ကိုတွေ့ရသောအခါ. . . .

သူ့မျက်နှာလေးက အင်မတန်မှ ကြေကွဲနေတဲ့ပုံ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေက အိမ်အမိုးဆီမှာ. . .

သူ အိပ်နေတာမှ မဟုတ်ဘဲ. .

ဒါနဲ့များတောင် ရွှက်ကြွေဝင်လာတာ သူ မသိရှာဘူး။

စိတ်နဲ့ကိုယ်ရော ကပ်သေးရဲ့လား ရင်ခွင်ရယ်။

ရွှက်ကြွေက သူ့နံဘေးမှာ ဒူးထောက်ပြီး ထိုင်ချလိုက်ကာ 'ရင်ခွင်'ဟု တိုးဖွဖွခေါ်မိသည်။

သူက ရွှက်ကြွေကို သေချာကြည့်ပြီး တအံ့တဩဖြင့် ငေါက်ခနဲ ထထိုင်လိုက်ကာ

'ရွှက်ကြွေ. . နင် ငါ့ဆီကို လာတယ်. . ဟုတ်လား'

ရွှက်ကြွေက ခေါင်းညိတ်ပြလိုက်သည်။

'အမေက နင့်ကို အလုပ်ထုတ်လိုက်တာဆို. . ဟုတ်လား ရင်ခွင်'

'ဟုတ်တယ်'

'နင် ငါ့အတွက်နဲ့အလုပ်ထွက်လိုက်ရတာ ငါ အရမ်းဝမ်းနည်းတယ် ရင်ခွင်. . အမေတို့ လုံးဝမတရားဘူး'

'ထားလိုက်ပါတော့ဟာ. . ငါ စိတ်မကောင်းဖြစ်တာက'

ရင်ခွင်က ဆက်မပြောသေးဘဲ ရွှက်ကြွေမျက်နှာလေးကို ငေးကြည့်ကာ





'နင့်အနားမှာ ငါ ရှိမနေနိုင်တော့ဘူး. . နင့်အတွက် ငါ လုပ်ပေးချင်တာတွေ မလုပ်ပေးရတော့ဘူး'

'ရင်ခွင်. . နင် ငါ့မျက်နှာကိုကြည့်'

သူတို့နှစ်ယောက် မျက်လုံးချင်းဆုံပြီးချိန်တွင် ရွှက်ကြွေက

'ငါ နင့်ကို အချိန်ပြည့် သတိရနေမှာပါဟာ. . . ကျောင်းမပိတ်ခင်အထိတော့ ငါတို့ ကျောင်းမှာ တွေ့လို့ရတာပဲ။ ငါ စိတ်မကောင်းတာတစ်ခုက နင်အလုပ်သစ်ရှာဖို့ အဆင်မှပြေရဲ့လားလို့'

'ကိုအေးထွန်းတို့ဆီမှာ သွားလုပ်မလားလို့ သူ ငါ့ကို ခေါ်နေတာကြာပြီ'

'ရင်ခွင်၊ နင် စာမှန်မှန်ကျက်နော် တို့နှစ်ယောက်လုံး စာမေးပွဲအောင်မှဖြစ်မှာ'

'နင်လည်း ကျန်းမာအောင်နေနော်၊ သိပ်ပြီး စိတ်ညစ်မခံပါနဲ့ ရွှက်ကြွေ'

ဆက်ပြီး ပြောချင်သေးတဲ့စကားတွေက ရင်ထဲမှာအပြည့် ရှိပေမယ့် အချိန်မတန်သေးတော့ မျိုသိပ်ရင်း တိတ်တခိုးချစ်နေရုံသာ တတ်နိုင်တော့သည်။

တကယ်တမ်း ရင်ခွင်တွေးပူနေတာက ရဲနွယ် ဆိုတဲ့လူနှင့် ရွှက်ကြွေကို ပေးစားလိုက်မှာ ကြောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဥမ္မာ ဒီလောက် အရေးပေးနေပုံထောက်တော့. .

'မခင့်ကိုလည်း ငါ တောင်းပန်တယ်လို့ ပြောပေးပါနော်၊ ငါသာ နင်တို့နဲ့အတူ ထမင်းလာမစားမိရင် အခုလိုအဖြစ်မျိုး ကြုံရမှာမဟုတ်ဘူး'

ရွှက်ကြွေ အရမ်းဝမ်းနည်းနေတာတွေ့တော့ ရင်ခွင်က ဖျောင်းဖျမိသည်။

'အဲလိုတွေလျှောက်တွေးနေရင် နင်ပဲ ပင်ပန်းမှာပေါ့ ရွှက်ကြွေရယ်. . အရာရာတိုင်းဟာ သူ့သဘောနဲ့သူ ဖြစ်လာပြီးသားပါဟာ၊ ငါတို့အတွက် ဘာမှ မပူနဲ့နော်. . အခုကော နင် ဘာစားပြီးပြီလဲ'

'ဟင့်အင်း. . စားချင်စိတ်မရှိလို့ မစားခဲ့ဘူး'

'စာမေးပွဲနီးပြီလေ၊ အစာမစားရင် နင် အားပြတ်သွားမှာပေါ့'

ရင်ခွင်က စိုးရိမ်တကြီးဆိုလျှင် ရွှက်ကြွေက

'ပြတ် ပြတ်ဟာ. . သေသွားတာကမှ ကောင်းသေးတယ်၊ ခုလိုနေရတာကြီးကို ငါပျော်နေတယ် ထင်လို့လား'

ရွှက်ကြွေစကားဆုံးသောအခါ ရင်ခွင်သည် ထိုင်ရာမှ ထပြီး အနောက်သို့ ဝင်သွားကာ ထမင်းတစ်ပန်းကန်ခူးပြီး မနက်က





အမေကြော်ပေးခဲ့သော ငါးပိအစိုကြော်နှင့် သရက်သီးစိမ်း အစိတ်ကလေးတွေ ထည့်ပြီး ပြန်ထွက်လာသည်။

ပြီးတော့ အိပ်ခန်းထောင့်ရှိရေအိုးစင်မှ ရေတစ်ခွက်သွားခပ်လာသည်။

'ရွှက်ကြွေ. . ထမင်းစားလိုက်ဦး'

'ငါ့ကိုကျွေးပြီး နင်ကျတော့ရော စားပြီးလို့လား'

ရင်ခွင်မှာ အဖြေ မရှိတော့ပါ။

သူ ထမင်းမစားတာ နှစ်ရက်ရှိပြီဆိုတာ ရွှက်ကြွေ သိနေလို့လား။

ရွှက်ကြွေက ငါးပိကြော်နှင့်ထမင်းတစ်ဇွန်းခပ်ကာ ရင်ခွင်ကို ခွံ့ကျွေးသည်။

'စားလေ'

'နင် ငါ့ကို ခွံ့ကျွေးနေတာလား ရွှက်ကြွေ'

'စားပါဆိုမှ'

သူ့ပါးစပ်ကို ဟ,ပေးမိသည်။ ရင်ထဲမှာလည်း စည်းချက်မညီ။ တိုင်မင်မကိုက်တဲ့ ရင်ခုန်သံတွေက တိုးသွားလိုက် ကျယ်လာလိုက်နှင့်။

သူ အသေအချာသိနေတာတစ်ခုက ဒီနေ့ ရွှက်ကြွေ ကျွေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ထမင်းတစ်လုတ်က ကမ္ဘာပေါ်မှာ အရသာအရှိဆုံး ထမင်းတစ်လုတ်ပင်။

'ဒီတစ်ခါ နင့်အလှည့်နော်. . ပါးစပ်ဟာ၊ လာပြီ. . . ဒီမှာ သရက်သီးနဲ့ ငရုတ်သီးစိမ်းပါ ထည့်ပေးမယ်'

'ရင်ခွင်နော်. . ထမင်းလုတ်ကြီးက အကြီးကြီးပဲ ငါ့ပါးစပ်နဲ့တောင် မဆန့်ဘူး'

ပလုတ်ပလောင်းစားပြီး ရွှက်ကြွေက သဘောကျစွာရယ်နေသည်။ ဒီကောင်မလေး ဒီလို မရယ်မပြုံးတာ တယ်လောက်ကြာနေပြီလဲ။

တစ်လှည့်စီခွံ့ကျွေးရင်း ထမင်းတစ်ပန်းကန်လည်း ကုန်ပြီ။ အချိန်တွေလည်း ကုန်မှန်းမသိ ကုန်လာခဲ့သည်။

'ထန်းလျက် စားဦး ရွှက်ကြွေ၊ အစာကျေတယ်'

'ထန်းလျက်ဆိုမှ နင် မှတ်မိသေးလား ရင်ခွင်၊ ငယ်ငယ်တုန်းကနင် ငါ့ကို ထန်းလျက်ခဲလေးတွေ ယူ ယူလာပြီး ကျွေးတာလေ'

'မှတ်မိတာပေါ့ နင့်ထမင်းဘူးထဲက တစ်ဝက်ကို ငါအမြဲစားခဲ့တာပဲဟာ'

'အဲဒါ ငါထည့်ခိုင်းတာ. . နင့်ကို ကျွေးချင်လို့ ထမင်းမဝ





ဘူးဆိုပြီး ဟင်းချက်တဲ့အဒေါ်ကြီးကို ထမင်းဘူးအပြည့် ထည့်ခိုင်းခဲ့တာ'

သံယောဇဉ်နဲ့နွှယ်သော ဖြူစင်တဲ့ စေတနာလေးတွေက ကလေးဘဝမှာပင် အခိုင်အမာတည်ရှိပြီးခဲ့ပြီ။

ပြန်တွေးလိုက်တိုင်း ကြည်နူးစရာတစ်ခုခုကျန်နေခဲ့မြဲပင်။

'ကိုရင်ခွင်. . ကိုရင်ခွင်'

'ဟော. . . ထွေးမိအသံကြားတယ်'

ထွေးမိက အိမ်ထဲဝင်ပြီး အမောတကောဖြင့်

'မမလေး မြန်မြန်လာတော့၊ ခုနတုန်းက မမလေးအမေ ဖုန်းဆက်တယ် ကျွန်မက အိမ်သာတက်နေတယ်လို့ ပြောထားတာ ထပ်ဆက်ဦးမလား မသိဘူး၊ ဒါမှမဟုတ် ပြန်များလာမလားဘဲ'

ရွှက်ကြွေမျက်နှာလေးမှာ အပျော်တွေ ပျောက်ဆုံးသွားသည်။

'ရင်ခွင် ငါပြန်တော့မယ်နော်၊ မေခင်လာရင်သာ ဆက်ဆက်ပြောပေးပါနော် ငါ နင်တို့အပေါ်မှာ အကြွေးတင်တာတွေ များနေပြီ'

'သွားတော့ ရွှက်ကြွေ. . နင့်အမေ ဒေါသက သူများနဲ့တူတာ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ်လေးနဲ့ သူ့ကိုလှည့်ကြည့်ပြီး စက်ဘီးစီးကာ ထွက်သွားသော သူမနောက်ကျောလေးကို ငေးကြည့်ရင်း ကျန်နေခဲ့ရသည်။

သူမပုံရိပ်က တဖြည်းဖြည်း ဝေး၍သွားသလို သူ့အမြင်အာရုံတွေလည်း ဝေဝါး၍လာခဲ့သည်။

ရွက်ကြွေနဲ့ပတ်သက်လာရင် ခံစားချက်တွေက ထိရှလွယ်သည်။ ပွန်းပဲ့လွယ်သည်။

ပြိုဆင်းလာသော မျက်ရည်တွေကို ပြန်သိမ်းရင်း ပျော်ရွှင်ခဲ့ဖူးတဲ့ ခဏတာကို လွမ်းဆွတ်စွာပင်. . . .

♦



## (၁၈)

ကိုအေးထွန်း ပြောပေးလို့ ရင်ခွင်က 'စိုး'ဝပ်ရှော့မှာ နေ့စား ဝင်လုပ်ဖြစ်သည်။ ကျောင်းပိတ်ရက် နှစ်ရက်ကို ငါးထောင်၊ ခြောက်ထောင်လောက်တော့ ရသည်။

ကားတစ်စီးကို ဘော်ဒီ ဆေးမှုတ်ပြီးနောက် ထမင်းစားဖို့ သူတို့ နားကြသည်။ ကိုအေးထွန်းနှင့်သူ သစ်ပင်အောက်ရှိ ကွပ်ပျစ်လေးပေါ်တွင် ထိုင်ပြီး ထမင်းဘူးတွေ ဖွင့်လိုက်ကြသည်။

ကိုအေးထွန်းက ရင်ခွင့်မျက်နှာကို စေ့စေ့ကြည့်ပြီး

'ငေါင်လှချည်လားကွ. . မင်းနှလုံးသားမှာ အမာရွတ်မှမရှိတာ၊ အဲဒီတော့ ပိုပြီး ပွန်းပဲ့လွယ်မှာပေါ့'

'ကျောင်းပိတ်ရက်တွေကို ကျွန်တော်မုန်းတတ်လာပြီဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ရင်ခွင်. . မင်း အဲဒီလောက် လိုက်ပြီး ခံစားမနေနဲ့လေကွာ၊ ဘယ်လိုမှမဖြစ်နိုင်တဲ့ဇာတ်လမ်းကို ဘာဖြစ်လို့ ဆက်ပြီး ကချင်သေးတာလဲ'

ရင်ခွင်က ဘယ်လိုပြန်ပြောသလဲဆိုတော့

'ကျွန်တော့်ဘဝမှာ ဇာတ်တစ်ပုဒ်ပဲ ကမှာ'

'ဒါဖြင့် မင်းက နောက်မဆုတ်ဘူးပေါ့၊ ဖြစ်လာမယ့်အကျိုးဆက်က ဘာဖြစ်မလဲ ရင်ခွင်'

'ဘာပဲဖြစ်ဖြစ်. . ကျွန်တော် ခံယူမှာပါ'

'မင်းအတွက် အရင်းအနှီးက အရမ်းကြီးနေမှာကို ငါ စိုးရိမ်တယ် ရင်ခွင်'

'ဘယ်လိုလုပ်ရမလဲဗျာ၊ သူက ကျွန်တော့်ဘဝပဲ၊ ကျွန်တော့်အိပ်မက်ထဲက နတ်သမီးလေးပဲလေ'

ရင်ခွင်က ထမင်းဘူးလေးထဲမှ ကြက်အသည်းအမြစ် တစ်ဖတ်ကို ဇွန်းနဲ့ခပ်ယူပြီး

'ဒီဟင်းဆို သူသိပ်ကြိုက်တာ၊ မဆလာ များများအုပ်ပေးမှတဲ့လေ'

ကိုအေးထွန်းက သံယောဇဉ်ကြီးလွန်းသော ကောင်လေးကိုဆက်မပြောတော့ဘဲ ခေါင်းရမ်းပြီး ထမင်းကိုသာ ဆက်စားနေ





လိုက်သည်။ ရင်ခွင်ကတော့ ထမင်းကို ဟုတ်တိပတ်တိ မစားဘဲ တို့ကနန်း ဆိတ်ကနန်းစားကာ ထမင်းဘူးကို ပြန်ပိတ်လိုက်သည်။

သူတို့ဝပ်ရှော့သို့ ကုန်တင်ကားကြီးတစ်စီး ဝင်လာရာ ကိုအေးထွန်းက

'ဟော. . ပြောရင်းဆိုရင်း. . မင်းယောက္ခမအိမ်က ကားမဟုတ်လား'

ဟု လှမ်းပြောသည်။

'ဟုတ်တယ်ဗျ ကိုမောင်ကြီးကားပဲ၊ ဘာဖြစ်လာလဲမသိဘူး'

ရင်ခွင်က ကိုမောင်ကြီးဆီ ပြေးသွားရင်း

'ကိုမောင်ကြီး နေကောင်းလားဗျ'

'ဟာ. . ရင်ခွင်၊ မင်းပိန်သွားတယ်နော် စာတွေကုန်းကျက်နေလို့နဲ့တူတယ်'

'ကားက ဘာဖြစ်လို့လဲ ကိုမောင်ကြီး'

'ခုတလော နည်းနည်းဗွေဖောက်နေလို့ဟ၊ တစ်ခုပြီးတစ်ခု ကို ဖြစ်နေတာ'

'ကျွန်တော့်ဆရာကို ခေါ်ပြီး စစ်ကြည့်ခိုင်းမယ်လေ၊ ကျွန်တော်က ရောက်တာမကြာသေးတော့ အလုပ်သင်ပဲ ရှိသေးတာ'

'အေးကွာ ကြိုးစားပေါ့. . မင်းမှာ ဇွဲနဲ့ဝီရိယရှိသားပဲ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ပြောရဦးမယ်၊ မနေ့က ရွှက်ကြွေနဲ့သူ့အမေ အကြီးအကျယ် ပြဿနာတက်နေတယ်. . ခမျာ အရိုက်ခံရတဲ့အထိပဲ'

'ဘာ. . ဘာဖြစ်လို့လဲဗျ'

'ငါလည်း သေချာ မသိဘူး. . ဒါပေမယ့်. . အဘွားကြီးက ကောင်မလေးကို ရန်ကုန်သွားဖို့ခေါ်တာဖြစ်မယ်၊ ဟိုကလည်း ဇွတ် ငြင်းတော့ ကျွိုင်တွေပူကုန်ပြီး ရွှက်ကြွေအရိုက်ခံလိုက်ရတယ်ကွာ၊ ငါတို့တောင် စိတ်မကောင်းဘူး. . ဒီလိုမိဘမျိုးတော့ မတွေ့ဖူးပေါင် ဗျာ၊ လိမ္မာရေးခြားရှိပြီး ချစ်စရာကောင်းတဲ့သမီးလေးကို နည်းမျိုးစုံ နဲ့ကို စိတ်ဆင်းရဲပေးနေတာ'

ကိုမောင်ကြီးစကားတွေက သူ့နားထဲကို အဝင်ဆိုးစွာဝင် လာသည်။

'သူ့အဖေက ဘာမှဝင်မပြောဘူးလား'

'သတင်းစာဖတ်တောင် မပျက်ပါဘူးကွာ. . အဲဒါကြောင့် ပြောတာပေါ့. . . သူတို့သမီးက အပျိုအရွယ်လေး ဖြစ်နေပြီ. . ဘာ ကိစ္စ ရိုက်မောင်းပုတ်မောင်းလုပ်ရတာလဲ. . ပတ်ဝန်းကျင်ကြားလို့ မှမတော်၊ အဘွားကြီးကွာ. . အော်ဟစ်ပြီး ပေါက်ကွဲနေလိုက်တာ၊ တကယ့် ငါးစိမ်းသည်ကျနေတာပဲ၊ လတ်လန်တယ်၊ တကယ်အဆင့် မရှိတာပဲ. . ဘယ်လိုလုပ်ပြီး သူဌေးဖြစ်လာသလဲတော့ မသိဘူး'





ရွှက်ကြွေက စိတ်ဆိုးရင် ထမင်းစားမှာ မဟုတ်တော့ဘူး။ ဒါတွေကို သိလေ. . သူ့ရင်တွေ ပူလေပင်။

ရွှက်ကြွေကို သွားပြီး နှစ်သိမ့်ပေးချင်သည်။ မဖြစ်နိုင်မှန်း လည်း သိနေသည်ပဲ။

ရင်ထဲမှာ ပူသည်။ ရွှက်ကြွေအသားနာရင် သူ့အသည်း တွေ ဆတ်ဆတ်ခါနာကျင်လာသည်။ သူ့အထင် မမှားဘူးဆိုရင် ရွှက်ကြွေကို ရဲနွယ်နှင့် ရွှေလမ်းငွေလမ်း ခင်းကြတော့မည် ထင် သည်။ ရွှက်ကြွေငြင်းတာ အကြောင်းတစ်ခုတော့ ရှိရမည်။

'ကိုမောင်ကြီး. . ဖိုတလောတုန်းက ကထိန်မှာ တွေ့တဲ့ ညှော့သည်က ဘယ်ကလဲ. . ဒေါ်ဥမ္မာက အဲဒီလူကို သိပ်ပြီး အရေး ပေးသလိုပဲ'

'ပေးမှာပေါ့ကွ. . တစ်ဦးတည်းသော သား၊ ကျိုကျိုတက် ချမ်းသာတယ်၊ ဘွဲ့ရပညာတတ်၊ ရန်ကုန်က ပွဲရုံပိုင်ရှင်သူဌေးလေ'

ရင်ထဲမှာ ပိုပြီးပူလောင်သွားသည်။ မချစ်ရသေးခင်မှာပဲ စွန့်လွှတ်ရဖို့ ရာနှုန်းပြည့်သေချာနေပြီလားကွာ. . အားတင်းထား ပေးပါ ရွှက်ကြွေရယ်. .

နင့်အနားမှာ တစ်သက်လုံးရှိနေဖို့ ငါလာခဲ့မှာပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၁၁)

ကျောင်းဖွင့်တဲ့နေ့မှာတော့. . သူ့စိတ်တွေက စောနေပြီး ကျောင်းသို့ အစောကြီးရောက်နေခဲ့သည်။

ရွှက်ကြွေကို ခုတလော သူ့အမေကိုယ်တိုင် အကြိုအပို့လုပ်သည်။ အရင်လို လွတ်လွတ်လပ်လပ်သွားလာခွင့်မပေးတော့သည့် သဘောပင်။

ရွှက်ကြွေ ကားပေါ်က ဆင်းလာတာကို. . စာသင်ခန်းရဲ့ ထောင့်အကွယ်ကနေ ခိုးချောင်းရင်း စိတ်မကောင်းဖြစ်ရသည်။

ရွှက်ကြွေ ငိုထားတယ်နဲ့ တူတယ်. . မျက်လုံးလေးတွေ မို့မောက်ပြီး ရောင်ကိုင်းနေသည်။

တစ်လှမ်းချင်းလှမ်းပြီး သူ့အနားရောက်လာသော ရွှက်ကြွေကို ရင်ခွင်က တိုးတိုးလေးလှမ်းခေါ်သည်။





'ရွှက်ကြွေ. . '

'ရင်ခွင်. . . '

သူမအသံက ငိုသံလေးစွက်နေသည်မို့

'အိမ်မှာ ဘာဖြစ်လို့လဲ ရွှက်ကြွေ'

'သိပြီးရင်လည်း နင်စိတ်ဆင်းရဲရမှာ၊ မသိချင်ပါနဲ့ ရင်ခွင်ရယ်. . နင် စာတွေ ကျက်ဖြစ်ရဲ့လားဟင်'

'နင်မပြောလည်း ငါအားလုံးသိပါတယ်ဟာ. . နင့်အမေနဲ့ ပြဿနာဖြစ်လို့ဆို. . တစ်နေ့က ကိုမောင်ကြီးလာလို့ သိရတာ'

ရွှက်ကြွေ မျက်နှာကလေး ငယ်သွားသည်။ မျက်ရည်လေးတွေ ဝေ့လာသည်။

'နင်စိတ်မကောင်းဖြစ်သွားရင် ဆောရီးပဲဟာ. . ငါ စိတ်မကောင်းလို့ မေးကြည့်တာပါ'

'သူတို့က ငါ ဆယ်တန်းဖြေပြီးရင် ရန်ကုန်က ဟိုလူ့အိမ်ကို ပို့ပြီး သင်တန်းတွေ တက်ခိုင်းမလို့တဲ့. . အဲဒါ ငါက ငြင်းလို့တဲ့လေ၊ ငါ့ကို ရိုက်တယ် ရင်ခွင်ရဲ့'

မိဘနဲ့သားသမီးကြား မဝင်ကောင်းမှန်း သိပေမယ့် ရွှက်ကြွေကို ရိုက်တာတော့ ရင်ခွင် သည်းမခံနိုင်။

'ငါ ရှင်းရှင်းပဲ မေးပော့မယ်ဟာ. . သူတို့က နင့်ကို အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ သဘောတူနေပုံ ရတယ်. . ငါပြောတာ ဟုတ်တယ် မဟုတ်လား'

'ငါမိဘပဲ. . ငါလုပ်ရင် ဘာမဆိုနာခံရမယ် ဆိုတဲ့အထဲမှာ ငါ့မိဘတွေ ရှေ့ဆုံးက ပါတယ် ရင်ခွင်၊ သူတို့ ဘယ်တော့မှ ငါ့ခံစားချက်ကို ထည့်တွက်မှာ မဟုတ်ဘူး။ ငါ ဒီအရပ်ကို ခင်တွယ်တယ်၊ ငါတို့မြို့လေးကို မခွဲနိုင်ဘူး ရင်ခွင်. . မန်ကျည်းပင်တွေ၊ ထနောင်းရိပ်တွေနဲ့ ဒီနေရာလေးမှာ ဟိုးငယ်ငယ်လေးကတည်းက နင်နဲ့အတူတူ ဆော့ကစားခဲ့တာ'

ရွှက်ကြွေပြောတဲ့စကားက သူ့ရင်ကို နင့်စေပါသည်။

ငါလည်း နင်နဲ့ထပ်တူပါပဲဟာ. .

'ရွှက်ကြွေ. . အမေက မန်ကျည်းရွက်သုပ်လေး ထည့်ပေးလိုက်တယ်'

'ကျေးဇူးတင်ပါတယ်ဟယ်. . ခုတလော ငါ ထမင်းစားရတာ ခံတွင်းမတွေ့ဘူးဖြစ်နေတာ'

'နင် စိတ်ချမ်းသာအောင်နေပါဟာ. . နင်စိတ်ဆင်းရဲတာတွေ့ရင် ငါလည်း မပျော်ဘူး'

ကျောင်းမှာ ဒီလိုပဲ ခဏလေးတွေ့ခွင့်၊ စကားပြောခွင့်ရပြီး အချိန်တန်တော့ ကိုယ်လမ်း ကိုယ်လျှောက်ပြီး ကိုယ့်အိမ် ကိုယ်ပြန်

*ဆောင်းညပြာသိစာပေ*



ကြရတာပါပဲ။ ရင်ထဲမှာ သံမှိုစွဲထားတဲ့ သံယောဇဉ်တွေက တစ်နေ့တခြား ခိုင်မာလာခဲ့ပြီ။

ဖွင့်မပြောပေမယ့် နားလည်နေတဲ့နှလုံးသားကိုယ်စီလည်း ရှိခဲ့ကြပြီ။

အစွန်းအထင်း မရှိတဲ့. . အဖြူထည်ကောင်မလေးကို ဘာဆေးမှ မချယ်ပေးချင်ပါ။

ဒါကြောင့် သူ့အချစ်တွေကို ရင်ထဲမှာပဲ သိမ်းဆည်းထားဖို့ ဆုံးဖြတ်ခဲ့သည်။

စာမေးပွဲကြီးဖြေဖို့ကလည်း ဘယ်နှလမှမလိုတော့။ စာထဲကို အာရုံစိုက်ပြီး ဆယ်တန်းအောင်ဖို့က အရေးကြီးလာပြီ။

ဟိုးအရင်လို ကျောင်းဆင်းချိန်လေးကို ပြန်ပြီး လွမ်းဆွတ်မိသည်။ စကားတွေပြောရင်း၊ ရယ်မောပျော်ရွှင်ရင်း မုန့်တွေဝယ်စားကြသည်။

အကြော်ဆိုင်မှာထိုင်ပြီး အကြော်စားခဲ့ဖူးသည်။

အသက်ရှူနေသေးသရွေ့ မေ့လို့ရမယ့်အရာတွေ မဟုတ်မှန်းလည်း သိနေပြီးသားပဲ။

အခုအချိန်မှာ ရင်ခွင် အကြောက်ဆုံးက စာမေးပွဲဖြေပြီး ရောက်လာမယ့် နွေကျောင်းပိတ်ရက်တွေ. .

*ဆောင်းညပြာသိစာပေ*

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန်မှာ ရွက်ကြွေကို ပြန်ခေါ်သွားတဲ့ ကားလေးကို ငေးကြည့်ရင်း သူ ကျန်ခဲ့ရသည်။

အခြေအနေချင်း ကွာခြားသလို.. အဆင့်အတန်းချင်းကလည်း အလွှာခြားနေသည်။

သူ့အသိဉာဏ်နဲ့ဦးနှောက်ထဲမှာ သန်ဘက်ခါ ရွက်ကြွေရဲ့ မွေးနေ့ဆိုတာ အမှတ်ရနေသည်။

အရင်လိုပဲ ရွက်ကြွေ ပျော်အောင် လုပ်ပေးရဦးမည်။

တစ်နှစ် တစ်ခါ ကျရောက်တဲ့ သူမမွေးနေ့လေးမှာ စိတ်ချမ်းသာစေချင်သည်။ ပျော်စေချင်သည်။

◆



## (၁၂)

ရွက်ကြွေသည် ယွန်းဘူးကလေးထဲမှာ အမြတ်တနိုးသိမ်းဆည်းထားသည့် ထန်းရွက်ပုတီးလေးတွေကို အသာထုတ်ကြည့်မိသည်။

အားလုံးသောပုတီးတွေက ရွက်ကြွေမွေးနေ့မှာ ရင်ခွင်က အမှတ်တရပေးခဲ့သည်ချည်းသာ။

မနက်ဖြန်ကျရင်တော့ ရင်ခွင့်ဆီက ထန်းရွက်ပုတီးလေး ရမှရပါတော့မလား...

'ရွက်ကြွေ..'

အနားကပ်ပြီး ထွက်လာတဲ့ အသံကြောင့် ရွက်ကြွေ လန့်သွားသည်။

'အမေ့'



www.burmeseclassic.com

www.burmeseclassic.com



အမေရယ်လေ. . သူမလက်ထဲမှ ပုတီးလေးတွေကို မမှိတ်မသုန်စိုက်ကြည့်နေသည်။

'ဒါက ဘာတွေလဲ. . စာမကျက်ဘဲ ဘာတွေ လုပ်နေတာလဲ. . ပြစမ်း'

အမေ ဆွဲလုလိုက်တော့ ယွန်းဘူးလေး အမေ့လက်ထဲ ပါသွားလေသည်။

'ဒီ အစုတ်ပလုတ် တန်ဖိုးမရှိတဲ့ဟာတွေကို. . . ညည်းက အမြတ်တနိုးထားတယ်ပေါ့လေ၊ လူ့ဘဝအကြောင်းကို ညည်း ဘယ်လောက်သိလို့လဲ ရွက်ကြွေ. . စိတ်ကူးယဉ်တဲ့သူတွေက ဘယ်တော့မှ လက်တွေ့ဘဝထဲကိုရောက်မလာနိုင်ဘူး၊ တူနှစ်ကိုယ် တဲအိုပျက်မှာ ထမင်းရည်သွားလျက်မိပြီးမှ ခမ်းနားထည်ဝါလွန်းတဲ့ တိုက်ကြီးပေါ် ပြန်တက်ချင်လို့မရတော့ဘူး. . အခု ညည်း ဘာဖြစ်နေသလဲဆိုတာ ငါ ကောင်းကောင်းသိတယ်၊ ညည်းခေါင်းထဲမှာ ဒီနှစ် ဆယ်တန်းအောင်အောင်ဖြေဖို့သာ ထည့်ထား၊ ဒီလိုတန်ဖိုးမရှိတဲ့ အသုံးမဝင်တဲ့ပစ္စည်းတွေနဲ့ အချိန်ကုန်မနေနဲ့. . ကဲဟယ်. . ကဲဟယ်'

ဒေါ်ဥမ္မာရဲ့လုပ်ရပ်က အရမ်းမြန်တော့ ရွက်ကြွေမှာ တားချိန်ပင် မရလိုက်။

ရွက်ကြွေ ဘဝနဲ့ထပ်တူတန်ဖိုးထားရတဲ့၊ အမြတ်တနိုးထား





ခဲ့တဲ့ပုတီးလေးတွေ ကြမ်းပြင်ပေါ်မှာ တစ်စစီ ပြန့်ကြဲကုန်ပြီ။ ရွက်ကြွေရဲ့မျက်ဝန်းအိမ်မှ မျက်ရည်တွေ တာကျိုးသလိုစီးကျလာသည်။

သံယောဇဉ်ဆိုတာမျိုးက အခန့်မသင့်တဲ့အခါ မီးလိုပူတာလက်တွေ့သိလိုက်ရပြီ။

မေမေ သိပ်ရက်စက်တာပဲ. . နှလုံးသားရဲ့အလိုနဲ့ လွတ်လပ်ခွင့်ကို တားမြစ်ပိတ်ပင်တယ်။

ရင်ခွင်နဲ့ သမီးရဲ့ သံယောဇဉ်က အဖြူထည်သက်သက်ပါ မေမေ။ ဘာတဏှာမှမပါဘူး။

အဝေးကနေ ကြည့်နေခွင့်၊ မြင်နေခွင့်လေးရရင် ကျေနပ်နေမှာပါ။

◆



www.burmeseclassic.com

www.burmeseclassic.com

ရင်ခွင့်လက်ထဲမှ ပုတီးလေးက အသက်ဝင်လာပြီ။

နှစ်စဉ် မပျက်မကွက် ပေးခဲ့ပေမယ့် တစ်နှစ်မှ ပုံစံမထပ်စေရအောင် သူကိုယ်တိုင်သီကုံးပြီး ဖန်တီးထားရတဲ့ ထန်းရွက်ပုတီးလေးတွေ . . ။

ကြည်နူးစိတ်တွေက ရင်ထဲမှာ လှိုက်ဖြာနေသည်။

ထန်းရွက်ပုတီးလေးက အဖိုးမတန်ပေမယ့် ကိုယ့်ရဲ့စေတနာမျိုးစေ့တွေက မျိုးမှန်ပါတယ် ရွက်ကြွေ . .

အသက်နဲ့လဲပြီး လောင်းကြေးထပ်ရဲတာက ဒီဘဝမှာ မင်းတစ်ယောက်တည်းပဲ ချစ်သွားမှာပါ. . .

'သားလေး. . . မအိပ်သေးဘူးလား'

အမေက သူ့လက်ထဲမှ ပုတီးလေးကို ကြည့်ပြီး မေးလာသည်။





'ဩော်. . ရွက်ကြွေမွေးနေ့တောင် ရောက်လာပြီကိုး. . ငါ့သားမှာလည်း ဝဋ်ကြီးလိုက်တာကွယ်'

'အမေ. . ဒီပုတီးလေးကို သူ့လက်ထဲရောက်အောင် ပေးဖို့ခက်ခဲနေတယ်. . သား စဉ်းစားနေတာကြာပြီ'

ရင်ခွင်က အမေ့ဆီမှာ ရင်ဖွင့်မိလေလျှင်

'သားက ဒီပုတီးလေး ပေးရမှ ကျေနပ်မှာလား. . ဒါပေမယ့် သားကိုယ်တိုင်ပေးဖို့ကလည်း ခက်နေတယ်. . ကျောင်းပိတ်ရက်ဖြစ်နေတာကိုး၊ အမေ့ကို အားကိုးစမ်းပါကွယ်၊ ငါ့သားအတွက် ဒီလောက်တော့ အမေလုပ်ပေးရမှာပေါ့'

'သားတောင် စဉ်းစားလို့မရတာ. . အမေက သူ့အိမ်ဘယ်လိုသွားမှာလဲဗျ'

'မုန့်လက်ဆောင်းတစ်အိုးတော့ ရင်းရမှာပေါ့'

'ဗျာ. . '

'မဗျာနဲ့ သားရေ. . . ရွက်ကြွေလေးက မုန့်လက်ဆောင်းသိပ်ကြိုက်တာ. . ပြီးတော့ နေ့ခင်းဆို သူတို့ဆီက အလုပ်သမားတွေ မုန့်လက်ဆောင်းသောက်ကြတယ်၊ ရွက်ကြွေလေး ဆင်းလာအောင်သာ သားဆုတောင်းထား. . နေဦး. . အမေ ဖုန်းကြိုဆက်ထားလိုက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်က သူ့အမေကို ပျာပျာသလဲ တားလေသည်။

'ဟာ. . အဲဒါတော့ သွားမလုပ်နဲ့ အမေ၊ ရွှက်ကြွေကို ဖုန်းမှ ပေးမကိုင်တာ၊ သူ့အမေ သိသွားရင် ပြဿနာတွေ တက်ကုန်လိမ့်မယ်'

'အမေ့ကိုမျှား အထင်သေးလို့ သားရယ်. . သူ့ဆရာမလို့ ပြောပြီး ဆက်မှာပေါ့'

'ဟာ. . ဟုတ်သားပဲ၊ သား အဲဒါကို မစဉ်းစားမိဘူး'

'ဒါဆို မနက်ဖြန် သားပါ လိုက်ခဲ့လေ. . သူနဲ့ဖုန်းပြောလို့ ရတာပေါ့'

ရင်ခွင်သည် အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး 'ကျေးဇူးတင်ပါတယ် အမေ'ဟု တိုးဖွဖွစွာ ပြောမိသည်။

♦



**(၁၃)**

ဒီနှစ်မွေးနေ့က ဘာမှအဓိပ္ပာယ်မရှိဘူးဟု ရွှက်ကြွေ ထင်သည်။ သွားနေကျထုံးဖြူစေတီလေးကိုလည်း သွားခွင့်မရှိတော့ဘူး။

ရနေကျ မွေးနေ့လက်ဆောင်ကလေးလည်း ရဖို့ မသေချာတော့ဘူး။

မိဘတွေဆီက မေတ္တာနဲ့ နွေးထွေးမှုကို လိုချင်ပေမယ့်. . တကယ်တမ်းရနေတာတွေက မယုံကြည်မှုနှင့် သံသယတွေပဲ ဖြစ်နေသည်။

'မမလေး. . ဖုန်းလာနေတယ်တဲ့'

ထွေးမိ လာခေါ်တော့ ရွှက်ကြွေ အရမ်းအံ့ဩသွားသည်။ မေမေက ရွှက်ကြွေကို ဖုန်းမှပေးမကိုင်တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူ့ဆီကလဲ'

'ဒေါ်ဒေါ်ပြောသံ ကြားတာတော့. . . မမလေးဆရာမ ဆိုလားပဲ'

'ဟုတ်လား. . အချိန်ပိုခေါ်မလို့ထင်တယ်'

ရွှက်ကြွေက အမေ့လက်ထဲမှဖုန်းခွက်ကို လှမ်းပြောင်းကိုင်လိုက်ပြီး

'ဟယ်လို'

'သမီးလေး ရွှက်ကြွေ'

ဒါ. . ဒါ မေခင့်အသံပဲ။ ဒေါ်ဥမ္မာက မလှမ်းမကမ်းမှရပ်ကြည့်နေသဖြင့် ရွှက်ကြွေက

'ဆရာမလား'

ဟု မေးလိုက်သည်။ စိတ်ချရပြီဆိုမှ ဒေါ်ဥမ္မာက နောက်ဖေးထဲ ဝင်သွားသည်။

ရွှက်ကြွေက အသံကိုတိုး၍

'မေခင်. . ဘာကိစ္စရှိလို့လဲဟင်'

'သမီး. . ဣန္ဒြေမပျက်စေနဲ့. . သားလည်း ပါတယ်၊ သူနဲ့ပြောလိုက်ဦး'

ရင်ထဲတွင် သိမ့်ခနဲတုန်သွားသည်။





လှိုက်ဖိုနေသောရင်ခွင်က အပျော်နဲ့ထိတွေ့လို့လား မသိ။ ရင်ခုန်သံတွေက ပရမ်းပတာနိုင်သည်။

ရင်ခွင်ရဲ့အသံလေး ကြားရပြီ။

'ရွှက်ကြွေ. . နင့်အမေမေးရင် ကျောင်းက အနီးကပ်ခေါ်သင်ဖို့ကိစ္စလို့ ပြောနော်. . အချိန်ပိုလေ'

ရင်ခွင်က သတိပေးမှ. . ရွှက်ကြွေက သံယောင်လိုက်ပြီး ပြောနေရသည်။

'ရပါတယ် ဆရာမ. . သမီးလည်း တက်မှာပေါ့၊ ဆရာမတို့က စေတနာနဲ့ အပင်ပန်းခံပြီးသင်ပေးမယ့်ကိစ္စပဲ'

'ပျော်စရာအပေါင်းနဲ့ ဝန်းရံခညောင်းတဲ့ မွေးနေ့လေးဖြစ်ပါစေ ရွှက်ကြွေ. . ဒီနေ့ မွေးနေ့လက်ဆောင်ပို့ပေးလိုက်မယ်နော်၊ နေ့ခင်းကျရင်သာ မုန့်လက်ဆောင်းဝယ်သောက်ဖို့ မမေ့နဲ့. . ဒါပဲနော်. . သိပ်ကြာနေရင် နင့်အမေ ရိပ်မိသွားလိမ့်မယ်'

'ကျေးဇူးတင်ပါတယ် ဆရာမ'

ရင်ခွင် ဖုန်းချသွားတော့ ရွှက်ကြွေက အလိုက်သင့်လေး ပြောနေမိသည်။ ဒေါ်ဥမ္မာက ရွှက်ကြွေအနားမှာ လာရပ်ပြီး မေးသည်။

'ဘာတဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မဟုတ်ပါဘူး. . စာမေးပွဲနီးလို့ အချိန်ပို ခေါ်သင်ပေးမယ်တဲ့. . အဲဒါ တက်မလားလို့လှမ်းမေးတာ'

ရွက်ကြွေက ပြောပြီး အခန်းထဲ ပြန်ဝင်သွားသည်။

သူမကုတင်လေးပေါ် ပစ်လှဲချလိုက်ပြီး ကြည်နူးစွာ ပြုံးနေသည်။

ဘယ်လိုမှ မရနိုင်တော့ဘူးလို့ ထင်ထားတဲ့ ပစ္စည်းလေးတစ်ခုကို ရတော့မှာပါလား။

အဓိပ္ပာယ်မဲ့နေတဲ့ ငါ့မွေးနေ့လေးကို ပျော်စရာကောင်းအောင် ဖန်တီးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ရင်ခွင်. .

ငါနဲ့ထပ်တူ နင်လည်း ငြိမ်းချမ်းပါစေ. . ပျော်ရွှင်ပါစေ. .

ရွက်ကြွေသည် မုန့်လက်ဆောင်းသည်ကို မျှော်နေမိသဖြင့် ထမင်းပင် ဖြောင့်အောင်မစားနိုင်ရှာ။

စာကျက်မည်ဟု အကြောင်းပြပြီး စာအုပ်တစ်အုပ်ကိုကိုင်ကာ ဝရန်တာမှာထွက်ထိုင်ပြီး မျှော်နေမိသည်။

မွန်းလွဲတစ်နာရီလောက်ကျတော့ မုန့်လက်ဆောင်းသည် ရောက်လာသည်။

မုန့်လက်ဆောင်းသည်တွေက များတော့ လာရောင်းတိုင်းလည်း ဆင်းမဝယ်ရဲတာမို့ သေချာအောင် ကြည့်ရသေးသည်။





မုန့်လက်ဆောင်းသည်မိန်းမကြီးက ဦးထုပ်ကို ဖယ်လိုက်ရင်း သူဘယ်သူဆိုတာ သိအောင် ပြလိုက်သည်။

ရွက်ကြွေ ပျော်ပြီး လှေကားမှ ပြေးဆင်းလာခဲ့သည်။

အမေ့ကို ကြည့်တော့. . ခေါက်ကုလားထိုင်ပေါ်မှာ ထမင်းလုံးစီပြီး အိပ်ပျော်နေပြီမို့ ရွက်ကြွေက အသာလေး ခြံထဲဆင်းလာခဲ့သည်။

အလုပ်သမားတွေလည်း မုန့်လက်ဆောင်းသောက်နေကြသည်။

'မေခင်. . '

'သမီး. . ရော့. . ဒါလေးယူသွား'

စက္ကူအိတ်ကလေးတစ်ခုနှင့်အတူ. . မေခင်က မုန့်လက်ဆောင်းတစ်ထုပ်ကို ယုတ္တိရှိအောင် ထည့်ပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် မေခင်'

မေခင်က ပြုံးပြီး ခေါင်းညိတ်ပြသည်။ ရွက်ကြွေ အိမ်ထဲပြန်ဝင်လာခဲ့သည်။

အမှတ်တရ၊ တခုတ်တရနဲ့ စွန့်စွန့်စားစားပေးလာတဲ့ ထန်းရွက်ပုတီးလေးမှာ တန်ဖိုးမဖြတ်နိုင်တဲ့ စေတနာတွေ နက်နက်ရှိုင်းရှိုင်းပါနေတာ ရွက်ကြွေ ခံစားလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှာ မျက်ရည်တွေ လည်လာတဲ့အထိကို ဝမ်းသာကြည်နူးရသည်။

ရင်ခွင်. . . နင့်ခံစားချက်တွေကို ငါမသိဘူးလို့ ထင်နေတာလား။

ငါ သိတာပေါ့ဟာ. . သိပ်သိတာပေါ့။ သိလွန်းလို့ ခက်နေတာပေါ့ ရင်ခွင်ရယ်. . .

အခန်းတံခါးကို ပိတ်ပြီး ရင်ခွင် ပေးလိုက်တဲ့ စာလေးကို ဖတ်နေတဲ့ ရွက်ကြွေရဲ့မျက်နှာလေးမှာ ခံစားချက်တွေ ပြည့်သိပ်စွာ ပေါ်နေသည်။

*သံယောဇဉ်တွယ် ရလွန်းတဲ့ ရွက်ကြွေရေ...*

*မင်္ဂလာရှိတဲ့ပျော်စရာအပေါင်း နဲ့ခညောင်းတဲ့မွေးနေ့လေး ဖြစ်ပါစေ။ ရွက်ကြွေ..ဒီနေ့လေးမှာ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်..မျက်ရည်မကျပါနဲ့ဟာ..နင့်မျက်လုံးအိမ်က မျက်ရည်တွေဟာ ငါ့အတွက်တော့ ငရဲပဲ။ ဒီနေ့ နင့်မွေးနေ့မှာ နင့်မျက်နှာလေးကို မြင်တွေ့ခွင့် မရတဲ့အတွက်၊ ထန်းရွက်ပုတီးလေးကို ကိုယ်တိုင်ပေးခွင့်မရတဲ့အတွက် ငါ အရမ်းခံစားရတယ် ရွက်ကြွေ...ဒါပေမယ့်...ဒါတွေကို ငါတို့ ခဏလျစ်လျူရှုထားမှ အဆင်ပြေလိမ့်မယ် ထင်တယ်။ စာ*

*ဆောင်းညပြာသိုစာလေ*



*မေးပွဲကြီး လည်း နီးလာပြီလေ။ နင်လည်း ကျန်းမာရေးကို ဂရုစိုက်ပြီး စာကျက်နော်။ ငါတို့ဆယ်တန်းအောင်မှ ဘဝတွေ တစ်ဆင့်မြင့်သွားမှာလေ..ဒီနေ့ နင့်အသံလေး ကြားလိုက်ရလို့ ငါ အရမ်းပျော်သွားပြီဟာ။ အခု စာရေးပြီးရင် ငါ စာသွားကျက်တော့မယ်။ ဒါပဲနော်..ကျောင်းဖွင့်မှ ပြန်ဆုံကြတာပေါ့..*

*ရွက်ကြွေ..ငါ နင့်ကိုဖြစ်စေချင်တဲ့ဆန္ဒလေး တစ်ခုရှိတယ်။ အဲဒါကတော့..*

*ဇီဝကလိုမျိုး ပုဂ္ဂိုလ်ကိုကြည်ညိုတဲ့သူ...*

*ဥဂ္ဂတလိုမျိုး သံဃာကို လုပ်ကျွေးတဲ့သူ...*

*ဥဂ္ဂလိုမျိုး နှစ်သက်ဖွယ်ဝတ္ထုတွေကို လှူတဲ့သူ...*

*ဟတ္ထကအာဠဝကလို သင်္ဂဟဝတ္ထု (၄)ပါးဖြင့် ပရိသတ်ကို ချီးမြှင့်ထောက်ပံ့တဲ့သူ....*

*စိတ္တလို တရားဟောနိုင်တဲ့သူ...*

*ဆောင်း ရွက်ကြွေကို ရင်ခွင် ဆိုတဲ့ ငါက ဖြစ်စေချင်တဲ့ဆန္ဒတွေပေါ့ဟာ...*

*ငါး ခုလုံး မလုပ်နိုင်ဘူး ဆိုပေမယ့်..အပေါ်လေး ခုကတော့ ငါတို့ကြိုးစားရင် ဖြစ်နိုင်တာပဲလေ...*

*ဆောင်းညပြာသိုစာလေ*

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပြီးတော့ ရွက်ကြွေမျက်နှာမှာ အမိပ္ပာယ်တွေ လေးနက်လာသည်။

နင့်ရဲ့စိတ်ဓာတ်တွေက ငါ့အတွက်တော့ မြင့်မြတ်ပါတယ် ရင်ခွင်. . . နင့်ကို ငါလေးစားတာ အဲဒါတွေကြောင့် ထင်ပါရဲ့. . လောကမှာ ငွေရှိတိုင်း လုပ်ယူလို့မရတဲ့အရာတွေ၊ လူတိုင်းမှာ မရှိနိုင်တဲ့ ထူးဆန်းပြီး တန်ဖိုးရှိတဲ့ စိတ်ဓာတ်တွေက နင့်ဆီမှာ အပြည့်ရှိနေတာပဲ။

နင့်ဘဝလေးက နင့်စိတ်ဓာတ်ကြောင့်ပဲ ပိုပြီး အဓိပ္ပာယ်ရှိနေတာ. . .

နင်ကလွဲပြီး ငါ့ဘဝမှာ သံယောဇဉ်တွယ်စရာ နောက်တစ်ယောက် မရှိနိုင်တော့ဘူး. . . စိတ်ချပါတော့ ရင်ခွင်ရယ်. . .

◆

ဆောင်းညပြာသိုစာပေ

## (၁၅)

စာမေးပွဲဖြေချိန်စေ့တဲ့ ခေါင်းလောင်းတီးသံအဆုံးမှာတော့ ရင်ခွင်သည် အဖြေစာရွက်ကိုအပ်ပြီး ပေါ့ပါးသောခြေလှမ်းများဖြင့် ထွက်လာခဲ့သည်။

ဒီနေ့က စာမေးပွဲနောက်ဆုံးရက်။

သူ့ဘဝ တစ်ဆင့်တက်ဖို့ တံခါးပွင့်သွားပြီဆိုတာ ရင်ခွင်သိသည်။ သူ့ကိုယ်သူ ယုံကြည်သည်။ သူ့စိတ်ထဲမှာ ရွက်ကြွေဖြေနိုင်ရဲ့လားလို့ တွေးပြီးပူမိသလို တစ်ဆက်တည်းမှာ ရွက်ကြွေဖြေနိုင်မှာပါလို့ ဖြေယူရသည်။

ရွက်ကြွေ ထွက်လာမယ့်နေရာလေးမှာ ရပ်စောင့်နေရင်း ကျောင်းဝင်းထဲကိုကြည့်ပြီး ဝမ်းနည်းမိသည်။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟိုးငယ်ငယ်လေးကတည်းက သူ့နဲ့ရွှက်ကြွေ အတူတူတက်ခဲ့တဲ့ ကျောင်းငလေး။ နေရာတိုင်းဟာ အတိတ်ရဲ့အရိပ်တွေ ထင်ဟပ်နေသည်။

နောက်ဆို ငါတို့ ဒီနေရာလေးမှာ ပြန်ဆုံဖို့မလွယ်တော့ဘူး ရွှက်ကြွေ. . . စာမေးပွဲကြီးပြီးရင် နင်က ငါနဲ့ဝေးတဲ့နေရာကို ထွက်သွားရမယ့်သူပါ။ ငါတို့နှစ်ယောက်ရဲ့ဆုံတွေ့ခြင်းဟာ ပုံပြင်လေးတစ်ပုဒ်ဆိုရင် ငါ့ကိုတော့ ပုံပြင်လေးထဲမှာ ချန်မထားခဲ့ပါနဲ့ ရွှက်ကြွေရယ်. .

မျှော်လင့်ခြင်းတွေ၊ ပူလောင်ခြင်းတွေကို ငါမုန်းလိုက်ချင်ပြီ ရွှက်ကြွေ. . .

နင် ပြန်မလာမှာကိုလည်း ငါမခံစားနိုင်ဘူးဟာ. . ငါဘာလုပ်ရမလဲ။

'ရင်ခွင်. . . '

သူလှည့်ကြည့်တော့ ချိုမြသောအပြုံးလေးနဲ့ ပန်းနုရောင်နှုတ်ခမ်းလေး. . .

'ဖြေနိုင်ရဲ့လား ရွှက်ကြွေ'

'အင်း. . နင်ရော'

'ဒီနှစ်က နောက်ဆုံးပေါ့ဟာ'





'ကြည့်စမ်း. . ကြည့်စမ်း. . သေချာနေလိုက်တာ'

ရွှက်ကြွေလေး ပျော်နေတယ်ပေါ့. . . ရင်ထဲမှာ အေးချမ်းနေလိုက်တာ. .

'ဒီလိုလေးပဲ နေပါ ရွှက်ကြွေ. . ဘာအတွက်ကြောင့်မှ မငိုပါနဲ့ဟာ'

'ကျောင်းပိတ်ရင် ငါ ရန်ကုန်သွားရတော့မယ် ရင်ခွင်'

မပြောပါနဲ့ဟာ. . ထပ်ပြီး မပြောပါနဲ့တော့. . ငါ့ရင်တွေ ပူလွန်းလို့ပါ။

'ငါ နင့်ကို ထပ်မတွေ့ရတော့ဘူးလား ရွှက်ကြွေ'

'ငါ နင့်ဆီ စာရေးမယ်လေ. . အမြဲ အဆက်အသွယ်လုပ်မယ်. . နင်လည်း ကြိုးစားနေဉ်'

ဘာအတွက် ကြိုးစားခိုင်းတာလဲ လို့တော့. . မမေးတော့ပါဘူး။

ထွက်မသွားနဲ့လို့လည်း တားပိုင်ခွင့်မှမရှိတာ. .

'ငါ ကြိုးစားရင် နင် ငါ့ဆီပြန်လာမှာလား'

ရွှက်ကြွေက သူ့မျက်လုံးတွေကို လေးနက်စွာ စူးစိုက်ကြည့်ပြီး တည်ကြည်စွာ ပြောတာက

'ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ရောက်အောင် ပြန်လာခဲ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



သူက ရွှက်ကြွေ လက်ကလေးတစ်ဖက်ကို အသာ ဆွဲယူလိုက်ပြီး

'သတိရရင်. . . အတူပျော်ခဲ့ဖူးတာတွေကို အမှတ်ရပေးပါ ရွှက်ကြွေနော်. . '

ရွှက်ကြွေ မျက်လုံးမှာ မျက်ရည်ကြည်လေးတွေ ရစ်သိုင်းနေတာတွေ့လိုက်ရသည်။ ရင်ထဲမှာ နင့်သွားသည်။

'ငါသွားတော့မယ် ရင်ခွင်. . ဒီနေ့ အမေလာကြိုမှာ'

သူ့လက်ထဲမှ လွတ်ထွက်သွားတဲ့လက်ကလေးတစ်ဖက်နဲ့ အတူ သူ့နှလုံးသားတစ်ခုလုံး ပါသွားခဲ့ပြီ။

ကျန်ခဲ့တဲ့သူမှာတော့ ဒဏ်ရာတွေနဲ့ပေါ့ ဆောင်းရွှက်ကြွေရယ်. . .

ရင်ခုန်သံတွေကို ငါတို့ မညာခဲ့ပါဘူးနော်။

ရင်ခွင် ဘယ်လိုကျန်ခဲ့မယ် ဆိုတာ. . ရွှက်ကြွေ သိနေပြီး သားမို့ ငိုချင်စိတ်ကို ထိန်းပြီး လာကြိုနေတဲ့ ကားဆီ တစ်လှမ်းချင်း လျှောက်လာခဲ့သည်။ ကျန်ခဲ့တဲ့သူက ခံစားရတယ်ဆိုရင် ထားခဲ့ရတဲ့ သူက ပိုပြီးတော့ ခံစားရပါတယ်. . .

ကားပေါ်မှာထိုင်နေတဲ့ အမေက သူမကို မျက်လုံးစိမ်းတွေ နဲ့ကြည့်ပြီး

*ဆောင်းညပြာသိစာလေ*



'ကျောင်းမှာ လူပဲ ကုန်တော့မယ်. . . ညည်းက ဘယ်သူနဲ့ အလွမ်းသယ်နေတာတုန်း'

'သူငယ်ချင်းတွေနဲ့ အဖြေတိုက်ကြည့်နေလို့ ကြာသွားတာ အမေ'

'ပြီးရော. . တက်. . သွားမယ်'

ကားမောင်းပြီး ထွက်သွားတဲ့အချိန်မှာ. . ရွှက်ကြွေက. . ကျောင်းကြီးကို သံယောဇဉ်မကုန်စွာ လှည့်ကြည့်မိသည်။

'အိမ်ရောက်ရင် အဝတ်တွေ သိမ်းတော့. . မနက်ဖြန် ရန်ကုန်သွားမယ်။ ငါ. . မောင့်ရဲနွယ်နဲ့ ဖုန်းပြောပြီးပြီ'

'အမေ့ဆန္ဒအတိုင်း သင်တန်းတွေ သမီးတက်မှာပါ၊ ဒါပေမယ့်. . သူများအိမ်မှာတော့ မနေပါရစေနဲ့. . အဆောင်မှာ နေပြီး တက်ပါရစေ'

'တော်စမ်း၊ ငါ့ကို ကန့်လန့်တိုက်ဖို့စဉ်းစားမနေနဲ့၊ အဲဒီမှာ ပဲ နေရမယ်. . သူနဲ့ပြေလည်အောင်၊ နားလည်မှုရအောင်သာ ကြိုး စား. . ကျန်တဲ့အမှိုက်တွေ ခေါင်းထဲက အကုန်ထုတ်ပစ်။ တစ်နေ့ ကျရင် ညည်း သူ့ကိုပဲ လက်ထပ်ရမယ်'

'အမေ. . .'

အံ့ဩလွန်းလို့ ရွှက်ကြွေ အသက်ရှူဖို့ပင် မေ့သည်။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



'ပါးစပ်ပိတ်ထား'

ငါ့အဖြစ်ကို လာကြည့်လှည့်ပါဦး ရင်ခွင်ရယ်. . တစ်ကြိမ် တစ်ခါပဲ မြင်ဖူးသေးတဲ့ လူတစ်ယောက်ကို တစ်သက်လုံးအတွက် လက်ထပ်ရတော့မယ်တဲ့. . ငါ့ဘဝတစ်ခုလုံးကို ပုံအပ်ရတော့မယ် တဲ့လေ. .

ဆုတောင်းမှားခဲ့တာလား၊ ဆုတောင်းပဲ မပြည့်ခဲ့တာလား

လူချမ်းသာပေမယ့် စိတ်မှမချမ်းသာရတာ.

ငါ မသွားခင် နင့်ကို နှုတ်ဆက်ချင်တယ် ရင်ခွင်. . ဒါပေ မယ့် နှုတ်လည်း မဆက်ရဲဘူး. .

ငါ ခံစားရတာထက် နင် ခံစားပြီး ကျန်ခဲ့မှာကို ကြောက် တယ်. . .

♦





'ရွက်ကြွေ. . နင် ငါ့ကို မထားခဲ့ပါနဲ့ဟာ. . နင်မသွားပါ နဲ့. . မသွားပါနဲ့'

တစ်ယောက်တည်း ဇောချွေးတွေ ပြန်ပြီး အော်ဟစ်နေ သောသားကို ဒေါ်ခင်က ပြေးလာပြီး ကြည့်သည်။

'သား. . သားလေး. . ဘာဖြစ်နေတာလဲ၊ ကြည့်စမ်း. . မျက်ရည်တွေနဲ့၊ ချွေးတွေလည်း ရွှဲနေတာပဲကွယ်. . . အိပ်မက်ဆိုး တွေ မက်ပြန်ပြီထင်တယ်'

ရင်ခွင်ရဲ့မျက်လုံးတွေ ပွင့်လာပြီး မိခင်ကို အားကိုးတကြီး ဖက်ထားလေသည်။

'မေမေ. . ရွက်ကြွေထွက်သွားပြီ. . သူ သားနဲ့အဝေးကြီး ကိုထွက်သွားပြီ'

ဒေါ်ခင်က ရွက်ကြွေကြောင့် ခံစားနေရတဲ့သားရဲ့ခေါင်း လေးကို ပွတ်ပြီး

'အစွဲအလမ်းကြီးလိုက်တာ သားရယ်. . တစ်နေ့ကျရင် လူ တိုင်း ခွဲရမှာပဲလေကွယ်. . ဘာလို့ ကိုယ့်ကိုယ်ကို ညှဉ်းဆဲနေမလဲ၊ ငါ့သားလေး ဒီလိုဖြစ်နေတာ အမေ ဘယ်ကြည့်ရက်ပါ့မလဲ'

'သားကို ခွင့်လွှတ်ပါ အမေ. . သားကြောင့် အမေ စိတ် ဆင်းရဲနေရပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး. . ရင်ခွင်က ရေအိုးမှ ရေတစ်ခွက်ကို ထပြီး ခပ်သောက်သည်။

အဲဒီနောက်မှာတော့ မျက်နှာသစ်ပြီး ထမင်းကြော် ကြော်ဖို့ မီးမွေးပါတော့သည်။

သားဖြစ်သူရဲ့လှုပ်ရှားမှုတွေကို အစအဆုံးလိုက်ကြည့်ပြီး ဒေါ်ခင် သက်ပြင်းချသည်။

အသက်မပါတဲ့ စက်ရုပ်လိုပါပဲလား သားရယ်။ မီးကိုကိုင်ရင် ပူမယ်မှန်းသိလျက်နဲ့ ငါ့သားလေး ဇွတ်ကိုင်နေတာကိုး။

ရွှက်ကြွေကို သူတွေ့ချင်နေရှာတာ။ ဒေါ်ခင်က သားခံစားနေရတာတွေကို မကြည့်ရက်နိုင်တော့။

ရန်ကုန်မှာရှိတဲ့ အမျိုးတစ်ယောက်အိမ်မှာနေပြီး ရင်ခွင်နဲ့ရွှက်ကြွေ ဆုံဖို့နည်းလမ်းကို စဉ်းစားမိသွားသည်။

'အမေ. . ထမင်းကြော် ပူတုန်းလေး စားလိုက်ပါလား. . သား ရေနွေးလည်း ထည့်ပြီးပြီ'

'အမေ့အတွက် ဒုက္ခမခံပါနဲ့လား သားရယ်၊ ဒီနားလာပါဦး. . သားကို ပြောစရာရှိလို့'

ရင်ခွင်က လက်ကလေးနှစ်ဖက် နောက်မှာပစ်ပြီး အမေ့ရှေ့မှာ ရိုကျိုးစွာရပ်လာသည်။





'သား. . ရွှက်ကြွေလေးနဲ့တွေ့ချင်တာ မဟုတ်လား၊ သူနေတဲ့နေရာကို သားသိလို့လား'

'သူ့ဆီက စာလာမှသိရမှာ အမေ'

'အေး. . သိတာနဲ့ သား ရန်ကုန်က ဘကြီးဟန်တို့အိမ်မှာ တည်းပြီး သွားတွေ့ချေ. . အမေ့အတွက် ဘာမှနောက်ဆံငင်မနေနဲ့. . ကြားလား'

ထင်မှတ်မထားတဲ့စကားကို ပြောလာတော့ ရင်ခွင်အံ့ဩသွားသည်။

တစ်ဆက်တည်းမှာပဲ မိခင်မေတ္တာဆိုတာ ဒီလိုပါလားလို့ နားလည်သွားရသည်။

'ကျေးဇူးတင်ပါတယ် အမေ'

ဒီစကားလေးကို ရင်ခွင်က မျက်ရည်ဝဲစွာ ပြောမိတာပါ။

♦



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အညာနွေရဲ့ အပူရှိန်ပြင်းတဲ့ နေ့လေးတစ်နေ့မှာ ရွက်ကြွေဆီမှ စာတစ်စောင်ရောက်လာခဲ့သည်။

ဒီစာလေးကို သူ ဘယ်လောက်ထိ မျှော်လင့်နေတယ်ဆိုတာ စာကိုင်ထားတဲ့ သူ့လက်တွေ တုန်နေတာသာ ကြည့်တော့။

စာထဲမှာ ရွက်ကြွေရဲ့ဝိုင်းစက်ညီညာတဲ့ လက်ရေးကလေးတွေကို အတွေ့မှာ သူ့ရင်တစ်ခုလုံး ဖြောင်းဆန်သွားသည်။

*ရင်ခွင် ...*

*နင် ငါ့စာကိုမျှော်နေမယ်ဆိုတာ သိပါတယ်....အမေက အနားမှာ တစ်ချိန်လုံး ရှိနေတော့ ငါ ဘယ်လိုမှမတတ်နိုင်ဘူးဟယ်၊ ဒီပုံအတိုင်းဆို ငါတို့ စာအဆက်အသွယ်လုပ်ဖို့*

*ဆောင်းညပြာသိုစာလေ*



*တောင် ခက်မယ်ထင်တယ်..ငါတော့ ငရဲကျနေသလိုပါပဲ ရင်ခွင်ရယ်..နင့်ကိုလည်း အရမ်းသတိရတယ်...ငါနေတဲ့လိပ်စာတော့ ထည့်ပေးထားတယ်၊ ဒါပေမယ့် နင် စာမရေးပါနဲ့ဦး ...အမေ ရှိနေသေးတယ်လေ၊ ကိုရဲနွယ်ဆိုတဲ့သူကိုလည်း မုန်းတယ်..ငါ့အနားမှာပဲ တွယ်ကပ်နေလို့။*

*ရင်ခွင်..နင် အခုဘာလုပ်နေသလဲဟင်၊ ငါ့စာကိုဖတ်ပြီး မျက်ရည်ကျနေမှာလား၊ ငါလေ..နင့်ရှိတဲ့အရပ်ကို ပြန်လာချင်လိုက်တာ၊ ခုချိန်က နွေဆိုတော့ မန်ကျည်းပင်တွေ၊ ထနောင်းပင်တွေနဲ့ ငါတို့မြို့လေးက လွမ်းစရာလေး နေမှာပဲ နော်...*

*နင် ငါ့ကိုသတိရရင် ထုံးဖြူစေတီလေးကို သွားပြီး ဘုရားပန်းကပ်ပေးနော် ရင်ခွင်..မေခင်ရော နေကောင်းရဲ့လား ...ငါသတိရနေတယ်လို့ ပြောပေးနော်..အမေ လစ်တာနဲ့.. ငါ နင့်ဆီ စာအမြဲရေးမှာပါ။*

စာဖတ်ပြီး ရင်ထဲမှာ မောသွားသည်။

ဟိုကောင်က ဘာသဘောလဲ။ ဘာဖြစ်လို့ ရွက်ကြွေအနားမှာပဲ နေရတာလဲ။ သူကပါ ရွက်ကြွေကို သဘောကျနေတာလား။

*ဆောင်းညပြာသိုစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ရွက်ကြွေက အရမ်းလှတာဆိုတော့. . ဒီကောင် ပြစ်မှား နေမှာပေါ့။

တစ်နေ့လုံး ဘာအလုပ်မှ ကောင်းကောင်းမလုပ်နိုင်တော့။

သတိရခြင်း၊ စိတ်မချခြင်းတွေနဲ့ ထမင်းမစားနိုင်လောက် အောင် ရင်ခံစေသည်။

ဖြစ်နိုင်ရင် ရန်ကုန်ကို ချက်ချင်း ထလိုက်သွားချင်သည်။ စာထဲမှာပါတဲ့ လိပ်စာလေးကို အသေမှတ်ထားမိသည်။

'ရင်ခွင်. . ရင်ခွင်ရေ'

သူတို့အိမ်ရှေ့ကိုရောက်လာတဲ့သူက အရင်ပွဲရုံမှာ အလုပ် အတူတူလုပ်ဖူးတဲ့ ချက်စူ ဖြစ်နေသည်။ ကိုအေးထွန်းတို့လိုတော့ သိပ်ပြီး တရင်းတနှီးမရှိလှ။

'ချက်စူပါလား. . လာလေ'

ရင်ခွင်က စာကို သူ့အင်္ကျီအိတ်ထဲထိုးထည့်ပြီး လှမ်းခေါ် လိုက်သည်။

ချက်စူက အိမ်ပေါ်တက်လာပြီး သူခင်းပေးသောဖျာထက် မှာ ဝင်ထိုင်လိုက်သည်။

'ဆရာက မင်းကိုတွေ့ချင်လို့တဲ့'

ကြားရတဲ့စကားက အံ့ဩစရာကောင်းနေသည်။





'ဘာကိစ္စလဲမသိဘူး၊ သူတို့ပဲ မလိုချင်လို့ အလုပ်ထုတ်ခဲ့ တာ မဟုတ်လား'

'ဒါတော့ ငါမသိဘူး၊ မင်းအားရင် သွားတွေ့လိုက်ပေါ့ကွာ'

ချက်စူ ပြန်သွားတော့ သူ့စိတ်ထဲမှာ တွေးစရာတွေ ပိုများ ပြီး ကျန်နေခဲ့သည်။

ဝပ်ရှော့မှာ. . ကိုအေးထွန်းနဲ့တွေ့တော့. . ရင်ခွင်က ထို အကြောင်းကို ဖွင့်ပြောမိသည်။

ကိုအေးထွန်းက သူ့ထင်မြင်ချက်တွေကို ရင်ခွင်သိအောင် ပြောပြပေးသည်။

'ငါထင်တာတော့ သူ မင်းကို အသုံးချချင်လို့ပဲ ရင်ခွင်. . အခု သူ့သမီးလည်း ဒီမှာမှ မရှိတော့တာ. . အဲဒီတော့. . သူ့သမီး နဲ့ မင်း နီးစပ်စရာလည်း မရှိတော့ဘူး၊ မင်း သူ့ဆီ ပြန်မသွားတာ ပိုကောင်းလိမ့်မယ် ရင်ခွင်'

ရင်ခွင်ကတော့ အင်းမလုပ် အဲမလုပ်ဖြင့် ငြိမ်သက်ကာ တွေဝေနေသည်။

ဦးထင်ကို ငယ်ငယ်ကတည်းက ကြောက်ရသူမို့ မသွားဘဲ လည်း မနေနိုင်။

ပိုဆိုးတာက ရွက်ကြွေရဲ့မိဘတွေဖြစ်နေလို့ပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကိုအေးထွန်းကလည်း သိပုံရသည်။

'ငါပြောလည်း မင်းသွားမှာပဲ မဟုတ်လား၊ ကိုယ့်အန္တရာယ် ကိုယ်ကြည့်ရှောင်ပေါ့ကွာ၊ ဖြစ်လာရင် ငါတို့က လူမွဲတွေပဲ. . ဟို တစ်ခါတုန်းက ကိုစံမြိုင်အလောင်းကို မင်းမေ့သွားပြီလား၊ ငါတော့ အဲဒါ သူ့လက်ချက်လို့ပဲ ထင်တယ်ကွာ၊ တောက်. . လက်ဆုပ်လက် ကိုင် မပြနိုင်လို့ပေါ့. . မသမာသူတွေအတွက် အမှန်တရားဆိုတာ တစ်နေ့ ပေါ်လာဦးမှာပါကွာ'

ကိုအေးထွန်းရဲ့စကားက ရင်ခွင့်ကို ကြက်သီးဖြန်းဖြန်းထ စေသည်။

အိမ်ပြန်ပြီး တစ်နေကုန် ထိုင်စဉ်းစားသည်။

ဦးထင်ဆီ သွားသင့်. . . မသွားသင့်. .

နောက်ဆုံးမှာတော့ ထုံးစံအတိုင်းပင် ရွက်ကြွေရဲ့မျက်နှာ လေး မြင်ယောင်ပြီး ဦးထင်ရှေ့ကို ရောက်ခဲ့ရပြန်သည်။

◆





ဦးထင်က ဖုန်းပြောနေရာမှ သူ့ဘက်ကို လှည့်ကြည့်ပြီး မေးဆတ်ကာ ထိုင်ခိုင်းသည်။

ရင်ခွင်က သူ့ရှေ့မှခုံတွင် ဝင်ထိုင်လိုက်သည်။

ဦးထင် ဖုန်းပြောနေတာတွေကို သူ့နားထဲမှာ ကြားနေရ သည်။

'ငါပြောသားပဲ. . အခြေအနေမကောင်းပါဘူးဆိုမှ၊ ကိုယ် ဖြစ် ကိုယ်ခံလို့ ငါပြောထားပြီးသားနော်. . ဇွတ်မလုပ်နဲ့ဦး၊ အေး. . အကြောင်းထူးရင် ထပ်ဆက်သွယ်မယ်၊ ဒါပဲ'

ဖုန်းချပြီးနောက်. ဦးထင်က သူ့ကို စကားစ,လာသည်။

'ဘယ်လိုလဲ ရင်ခွင်. . မခင်ရော နေကောင်းရဲ့လား'

'ကောင်းပါတယ် ဆရာ'

'အေး. . ငါ မင်းကိုခေါ်ရတာ အကြောင်းရှိတယ်ကွ၊ မင်း ထွက်သွားပြီးကတည်းက ငါ့ဆီမှာ လက်ရုံးတစ်ဆူပြုတ်သွားတာ. . ကျန်တဲ့ကောင်တွေက ဘာမှသုံးစားလို့ရတာ မဟုတ်ဘူးကွ'

သူ့ဆီမှာ အလုပ်ပြန်လုပ်ခိုင်းမလို့ထင်သည်။

ထင်သည့်အတိုင်းပင် -

'ခုဆို ကျောင်းပိတ်ထားလို့ မင်းလည်း အားနေတာပဲ. . . ငါ့ဆီမှာ ပြန်လာလုပ်ပေးပါလား'



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဖို့ ကြိုးစားသည်။ နှုတ်က ဆွံ့အ,နေဆဲမှာ ဦးထင်က မတ်တတ်ထရပ်လိုက်သည်။

'မနက်ဖြန်ကျရင် အလုပ်လာဆင်းတော့'

တစ်ခွန်းတည်းပြောပြီး ထထွက်သွားသည်။

ရင်ခွင်မှာ ငြင်းချိန်ပင် မရလိုက်။

တစ်ကျော့ပြန်ပြီး ဦးထင်လက်အောက်မှာ ပြန်လုပ်ရဦးမှာ ပါလား. . .

ငါ. . နင့်ဆီကို ဘယ်လိုလုပ်ပြီး လာရတော့မလဲ ရွက်ကြွေ ရယ်. .

♦



## (၁၆)

'ဒေါက်. . . ဒေါက်'

'ဝင်ခဲ့လေ'

မှန်တင်ခုံရှေ့မှာ ခေါင်းဖြီးနေရင်း လှမ်းပြောလိုက်သည်။

ရွက်ကြွေ စိတ်ညစ်ရမယ့်အချိန်တွေ ရောက်လာပြန်ပြီပေါ့။

ရဲနွယ်က အဖြူခံပေါ်မှာ အပြာရောင်အပွင့်နုတ်နုတ်လေး တွေပါသော အင်္ကျီလေးကို အပြာရောင်ထဘီပြောင်လေးနဲ့တွဲဖက် ဝတ်ထားပြီး ဆံပင်အရှည်ကြီးတွေကို ဒီအတိုင်းဖြန့်ချထားသော ရွက်ကြွေပုံစံလေးကို စိုက်ပြီး ကြည့်မိသွားသည်။

မျက်လုံးထဲမှာ အရမ်းကို ယဉ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမလွှဲချင်လောက်အောင် လှနေလို့ ရင်ထဲမှာလည်း ပြောင်းဆန်နေပြီ။

'ဒီနေ့ ရွှက်ကြွေသင်တန်းက ဘယ်အချိန်လဲ'

'ဆယ်နာရီမှပါ'

ရွှက်ကြွေက ဝတ်ကျောတန်းကျေပင် ဖြေလိုက်သည်။

သင်တန်းလိုက်ပို့ဖို့ သူပြောဦးမည်။

အမေ ပြန်သွားပေမယ့် ရွှက်ကြွေမှာ လွတ်လွတ်လပ်လပ် မရှိလှ။

သင်တန်းလည်း ကိုယ့်ဘာသာကိုယ် သွားတက်လို့မရ။

'ဒါဆို အတော်ပဲ. . ဒီနေ့ ကိုယ်အားနေတယ်၊ ရွှက်ကြွေ ကိုလိုက်ပို့ပြီးရင် တစ်ခါတည်း စောင့်နေလိုက်မယ်လေ'

'ရှင်. . ကိုရဲနွယ်က နှစ်နာရီလုံးလုံးထိုင်စောင့်နေမှာလား'

'ဟုတ်တယ်လေ. . ဘာဖြစ်လို့လဲ. . ဒေါ်ဒေါ်က သေချာ မှာခဲ့တယ်. . ရွှက်ကြွေကို ဂရုစိုက်ပါတဲ့'

ရဲနွယ်က ရွှက်ကြွေကို အကဲခတ်သလိုကြည့်ရင်း ပြောလာသည်။

'ရွှက်ကြွေက ကလေးမှမဟုတ်တော့တာ'

'သိတယ်လေ. . အဲဒါကြောင့် စိတ်မချတာပေါ့'





ပြောလို့မရမယ့်အတူတူ ပါးစပ်ညောင်းမခံချင်တော့။

အမေ ဘာရည်ရွယ်ချက်နဲ့ ဒီအိမ်မှာ ပို့ထားတယ်ဆိုတာ ရွှက်ကြွေ သိပြီးသားပဲ။

ရဲနွယ်မှာ မိဘတွေ မရှိတော့ဘဲ အမွေထိန်းအဒေါ်အပျို ကြီးတစ်ယောက်က သူနဲ့အတူလာနေပြီး အနီးကပ် စောင့်ရှောက် ပေးနေလို့သာ တော်တော့သည်။

ဒါပေမယ့် သူ့အဒေါ်ဆိုသူကလည်း သူက သေဆို သေ၊ ရှင်ဆို ရှင်မည့်လူစားမျိုးလေ။

သူစိမ်းတွေနဲ့စိတ်ချလက်ချထားခဲ့တဲ့ အမေ့ကိုသာ အပြစ် တင်ချင်လာသည်။

အခန်းထဲထိ ပိုင်စိုးပိုင်နင်းဝင်လာရဲသောရဲနွယ်ကို အပြစ် တင်ခွင့်မရှိသလို တားခွင့်လည်း မရှိပြန်။

သူ့အိမ်ဖြစ်နေတာကိုး. . .

လူကို လာပြီး စူးစူးရဲရဲကြည့်နေသောရဲနွယ်ကြောင့် ရွှက် ကြွေ အနေရခက်လာသည်။

'သွားခါနီးကျရင် ရွှက်ကြွေ လာခဲ့ပါ့မယ်'

'အိုခေ. . ကိုယ် အပြင်မှာပဲ စောင့်နေတယ်'

ဒီအိမ်မှာ အိမ်ဖော်ကောင်မလေးတစ်ယောက်ရှိနေလို့သာ



www.burmeseclassic.com

www.burmeseclassic.com



ရွှက်ကြွေ စိတ်သက်သာရာရခြင်းဖြစ်သည်။ ရဲနွယ် ထွက်သွားပြီး တော့ ကောင်မလေး ဝင်လာသည်။

'ထည့်ခဲ့ပြီးပြီ အစ်မ'

'ကျေးဇူးတင်လိုက်တာ အထွေးရယ်. . ရော့. . မုန့်ဖိုးယူထားဦး'

ရွှက်ကြွေက အထွေးကို ထောင်တန်နှစ်ရွက်လှမ်းပေးပြီး သူ့လူကိုယ့်ဘက်သား လုပ်ထားရသည်။

ရဲနွယ်ကမှ ရွှက်ကြွေကို အလွတ်မပေးတာ။

ဘာပဲပြောပြော ရင်ခွင်ဆီ သူမစာ ရောက်သွားတော့မည်မို့ အတိုင်းမသိပျော်နေသည်။

ရဲနွယ်က ကားမောင်းနေရင်း ရွှက်ကြွေကို စသည်။

'ရွှက်ကြွေတို့များ ရန်ကုန်လာပြီး ကိုယ့်အတွက် အသုံးတည့်မယ့်သင်တန်းတွေ တက်တာ မဟုတ်ဘူး၊ အသက်ငယ်ငယ်လေးနဲ့ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတက်လိုတက်၊ တော်ကြာ တရားထိုင်လိုထိုင်နဲ့ စံပါပဲကွာ'

ရဲနွယ်စကားကို ရွှက်ကြွေကလည်း ခွန်းတုန့်ပြန်သည်။

'လူတစ်ယောက်ရဲ့ရှင်သန်မှုမှာ ကိုယ့်ကိုယ်ကို ကြည်ညိုနိုင်ဖို့က အရေးကြီးဆုံးပဲ ကိုရဲနွယ်. . ရွှက်ကြွေ တစ်ခုမေးပါဦးမယ်. .





ကိုရဲနွယ်လည်း ဗုဒ္ဓကို ကိုးကွယ်တယ်မဟုတ်လား၊ တကယ်လို့များ နိုင်ငံခြားသားတစ်ယောက်က ဗုဒ္ဓဆိုတာ. . ဘာလဲလို့ မေးလာခဲ့ရင် ကိုရဲနွယ် ဘယ်လိုဖြေမလဲ'

'ဒါကတော့. . အမှန်အတိုင်းပြောရရင် ကိုယ့်မိဘတွေ ကိုးကွယ်လို့ ငယ်ငယ်လေးကတည်းက ကိုယ်လည်း ကိုးကွယ်ခဲ့တယ်. . ဘုရားတွေ့ရင် ရှိခိုးမယ်. . အဲဒီထက်တော့. . '

'ပိုမသိနိုင်ဘူး မဟုတ်လား'

ရဲနွယ်စကားကို ရွှက်ကြွေက ဖြတ်ပြီးပြောလိုက်သည်။

ကားက မီးပွိုင့်မှာရပ်သွားတော့ ရွှက်ကြွေက ဆက်ပြီးပြောသည်။

'Buddha's Teachings are not for Knowledge only but also for Self Practice & Implementation ဆိုလိုတာက ဗုဒ္ဓရဲ့အဆုံးအမအားလုံးဟာ ဗဟုသုတရရုံ မဟုတ်ဘဲ လက်တွေ့လေ့ကျင့်ပြီး အကျိုးရှိအောင်အသုံးချခြင်းပဲ ကိုရဲနွယ်၊ လက်တွေ့မှ ယုံကြည်တတ်တဲ့ နိုင်ငံခြားသားတွေအတွက် တိကျသေချာတာတွေလည်း ရှိသေးတယ်။ ဘုရားရဲ့မိဘနှစ်ပါးဟာ သုဒ္ဓေါဒနမင်းကြီးနဲ့ မယ်တော်မာယာဒေဝီဖြစ်ပြီး၊ မဟာသက္ကရာဇ် ၆၈၊ ကဆုန်လပြည့်၊ သောကြာနေ့မှာ ဖွားတော်မူတယ်၊ ဖွားမြင်တဲ့နေရာကတော့ အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



နဲ့နီပေါနယ်စပ်အနီး နီပေါနိုင်ငံပိုင် လုမ္ဗနီဥယျာဉ်မှာ၊ ပြီးတော့. . ဘုရားက လူသားအစစ် ဖြစ်တယ်၊ မွေးမွေးချင်း ဘုရား မဖြစ်ဘူး၊ ကျင့်ပြီးမှဖြစ်တာ၊ ကျင့်စဉ်အားလုံးဟာလည်း တိကျသေချာစွာရှိနေတာပဲ. . . ဘုရားဖြစ်တဲ့နေ့ရော သိလား'

'မသိဘူး'

ရင်ခွင်နဲ့တော့ ကွာပါ့ဟု ရွက်ကြွေတွေးမိသည်။

'မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့၊ ဘုရားပွင့်တဲ့နေရာက ဗုဒ္ဓဂါယာ၊ ကဲ. . ဘာသိချင်သေးလဲ'

'တော်ပါပြီဗျာ. . ဒီလောက်သိရတာ၊ ရွက်ကြွေကို နောက်ဆို ဆရာ မလုပ်ရဲတော့ပါဘူး'

နဂိုစိတ်က မကြည်ရတဲ့အထဲ သူ့ရဲ့ ဘုရားမသိ၊ တရားမရှိတဲ့ပုံစံတွေကို မြင်ရတော့ စိတ်ထဲမှာ တူးခါးသွားသည်။

ရင်ခွင်နဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရဘူးဆိုတာ အလိုလိုခံစားမိလာသည်။

သွေးဆေးကန်မရောက်မီ ဓမ္မာရုံတစ်ခုရှေ့မှာ ကားလေးရပ်သွားသည်။

အမှန်တော့ ရွက်ကြွေက ဒီနေ့ ကွန်ပျူတာသင်တန်းသွားရမှာ. . .





ရဲနွယ်က တောက်တဲ့လို တွယ်ကပ်ပြီး စောင့်နေမှာ စိုးလို့ ထိုင်စရာဆိုင်မရှိတဲ့နေရာကို ရွေးပြီး ပို့ခိုင်းတာပင်။

'ရွက်ကြွေတို့သင်တန်းက လူလည်း တစ်ယောက်မှ မရှိပါလား'

'လာမှာပေါ့. . . စောနေသေးတာကိုး၊ ကဲပါ. . နောက်နှစ်နာရီလောက်နေမှ ပြန်လာကြိုပေါ့'

ရဲနွယ်က ပေကပ်ပြီး နေချင်သေးပေမယ့် ရွက်ကြွေလက်ခံချင်ပုံမရလို့ မကြည်မသာနဲ့လှည့်ပြန်သွားသည်။

မသွားခင်မှာ သူပြောသွားတဲ့စကားတစ်ခွန်းက ကလေးသိပ်ဆန်လွန်းသည်။

ရွက်ကြွေ ဝတ်ထားတဲ့ ထန်းရွက်ပုတီးလေးက ဒီလိုနေရာမျိုးမှာ မအပ်စပ်ဘူးတဲ့. . .

ဒါဆို သူ့စိတ်ဓာတ်က သိပ်ပြီး သေးသိမ်တာပေါ့. .

လူတစ်ယောက်ရဲ့လွတ်လပ်ခွင့်ကို ဝင်ပြီး မစွက်ဖက်သင့်ဘူး မဟုတ်လား. . .

ဒီပုတီးလေးက ဘယ်လိုပဲ အမြင်မလှပါစေ၊ သိမ်ငယ်စရာအကြောင်းမှမရှိတာ. . အဓိကက ကိုယ့်စိတ်ထဲမှာ တန်ဖိုးထားလွန်းလို့ စိန်အစစ်နဲ့လဲပါဆိုရင်တောင် မလဲနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြေနဲ့ သူမက အစိမ်းသက်သက်ဆိုပေမယ့် ဒီနေ့တော့ ရွက်ကြွေ စွန့်စားရလိမ့်မည်။

ရင်ခွင်၊ ဒီနေ့ နင့်မွေးနေ့မှာ ငါ့အသံလေး ကြားစေရမယ်ဟာ. .

ရွက်ကြွေသည် Taxi တစ်စီးကို လက်ပြတားကာ

'အနီးဆုံး PCOဖုန်းရှိတဲ့နေရာကို ပို့ပေးပါ'

ကားသမားက ရွက်ကြွေကို အံ့သြစွာကြည့်သည်။

'ဒါဆို ကျွန်တော် ဗဟန်းမှာပဲ ချပေးခဲ့မယ်'

'ကျေးဇူးပါပဲ အစ်ကို'

လမ်းဘေး PCO ဖုန်းလေးမှာ လူရှင်းချိန်နှင့်တိုး၍ ရွက်ကြွေက ရင်ခွင်အလုပ်လုပ်နေသောဝပ်ရှော့သို့ ဖုန်းခေါ်လိုက်သည်။

တစ်ဖက်မှဖုန်းလာကိုင်သည်နှင့် သူမက တန်းပြီး

'ရင်ခွင်နဲ့ပြောချင်လို့ပါရှင်'

'. . . . . . . . . .'

'ရှင်. . သူ အလုပ်ထွက်သွားပြီ'

'. . . . . . . .'

'သူ အခု ဘယ်မှာအလုပ်လုပ်တယ်ဆိုတာ ပြောပြလို့ရနိုင်မလားရှင်'





'. . . . . . . . . . . . . . . .'

'ဦးထင်ကိုဆိုမှာ. . ဟုတ်လား'

'. . . . . . . .'

'ကျေးဇူးပဲနော်'

ဖုန်းချပြီးနောက်မှာ တွေးစရာတွေ များလာရသည်။ အဖေက ရင်ခွင်ကို ဘာသဘောနဲ့ပြန်ခေါ်ထားတာလဲ. . သူတို့ပဲ မလိုလို့အလုပ် ထုတ်ထားတဲ့ဟာ. . .

ရင်ခွင်ကရော ဘာသဘောနဲ့ပြန်သွားရတာလဲ. . .

မဖြစ်နိုင်မှန်းသိပေမယ့် နင် ငါ့ဆီများလိုက်လာမလားဆိုပြီးမျှော်နေမိတယ် ရင်ခွင်ရယ်၊ ငါ နင့်ကိုနေ့တိုင်းလွမ်းနေလို့ပါဟာ၊ နင်မရှိတဲ့အရပ်မှာ ငါ ဆက်ပြီးရပ်တည်နိုင်စွမ်းရှိမှာ မဟုတ်ဘူး။

ဒီနေ့ ငါနင့်ကို ဘယ်လိုဆက်သွယ်ရမှာလဲ ရင်ခွင်ရယ်. .

နှောင်ဖွဲ့တတ်တဲ့ ငါ့စိတ်ကိုပဲ မုန်းပစ်ရမလား. .

အခု ငါငိုနေရပြီ ရင်ခွင်. . .

အကြောင်းပြချက်ကတော့ နင့်ကိုလွမ်းလို့ပေါ့. .

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

'သားရေ့ . . ထမင်းဘူးရပြီ'

ရေချိုးပြီးအိမ်ပေါ်တက်လာတဲ့ ရင်ခွင်ကို ဒေါ်ခင်က လှမ်းပြောသောအခါ

'ဟာ . . အမေ နေမကောင်းဘဲနဲ့ သားအတွက် မလုပ်ပေးနဲ့လေ'

'သား အဆင်သင့်သွားလို့ရအောင်လို့ပါကွယ်၊ ဒါနဲ့ သမီးလေးဆီက စာထပ်လာသေးလား သား'

'မလာသေးဘူး အမေ . . ဒေါ်ဥမ္မာ့လည်း ဒီကိုပြန်ရောက်နေပါပြီ၊ ဘာလို့ စာမလာသေးတာလဲ မသိဘူး'

'မဥမ္မာ ပြန်ရောက်တာ သားက ဘယ်လိုလုပ်ပြီးသိနေတာလဲ'

ဆောင်းညပြာသို့စာပေ



တကယ်တော့ ရင်ခွင် ဦးထင်တို့ဆီမှာ အလုပ်ပြန်လုပ်နေတာ ဒေါ်ခင် မသိပေ။

ရင်ခွင်က တမင် မပြောခဲ့။

အမေသိလျှင် တွေးပူပြီး စိတ်ဆင်းရဲနေမှာ သူ မလိုလားပေ။

လိမ်ညာဖုံးကွယ်တာမျိုးမဟုတ်ပေမယ့် အသိလည်း မပေးချင်ခဲ့။

'ဒီလိုပဲ လမ်းမှာတွေ့လိုက်တာပါ အမေ'

'သူ့စိတ်ဓာတ်ကို အမေသိပြီးသားပါလေ၊ တစ်ခုခုဆိုရင် သူ့အတွက်ကိုပဲ ရှေ့တန်းတင်မှာ'

ရင်ခွင်က ရှပ်အင်္ကျီအပြာကွက်လေးကို ဝတ်ရင်း

'ဒီည သားနောက်ကျမယ်နော် အမေ၊ သားကို ထမင်းစားမစောင့်နဲ့တော့'

'သားရယ် . . သားတို့ဝပ်ရှော့က အခုတလော အလုပ်ဖြစ်တယ်နဲ့တူတယ်နော်၊ ညပိုင်းပါ ဆင်းနေရလို့ပြောတာ'

အမေ့စကားကြောင့် ရင်ခွင် ပြုံးမိသွားသည်။

သိပ်ပြီး ရိုးသားတဲ့အမေ။ ချစ်ဖို့လည်း အင်မတန်ကောင်းပါသည်။

ဆောင်းညပြာသို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



'သားရေ. . သမီးလေးဆီ သွားတွေ့ချင် တွေ့လို့ရအောင် အလုပ်ရှင်ဆီမှာ ခွင့်ယူကြည့်ပါလား'

'သားလည်း ကြိုးစားနေပါတယ် အမေ. . . သကြံန်ကျရင်တော့ အလုပ်ပိတ်မယ် ထင်တာပဲ၊ ရွှက်ကြွေဘက်ကလည်း မီးစိမ်း မပြသေးဘူး အမေ'

'အဲဒီအခါကျ အမေလည်း လိုက်ခဲ့ရရင် သိပ်ကောင်းမှာ၊ ရွှေတိဂုံဘုရားကြီး ဖူးချင်လိုက်တာ သားရယ်၊ အစ်ကိုကြီးတို့နဲ့လည်း မတွေ့တာ ကြာပြီလေ'

'လိုက်ခဲ့ပေါ့၊ သား ပိုက်ဆံစုထားပါတယ်. . . သွားပြီနော် အမေ'

ရင့်ခွင် ထွက်သွားတော့ ထမင်းဘူးလေး ကျန်ခဲ့ပြန်သည်။ ဒေါ်ခင်က ပြန်ခေါ်ပြီး ပေးရသည်။

'ငါ့သားရယ်. . ရွှက်ကြွေဆီ စိတ်က ရောက်သွားတာနဲ့. . အားလုံးမေ့တော့တာပဲနော်. . နေ့ခင်းကျရင် ထမင်းမစားတော့ဘူးလား'

ရင့်ခွင်ကတော့ ရှက်ရှက်နဲ့ ရယ်နေလေရဲ့။

ကိုယ်မွေးထားတဲ့ သားပဲလေ. . စိတ်ထဲမှာ ဘာရှိသလဲဆိုတာ အမေက သိတာပေါ့. . .

*ဆောင်းညပြာသိုစာပေ*



ရွှက်ကြွေ မရှိတဲ့နေ့က စပြီး. . တမှိုင်မှိုင် တတွေတွေ ဖြစ်နေတာ။

ခုတလော ဒေါ်ခင် နှလုံးရောဂါ ပြန်ထ,နေသည်။

နည်းနည်းလေး လှုပ်လှုပ်ရှားရှားလုပ်လိုက်တာနဲ့ အမောက ဖောက်လာသည်။

ကိုယ့်သက်တမ်းက ဘယ်လောက်မှကျန်တော့မှာ မဟုတ်ဘူး. . ကိုယ်မရှိတဲ့နောက်မှာ. . သားလေးကို စိတ်ချမ်းသာစေချင်သည်။

သူချစ်တဲ့သူနဲ့ ဘဝမှာ ပျော်နေတာမျိုး ဖြစ်စေချင်သည်။

သားလေး ကံကောင်းပါစေလို့ ဆုတောင်းပေးရုံကလွဲပြီး ဘာများတတ်နိုင်ဦးမှာလဲ။

◆

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



'ဒီအမှိုက်ကို ကျွန်မ ရှင်းထားတာလေ ကိုထင်၊ အခု ဘာလို့ ပြန်ရောက်နေရတာလဲ'

ဒေါ်ဥမ္မာက ပိုက်ဆံအိတ်ကို ပစ်ချပြီး ဒေါသတကြီးနဲ့မေးသည်။

'ငါလိုအပ်လို့ ခေါ်လိုက်တာလေ. . ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ရှင့်သမီး ပါသွားမှာပေါ့. . ဒါလေးတောင် မရိပ်မိဘူးလား'

'သမီးက ရန်ကုန်မှာပဲ ဥစ္စာ. . မင်းကိုက စိုးရိမ်လွန်နေတာပါကွာ. . မင်းကို ငါရှင်းရှင်းပဲ ပြောပြမယ် ဥမ္မာ၊ ငါ့အလုပ်မှာ သူကလွဲပြီး ဘယ်သူ့မှငါမယုံဘူး၊ ဒီကောင်က ငါတို့ရဲ့ငယ်မွေးခြံပေါက်. . သစ္စာလည်း ရှိတယ်. . နောက်ဆို ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ကို ဘာမှမပြောနဲ့တော့၊ အာရုံနောက်လွန်းလို့. . ဘယ်နေရာမဆို ခေါင်းသုံးရတယ်ကွ'

ယောက်ျားဖြစ်သူ ဒေါသထွက်ပြီဆိုတာသိတော့ ဒေါ်ဥမ္မာတို့ လေသံပြောင်းသွားသည်။

'မာက အစိုးရိမ်လွန်သွားတာပါလေ. . ကိုထင် ကောင်းမယ်ထင်လို့ လုပ်တာပဲ. . နော်. . ဒါနဲ့ စံမြိုင်ကိစ္စ ဘာဖြစ်သွားပြီလဲဟင်'

ဆောင်းညပြာသိစာပေ



'ထင်ကိုပါကွာ. . မပိုင်ရင် ဘာမှမလုပ်ဘူး၊ မင်းမရှိတုန်းက ငါ့ကို စစ်လားဆေးလားလုပ်ကြသေးတယ်၊ ငါ ဒီမှာရှိကြောင်း သက်သေပြနိုင်တော့ ပြန်သွားကြတယ်. . အဲဒါ အသာထားဦး၊ မင်းသမီးနဲ့ မောင်ရဲနွယ်ရော အဆင်ပြေကြရဲ့လား'

'ကြာရင်တော့ သံယောဇဉ်ဖြစ်သွားကြမှာပါ၊ ခုတော့. . စိမ်းနေသေးတာပေါ့. . ကျွန်မရှိနေရင် ပိုစိမ်းနေမှာစိုးလို့ ထားခဲ့လိုက်တာ. . ကောင်လေးပုံစံကြည့်ရတာတော့ သမီးကို အသေရရအရှင်ရရပါ. . သမီးက သိတဲ့အတိုင်းပဲလေ. . စိတ်က ဒီမှာကျန်ခဲ့ပုံရတယ်၊ ကိုထင်. . မေခင်ရဲနွယ်ဘက်က အမွေတွေ သိန်းပေါင်းသောင်းချီပြီးရတယ်ဆိုတာ တကယ်လား'

အဲဒီလိုမေးတဲ့အချိန်မှာ ဒေါ်ဥမ္မာရဲ့မျက်ဝန်းမှာ လောဘခိုးတွေ ဝေပြီး အရောင်လက်နေသည်။

'တကယ်ပေါ့ကွ၊ ရဲနွယ်ကို သူ့ဘကြီးလူပျိုကြီးတစ်ယောက်က အမွေစားအမွေခံ မွေးစားခဲ့တာ၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အဲဒီလူကြီး ဆုံးသွားတော့ ခြံတွေ အများကြီးကျန်ခဲ့တယ်လေ၊ အားလုံးကလည်း တန်ဖိုးရှိတဲ့နေရာမှာချည်းပဲ၊ သောင်းချီတန်တဲ့နေရာမှာ ရှိတာလေ'

'ဒါဆိုရင်တော့. . သမီးလေးနောင်ရေး စိတ်အေးရပြီပေါ့'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိုတော့ ဘယ်လိုအကြောင်းနဲ့မှ ပြန်မလာစေနဲ့ ဥမ္မာ၊ သမီးကို ဟိုမှာပဲထား၊ ဆယ်တန်းအောင်ရင်လည်း ဟိုမှာပဲ ကျောင်းဆက်တက်ခိုင်းလိုက်'

သူတို့တိုက်နံဘေးက ဖြတ်အလျှောက်မှာ ကြားလိုက်ရတဲ့စကားကြောင့် ရင်ခွင် ရင်ထဲတွင် နာကျင်သွားသည်။

ရွက်ကြွေကို သူနဲ့ဝေးသထက်ဝေးအောင် လုပ်နေကြတာပဲ. .

သူ့မိဘတွေရဲ့အလိုအရဆိုရင် ရွက်ကြွေက သူနဲ့အဝေးဆုံးမှာ ရှိနေဦးမှာ. . .

ဒါဆို ကံကြမ္မာရဲ့အလိုအရဆိုရင်ကော. . . ?

♦





ထိုညက ကုန်တင်ကားတစ်စီး ရောက်လာပါသည်။

ရင်ခွင် ပစ္စည်းတွေထမ်းပြီး ဟိုဘက်က ဂိုဒေါင်ထဲကို ထည့်ပေးရသည်။

နောက်ဆုံးပစ္စည်းတစ်အိတ်ကို အောက်သို့အချမှာ အိတ်ကကွဲသွားပြီး မသက်ာစရာကောင်းတာတစ်ခုကို သွားပြီးတွေ့လိုက်ရသည်။

'ဆေးလုံးတွေပါလား'

ရင်ခွင်က သေချာအောင် ပြန်ချောင်းကြည့်သည်။

အရောင်က ပန်းရောင်လေးတွေပဲ။

ဦးထင် ဆေးလုပ်တာ တစ်ခါမှမကြားဖူးပါဘူး။ ပစ္စည်းများ မှားလာတာလား. . .

ဦးထင်ကို ပြောသင့်၊ မပြောသင့် စဉ်းစားကြည့်သည်။

သွားပြောမှ မင်းက စပ်စုလှချည်လားဆိုပြီး ဆွဲထိုးချင်ထိုးနိုင်သေးသည်။

တစ်ခါက ကိုအေးထွန်းပြောခဲ့တာကို ပြန်ပြီး သတိရမိသည်။ ဒီပစ္စည်းတွေက ဥပဒေနဲ့လွတ်ကင်းရဲ့လား?

ကံမကောင်းလျှင် သူပါ ကြားညပ်သွားနိုင်သည်။

ရင်ခွင် စိတ်တွေ ရှုပ်ထွေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရင်ခွင်. . . ကြာလှချည်လားကွ၊ ပြီးရင် ထွက်ခဲ့လေ. . . တံခါးပိတ်မယ်'

ဦးထင်ရဲ့အသံသြသြကြီးကြောင့် သူပြေးပြီးထွက်လာခဲ့ရသည်။

'ဒီလောက်ကြာအောင် မင်း ဘာလုပ်နေတာလဲ'

'သေချာစီပေးနေလို့ပါ ဆရာ'

'ရော့. . မင်းအတွက် ဘောက်ဆူး'

ဦးထင်က ရင်ခွင့်လက်ထဲကို ပိုက်ဆံတစ်သောင်း ထည့်ပေးသွားသည်။

ဒီတစ်ခါ တော်တော်ကြီးကို ရက်ရောနေတာပဲ. .

နာရီကြည့်လိုက်တော့ ဆယ်နာရီထိုးဖို့ ငါးမိနစ်သာ လိုတော့သည်။

အမေ စိတ်ပူနေမှာကို တွေးမိပြီး ရင်ခွင်က စက်ဘီးကို ခပ်သွက်သွက်ကလေး နင်းလာခဲ့လိုက်သည်။

လမ်းတစ်ဝက်ရောက်တော့မှ သူ့ထမင်းဘူးလေး ကျန်ခဲ့တာကို သွားပြီးသတိရသည်။

စက်ဘီးကို ဂငယ်ကွေ့ ပြန်ကွေ့လိုက်ပြီး ဦးထင်တို့အိမ်ကို ပြန်လာခဲ့သည်။





ခြံရှေ့ရောက်တော့ ခြံထဲကို ပြန်ဝင်သင့် မဝင်သင့် ဝေခွဲမရဖြစ်နေတုန်းမှာ အနောက်ဘက်ဂိုဒေါင်ရှေ့မှာ လူနှစ်ယောက် ဦးထင်နဲ့စကားရပ်ပြောနေတာ တွေ့လိုက်ရသည်။

ပြီးတော့ ဂိုဒေါင်ထဲက ဆေးထုပ်တွေ ယူပေးနေတာလည်း မျက်မြင်တွေ့လိုက်ရလေသည်။

ဒီလူတွေ နေ့ဘက်မှာ ဘာလို့မလာကြတာလဲ. . သူတို့တွေက ရိုးရိုးသားသားမှဟုတ်ရဲ့လား။

ထိုလူနှစ်ယောက် ခြံဝသို့လျှောက်လာနေပြီမို့ ထမင်းဘူးပြန်ယူမည့်စိတ်ကို လျှော့ကာ ရင်ခွင် အိမ်ပြန်လာခဲ့တော့သည်။

အိမ်ရောက်တော့. . အမေက မအိပ်သေးဘဲ သူ့ကို ထိုင်စောင့်နေတာ တွေ့ရသည်။

'အမေ. . . မအိပ်သေးဘူးလား၊ ညဉ့်နက်လှပြီ'

'အမေ အိပ်လိုက်ရင်. . ငါ့သားလေး ဒီနေ့ ဝမ်းသာရမှာ မဟုတ်တော့ဘူး'

အမေ့မျက်နှာလေး ပြုံးနေသည်မို့

'စာရောက်နေလို့လား အမေ'

အမေက ခေါင်းညိတ်ပြပြီး သူ့အကျီအိတ်ကပ်ထဲက စာကို ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်က အမေ့ရှေ့မှာ ဟန်ပင် မဆောင်နိုင်ဘဲ စာအိတ်လေးကို ငုံ့ပြီးနမ်းမိသည်။

'အမယ်လေး. . ကဲနေလိုက်တာ ကြည့်စမ်း၊ ဖတ်. . ဖတ်၊ အေးအေးဆေးဆေးဖတ်၊ အမေ အိပ်နှင့်ပြီနော် သား'

'ဟာ. . အမေ နေဦးလေ၊ သား မကန်တော့ရသေးဘူး'

ပြောပြီး ရင်ခွင်က ဆောင့်ကြောင့်လေးထိုင်ကာ အမေဖြစ်သူကို ရိုသေစွာ ထိခြင်းငါးပါးဖြင့် ကန်တော့သည်။

ဒါက သူ ငယ်ငယ်လေးကတည်းက ညတိုင်း ကန်တော့လာခဲ့တဲ့ အလေ့အကျင့်။

အမေကလည်း ညတိုင်း ပေးနေကျဆုတွေ မပျက်မကွက် ပေးမြဲ။ ဒီနေ့ဆို အပိုဆုကလေးပင် ပေးလိုက်သေး။

'ချွေးမအလိမ္မာလေးနဲ့ သားကောင်း သမီးမြတ်လေးတွေ ရပါစေ'တဲ့လေ. . .

ကြည်နူးစရာတော့ ကောင်းသား။ အမေ ဝင်သွားတော့ ရင်ခွင်က ကွပ်ပျစ်လေးမှာ ထိုင်ပြီး ရွက်ကြွေရဲ့စာလေးကို ထုတ်ဖတ်သည်။

ရင်ခွင်...

နင်နေကောင်း ရဲ့လား၊ နင်ပျော်နေလား လို့ငါမမေး

ဆောင်းညပြာသိုစာလေ



တော့ပါဘူး ဟယ်...ဘာလို့လဲဆိုတော့ ငါကိုယ်၌ကမှ မပျော်တာ..ငါ့ဘဝကြီး ကလှောင်ချိုင့်ထဲက ငှက်လိုပဲ..အကျဉ်းကျခံနေရသလို စိတ်ကို မွန်းကျပ်စေတယ် ရင်ခွင်...ငါ နင့်ကို အရမ်း လွမ်းတာပဲ ဟယ်..အမေ ပြန်သွားပေမယ့် ကိုရဲနွယ်က ငါ့ကို အလွတ်မပေးဘူးလေ..တစ်ချိန်လုံး စောင့်ကြည့်နေတာ..အိမ်ဖော်ကောင်မလေး ကို မုန့်ဖိုး ပေးပြီး စာထည့်ခိုင်းရတယ်လေ..ငါ့မျှော်လင့်ချက်တွေ ဒီတစ်သက် ပြည့်မှာ မဟုတ်တော့ဘူး ရင်ခွင်ရယ်..ငါလေ နင်နဲ့ အတူတူ တက္ကသိုလ် ဆက်တက်ချင်တာ..နင်ပဲ ပြောပါဦး..အခု ငါ ဘာဆက်လုပ်ရမလဲ ဟင်..တစ်နေ့တစ်နေ့ ငါ့ဘဝကြီးက ဘာမှ အဓိပ္ပာယ်မရှိဘူး၊ စိတ်ပျော်နေမှသာ လူဖြစ်ရကျိုးနပ်မှာ မဟုတ်လား ...ဘာလိုလိုနဲ့ သင်္ကြန်တောင် ရောက်တော့မယ်နော်၊ ဘဘုန်းတို့ကျောင်းမှာ စေတီသာကျွန်းမှာပေါ့နော်၊ ဒီနှစ်တော့ နင်ရေပက်ရမယ့်သူ မရှိတော့ဘူးပေါ့..တော်ပါပြီ ဟယ်..ငါက နင်ဝမ်းနည်းစေမယ့်စာတွေပဲ ရွေးပြီး ရေးမိသလိုဖြစ်နေပြီ....အရေးကြီးတဲ့ဟာ ပြောပြမလို့..ကိုရဲနွယ်ကလေ ထမင်းစားချိန်နောက်ပိုင်းဆို အိမ်မှာ မရှိဘူး ဟ၊ အိမ်ဖုန်း နံပါတ်က (၀၁-၆၂၅×××)၊ အဲဒီ အချိန် နင် ဆက်ချင် ဆက်လို့ရတာပေါ့၊

ဆောင်းညပြာသိုစာလေ

www.burmeseclassic.com

www.burmeseclassic.com



*ငါတို့လုံး၀အဆက်အသွယ်ပြတ်လို့မရဘူးနော် ရင်ခွင်..ငါ ဒီမှာ မပျော်ပေမယ့် အလိမ္မာသုံးပြီး နေ နေရတယ်..သူတို့က ခွတ်စီစဉ်ပေး ရင် ငါနင်နဲ့တစ်သက်လုံး ဝေး ရမှာလေ..*

*ငါကောင်းကင်မှာတော့ နင်သာ ကြယ်စင်ပါပဲ ရင်ခွင်*

*ငါတို့ပြန်ဆုံမယ့်နေ့ကို မျှော်လင့်ရင်း*

S.Y.K

ရွက်ကြွေရဲ့စာလေးကို အထပ်ထပ်အခါခါ ဖတ်ရင်း ကြည်နူးခြင်းတစ်ဝက်နဲ့အတူ ရင်ပူရပါသည်။

ရွက်ကြွေရဲ့အမေတာ အများပြောသလို တကယ်ပဲ အတ္တကြီးသူတစ်ယောက်လေလား။

ကိုယ့်သမီးပျိုလေးကို သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ တစ်မိုးအောက်ထဲမှာ စိတ်ချလက်ချ ထားရက်ခဲ့တာ အံ့ဩစရာကောင်းလိုက်တာ. .

ရွက်ကြွေရယ်. . . ဒီနှစ် သင်္ကြန်မှာ ငါ နင်ရှိတဲ့ နေရာကို ရောက်အောင် လာခဲ့မှာပါဟာ. . သင်္ကြန်မှာ ငါ ဦးဆုံးရေလောင်းမယ့် မိန်းကလေးက နင်ပဲလေ. .

နင့်အဖေကတော့ လမ်းမှားပေါ်မှာလျှောက်နေတယ် ထင်





တာပဲဟာ. . သူ့လက်အောက်မှာ အလုပ်လုပ်ရတာ ငါ ရင်လေးလာပြီ. .

ရင်ခွင်ဆိုတဲ့ကောင်က ဘယ်လောက်ပဲ ပင်ပန်းလာပါစေ၊ ရွက်ကြွေရဲ့စာလေးကို ဖတ်ပြီး အင်အားတွေ ပြည့်လာသည်။

ချက်ချင်းပဲ စာရွက်နဲ့ဘောပင်ကိုယူကာ ရွက်ကြွေဆီ စာရေးလေသည်။

ညမှာထွက်တဲ့ ပိုးကောင်ကလေးတွေရဲ့ အော်မြည်သံတွေကြားနေရသည်။ ဒီအချိန်ဆို သူမလေး အိပ်မောကျနေရောပေါ့. .

ငါ့မှာသာ အိပ်ပျက်ရက်တွေ တာရှည်နေတာ. . .

ငါတို့ ဆုတောင်းမမှားခဲ့ပါဘူး၊ မနက်ဖြန်တိုင်းကို မျှော်လင့်ချက်တွေနဲ့ ရှေ့ဆက်ကြမယ်. . .

ငါတို့ရဲ့မနက်ဖြန်ကို ငါတို့ပိုင်ရမှာပေါ့. . .

ကောင်းကင်မှာ မှိတ်တုတ်မှိတ်တုတ် လင်းနေတဲ့ ကြယ်လေးတွေရယ်. . . .

ဆောင်းရွက်ကြွေ. . ဆိုတဲ့ ကောင်မလေးကို ပျော်အောင်လုပ်ပေးကြပါ. . .

ကျွန်တော် တောင်းဆိုနေတာပါဗျာ. . .

◆



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ရင်ခွင် ဆက်လာမယ့်ဖုန်းကို နေ့တိုင်း မျှော်ရတဲ့အလုပ်တစ်ခု သူမဆီမှာ တိုးလာသည်။

နေ့ခင်းဆို ကိုရဲနွယ်ရဲ့ အဒေါ်က တစ်ရေးတမော အိပ်တတ်သည်။

ကိုရဲနွယ် အိမ်ကထွက်သွားပြီဆိုတော့ တယ်လီဖုန်းနံဘေးက ထိုင်ခုံလေးမှာ ရွှက်ကြွေက ကျောက်ချပြီး ထိုင်ပါတော့သည်။

လက်ထဲမှာတော့ မဂ္ဂဇင်းတစ်အုပ်ကို ဟန်ပြကိုင်ထားပြီး သူမ့စိတ်တွေက ထမြည်လာမည့် တယ်လီဖုန်းလေးဆီမှာသာ. . .

စာပို့ထားတာ တစ်ပတ်လောက်ရှိပြီပဲ၊ သူ့ဆီများ မရောက်သေးလို့လား မသိပါဘူး. .





ရွှက်ကြွေ သိချင်တာလေးတစ်ခုကို အသည်းအသန် မေးချင်နေမိသည်။

ထိုစဉ် သူမဘေးနားက ဖုန်းက ထပြီးမြည်လေသည်။

ရွှက်ကြွေက ချက်ချင်းပင် အချိန်မဆိုင်းဘဲ ကောက်ကိုင်ပစ်လိုက်သည်။

'ဟယ်လို. . .'

တစ်ဖက်မှအသက်ရှူသံခပ်ပြင်းပြင်းကို အတိုင်းသားကြားနေရသည်။

ဒါ. . . ရင်ခွင်မှ ရင်ခွင်အစစ်ပါ။

'ရင်ခွင်. . နင်. . နင်. . ရင်ခွင် မဟုတ်လားဟင်၊ ငါ. . . ရွှက်ကြွေလေဟာ. . ငါ နေ့တိုင်း နင့်ဆီက ဖုန်းကို မျှော်နေတာ'

အဖျားခတ်မှာတုန်ပြီး ရှိုက်သံလေးနှောနေတဲ့အသံက သူ့ရင်ကို အထိနာစေသည်။

'ရွှက်ကြွေ. . နင် နေကောင်းရဲ့လားဟင်၊ အနားမှာ ဘယ်သူမှမရှိဘူးလား'

'ဟင့်အင်း. . နင်ရော နေကောင်းရဲ့လား'

'ကောင်းပါတယ်ဟာ. . ဒါပေမယ့်. .'

'ဘာလဲ. . စိတ်က မပျော်ဘူး မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့. . နင်မှငါ့အနားမှာမရှိတာ. . နင့်စာကို မနေ့ကမှ ရတာ. . ရရချင်း ငါဖုန်းဆက်ချင်လိုက်တာ. . မိုးချုပ်နေလို့ မနည်းသည်းခံထားရတယ်၊ ဒီနေ့ကျတော့လည်း နေ့ခင်းအထိ ထပ်စောင့်ရတယ်၊ ငါ့မှာ နင့်အသံလေးမကြားရတာ ဘယ်လောက်ကြာပြီလဲ'

'ပြောလေ. . ရက်အတိအကျနဲ့ပြောမှယုံမယ်'

ရင်ခွင့်ဆီမှ ရယ်သံ ထွက်လာသည်။

ဆောင်းရွှက်ကြွေက တကယ့်ကလေးလေးလိုပဲ. . . ချစ်ဖို့ကောင်းလိုက်တာ. . .

'နင်ထွက်သွားတဲ့နေ့က စာမေးပွဲဖြေပြီးနောက်တစ်နေ့ ဆိုတော့. . ဒီနေ့ဆို နှစ်ဆယ့်လေးရက်ရှိသွားပြီ၊ ကဲ. . ကျေနပ်ပြီလား'

'ရင်ခွင်. . ငါလေ. . အဲဒါကြောင့် နင့်ကို. . '

ရွှက်ကြွေက တုံးတိကြီးဖြတ်ချလိုက်ပေမယ့် သူမ ဘာပြောချင်သလဲဆိုတာ သူသိနေပါသည်။

'ငါနဲ့ငါ့အမေ သင်္ကြန်ပိတ်ရက်မှာ ရန်ကုန်လာခဲ့မယ် ရွှက်ကြွေ. . ငါ နင့်ဆီ ဖုန်းအမြဲဆက်နေမယ်နော်'

'တကယ်နော်. . တကယ်လာမှာနော်. . ဟေး. . . '

ရွှက်ကြွေက ကလေးတွေပျော်ရင် ထ,အော်သလို အော်နေတာမို့ ရင်ခွင်က တားယူရသည်။

ဆောင်းညပြာသိစာပေ



'ရွှက်ကြွေ၊ အိမ်ဖော်ကောင်မလေးကြားသွားရင် မကောင်းဘူး ထင်တယ်'

'အိုး. . သူက ငါ့လူပါဟ. . ငါပျော်သွားပြီ သိလား၊ အပျော်တွေနဲ့ငါ ဝေးနေတာ ကြာပြီ. . အရေးကြီးတာမေးဖို့ မေ့နေလိုက်တာ. . နင် ဝပ်ရှော့မှာမလုပ်တော့ဘူးဆို'

'ဟုတ်တယ် ရွှက်ကြွေ၊ ငါ နင့်အဖေဆီမှာ ပြန်လုပ်ပေးနေတာ. . သူ့မှာ လူယုံလိုနေလို့တဲ့'

'ဒုက္ခပါပဲဟယ်. . . နင့်မလဲ ငါ့မိဘတွေရဲ့စကားကို မလွန်ဆန်နိုင်ပဲကိုး. . ငါ့အလိုကတော့ နင့်ကို သူတို့နဲ့ဝေးဝေးမှာပဲ ရှင်သန်စေချင်တယ်. . ငါပြောတာ နင်သဘောပေါက်မှာပါဟာ'

'ငါလည်း စဉ်းစားထားပါတယ်. . အောင်စာရင်းထွက်ပြီးရင် အလုပ်ထွက်လိုက်မယ်လေ. . ငါကျောင်းဆက်တက်မလို့ဆိုပြီး အကြောင်းပြလို့ကောင်းသွားတာပေါ့'

'အေးလေ. . ဒါလည်း ကောင်းတာပဲ'

'ရွှက်ကြွေ. . . '

'ဟင်. . '

ရွှက်ကြွေက ပါးစပ်မဟဘဲ လေသံလေးဖြင့် ထူးသည်။

'ရွှက်ကြွေ'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'ဆောင်းရွက်ကြွေ'

'ရှင်. . ရှင်. . နာမည်ပဲ ခေါ်နေတော့တာပဲ'

'ကြားချင်လို့ပါကွာ. . ငါ လာရင် နင် ဘာမှာဦးမလဲ. . ဘာစားချင်လဲ ပြောလေ. . အမေက နင့်အတွက် နင်ကြိုက်တတ်တာတွေ ခုကတည်းက စုနေပြီဟ'

'ဟေး. . အဲဒါကြောင့် မေခင့်ကို ချစ်ရတာ. . ဒါနဲ့မေခင်ရော. . နေကောင်းရဲ့လားဟင်'

'နှလုံးရောဂါပြန်ထ,နေလို့ ငါရန်ကုန်လာရင်းနဲ့ အမေ့ကိုပါ ဆေးခန်းပြပေးမလို့'

'နင့်မှာ ငွေအဆင်ပြေရဲ့လားဟင်. . ငါ ဒီလိုမေးလို့ နင် စိတ်မဆိုးရဘူးနော်၊ မေခင့်အတွက် ငါတတ်နိုင်သလောက် ကူသိုလ်ပြုချင်လို့ပါ'

'နေပါစေဟာ. . နင် ငါ့ကိုတကယ်ခင်ရင် ဒီလိုစကားတွေ နောက်ထပ်မပြောပါနဲ့'

ဒီကလည်း သိပြီးသားပါ. . ကိုမာနခဲကြီး။

'ရွက်ကြွေ. .'

'ပြော. .'





'ပြော'ဆိုတာက ဆောင့်ဆောင့်အောင့်အောင့်လေးထွက်လာတဲ့အသံပါ။

'ဘာလဲ. . စိတ်ဆိုးသွားပြီလား'

'ဆိုးပါဘူး'

'ဆိုးနေပါတယ်'

'ရင်ခွင်နော်. . နင် ဘယ်လိုဖြစ်နေတာလဲ. . ငါစိတ်မဆိုးဘူးလို့ ပြောပြီးပြီပဲ'

'ဒါဖြင့် ငါဘာပြောပြော နင်စိတ်မဆိုးဘူးပေါ့'

'ဆိုးဘူး'

'ဒါဆို ပြောပြီနော်၊ သေချာနားထောင်. . ချစ်တယ် ရွက်ကြွေ'

'ရှင်. .'

အလစ်မှာ အငိုက်မိခံလိုက်တာက အချစ်နဲ့ထိတွေ့ချင်လို့ပါ ရင်ခွင်. .

ငါ ဒီလောက် မတုံးပေမယ့် အ,ချင်ယောင်တော့ ဆောင်ရမှာပဲ။

ဒါပေမယ့်. . ငါ နင့်ကို ရိုးရိုးသားသား ချစ်မိသွားတာပါ။

'စိတ်မဆိုးပါနဲ့ ရွက်ကြွေရယ်. . ငါ့ရင်ထဲမှာ နင့်ကိုချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေ သိမ်းထားရတာ တကယ်မွန်းကျပ်တယ်ဟ. . ရန်ကုန်ရောက်ရင် အဖြေပေးမှာလားဟင်'

'မလိုပါဘူး'..

အဲဒီစကားကြောင့် သူ စကားတောင်ဆက်မပြောနိုင်တော့ချေ။

'အခု တစ်ခါတည်း ပြောလို့ရပါတယ်. . ငါနင့်ကို ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ကြိုးရှည်ရှည်နဲ့ မလှန်ချင်ဘူး. . နင့်ကို ဒီနေ့မှာ တစ်ခါတည်း ပျော်သွားစေချင်တယ်၊ Love you so much ရင်ခွင်. . နင် ဒီနေ့ည အိပ်လို့ပျော်ပါစေ. . . ဒါပဲနော်'

ပြောပြီး ရွှက်ကြွေ ဖုန်းချသွားသည်။

အရှက်သည်းနေမယ့် သူမမျက်နှာလေးကို မြင်ယောင်ပြီး သူ့မှာ တစ်ယောက်တည်း ရှုးကျန်ခဲ့ရသည်။

ကိုင်ထားတဲ့ ဖုန်းခွက်ကို ချရမလို၊ ဆက်ကိုင်ထားရနိုးနဲ့ လက်တွေတုန်လာသည်အထိ ဂနာမငြိမ်ဖြစ်ရသည်။

ရင်ခွင်သည် စက်ဘီးကို အားစိုက်ပြီး နင်းကာ ကျဲကျဲတောက်ပူနေတဲ့ နေရောင်အောက်မှာ အန်တုနေသည်။

အမေ့ဆီ သူရောက်ချင်လှပြီ။ ချစ်သူလေးရပြီဆိုတာ ကြွားချင်လှပြီ။





ဒီနေ့ကိုတော့ ငါတို့ ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်မိကြပြီနော်. .

မသေချာတဲ့ မနက်ဖြန်အတွက်တော့ မျှော်လင့်ချက်တွေ ပိုပြီး သေချာသွားပြီပေါ့. .

ရွှက်ကြွေရယ်. . .

ငါ့ရဲ့ကောင်းကင်မှာ နင်က အလှဆုံး ကြယ်စင်ကလေးပါဟာ. . .

♦

ဝေဖန်စာ၊ အကြံပြုစာများ
ပေးပို့လိုပါက
အမှတ်-၄၁၊ မြေညီထပ်၊
မေတ္တာရောင်ပြန်ရုပ်ရှင်၊
လမ်း ၉၀၊ ကန်တော်ကလေး၊
ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ဒီနှစ် ပိတောက်က သင်္ကြန်ကို မျက်နှာလိုက်ပါသည်။

သင်္ကြန် မတိုင်ခင်မှာ ပိတောက်ပန်းတွေ လှိုင်လှိုင်ကြီးပွင့်နေကြပြီ။

သင်္ကြန်အတွက် ပြင်ဆင်စရာရှိတာတွေ ပြင်နေကြပြီ။

အဲဒီအထဲမှာမှ ရင်ခွင်တို့သားအမိက အကဲဆုံးဖြစ်နေကြသည်။

'အမေ. . သားနဲ့ဒီအင်္ကျီအဝါကွက် လိုက်ရဲ့လားဟင်'

အဝါရောင်အင်္ကျီအကွက်ကို သူ့ကိုယ်မှာကပ်ပြပြီး မေးနေသော သားလူပျိုကို ဒေါ်ခင်က ချစ်မဝစွာပြုံးကြည့်ရင်း. .

'ငါ့သားက ချောပြီးသားပါကွယ်၊ ဘာဝတ်ဝတ် လှပြီးသား'





ဒါကိုပဲ ရင်ခွင်က စောဒကတက်သေးသည်။

'အမေ့မျက်လုံးထဲမှာလှတာတော့ လှတာပေါ့. . ရွှက်ကြွေမျက်လုံးထဲမှာ နည်းနည်းများ တောဆန်နေမလားလို့ အဟဲ. . အခုသူက မြို့သူတစ်ပိုင်းဖြစ်နေပြီဆိုတော့. . .'

ဒေါ်ခင်က သားဖြစ်သူကို အလွန်ပိုတာယ်ဆိုပြီး မျက်စောင်းထိုးလေ၏။

သားအမိနှစ်ယောက် သိမ်းလို့ ဆည်းလို့ ပြီးပြီဆိုမှ စိတ်ဖြောင့်လက်ဖြောင့်အိပ်နိုင်ကြတော့သည်။

ချစ်သူနဲ့တွေ့မယ့်ဆိုတဲ့အသိက သူ့နှလုံးသားကို ကျည်ဆန်ရထားလို မြန်စေပါသည်။

ဆောင်းရွှက်ကြွေက ကွင်းပြင်မှာရှိတဲ့ ထုံးဖြူစေတီကလေးနားမှာ သူ့ကို ရပ်စောင့်နေသည်။

ရွှက်ကြွေသည် သနပ်ခါးရောင် ပွင့်ရိုက်ဝမ်းဆက်ကလေးဖြင့် ညနေဆည်းဆာမှာ လှချင်တိုင်းလှနေသည်။

နေညိုပေမယ့် သူမအလှက စိုပြည်နေသည်။

ရွှက်ကြွေဆီ သူ ဝမ်းသာအားရပြေးသွားသည်။

ရွှက်ကြွေကတော့ ပြုံးပြီး သူ့ကိုရပ်ကြည့်နေသည်။

ရွှက်ကြွေဆီ ဘာလို့မရောက်နိုင်ရတာလဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ပြေးလေ. . ဝေးလေပါပဲလား။

သူ တုန်လှုပ်လာသည်။

'ရွက်ကြွေ'လို့ အကျယ်ကြီးအော်ခေါ်မိသည်။

ဒါပေမယ့် ရွက်ကြွေက ပြန်မထူးပါ။

သူ့တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်လာသည်။

ရွက်ကြွေနာမည်ကို ကြိမ်ဖန်များစွာ သူခေါ်နေမိခဲ့သည်။

'သားရေ. . သား. . ထဦး၊ အရှေ့မှာ ဦးထင် ရောက်နေတယ်၊ ထတွေ့လိုက်ဦး'

အမေ လာနှိုးတော့မှ သူ အိပ်မက် မက်နေမှန်း သိတော့သည်။ ဦးထင်က အိမ်ရှေ့ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်နေသည်။

ညကြီးအချိန်မတော် ဘာကိစ္စများပါလိမ့်။

ရင်ခွင် စိတ်ပူသွားသည်။

ရွက်ကြွေနဲ့သူသွားတွေ့မှာကို သိများသွားပြီလား. .

'ဆရာ. . ဘာကိစ္စရှိလို့လဲ ခင်ဗျ'

'အေးကွာ. . ငါ့မလဲ အရေးရယ်၊ အကြောင်းရယ်ဆို ပြေးကြည့်ရင် မင်းပဲရှိတာဆိုတော့. . မင်းသိတဲ့အတိုင်းပဲ၊ အလုပ်သမားတွေက သင်္ကြန်မှာ ခွင့်ယူထားကြတယ်. . ငါကလည်း ငါ့သမီးဆီ ခဏသွားမလားလို့. . အဲဒါ ငါမရှိရင် မင်းရှိနေမှအဆင်ပြေမှာ. .





ဖြစ်နိုင်ရင် ဒီသင်္ကြန်တွင်းမှာ မင်း ငါ့အိမ်ကို ခဏစောင့်ပေးလို့ရမလား'

သူတို့ပြောနေတာတွေကို အသာလေးနားထောင်နေသော ဒေါ်ခင်က အံ့သြနေသည်။

သားက ဦးထင်ဆီမှာ အလုပ်ပြန်လုပ်နေတာ သူ ဘာလို့ မသိရတာလဲ. . .

သားကရော ဘာဖြစ်လို့ ဖုံးကွယ်ထားချင်ရတာလဲ. .

ရင်ခွင်မျက်နှာလေး ချက်ချင်းညှိုးကျသွားသည်။

ကံကြမ္မာက စီမံလာတာပဲလေ. . သူ ဘာများတတ်နိုင်ပါ့မလဲ. . .

သူဟာ တကယ်တမ်းကျတော့ ပုတ်သင်ညိုတစ်ကောင်ပါပဲ။ အချိန်တန်ရင် ခေါင်းညိတ်ဖို့ အဆင်သင့်ဖြစ်နေပြန်ပြီ။

'စိတ်ချပြီးသွားပါ ဦး. . ကျွန်တော် လာစောင့်ပေးပါ့မယ်'

'အဲဒါတွေကြောင့်ပဲ မင်းကို ငါ အားကိုးနေရတာပေါ့ကွာ'

အားကိုးတယ် ဆိုတဲ့စကားရဲ့ နောက်ကွယ်မှာ ပေးဆပ်ရတာတွေက အရင်းအနှီးသိပ်ကြီးနေတယ်ဗျာ။

ဒီနွေမှာ မက်ဖို့ မျှော်လင့်ခဲ့တဲ့ အိပ်မက်ကလေး ပျက်သွားပြန်ပြီပေါ့လေ. .



www.burmeseclassic.com

www.burmeseclassic.com



'သား. . သူခိုင်းတိုင်း လိုက်လုပ်နေရအောင် သားက သူတို့ရဲ့ငယ်ကျွန်မဟုတ်တော့ဘူးလေကွယ်. . သတ္တိရှိရှိ ငြင်းလိုက်ပါတော့လား'

အမေ မသိနိုင်သေးတာတွေ၊ အမေ သိအောင် ပြောပြချင်တာတွေ ကျွန်တော့်ရင်ထဲမှာ အများကြီးပါ အမေရာ။

'သူ အကူအညီတောင်းတာကို ဘယ်လိုလုပ်ပြီး ငြင်းမလဲ အမေ'

'ဒါဆို တစ်သက်လုံး ဒီလိုပဲ ခေါင်းငုံ့ခံမယ်ပေါ့၊ သား မနက်ဖြန် ရန်ကုန်မသွားတော့ဘူးလား'

'ဒီပုံအတိုင်းဆို သူတို့ပြန်လာမှ သား သွားရမယ်ထင်တယ်၊ ရွက်ကြွေတော့ သားကိုမျှော်နေတော့မှာပဲ'

'သူတို့ကြိုသိသွားလို့များ တမင်အကွက်ရွှေ့တာလား မသိဘူးနော် သား'

ထိုညက သူ မိုးစင်စင်လင်းတဲ့အထိ စိတ်ပျက်စွာဖြင့် ငုတ်တုတ်ထိုင်နေမိသည်။

ဦးထင်ကို သူ ဘာကြောင့်ကြောက်နေမိတာလဲ. .

ကလေးဘဝက ကြောက်စိတ်က အခုချိန်ထိ အမြစ်တွယ်သွားတာလား။

*ဆောင်းညပြာသိစာပေ*



ခြေထောက်က အမာရွတ်လေးက သေရာပါသွားခဲ့ပြီ။

သူ့မျက်လုံးထဲမှာ ပြန်မြင်နေတာက. . ရက်စက်ပြီး နီရဲနေသော ဦးထင်ရဲ့မျက်လုံးတွေ. . . .

မျက်လုံးအကြည့် တစ်ချက်နှင့်အတူ သူ့ခြေထောက်ပေါ်အားနဲ့လွှဲပြီး ရိုက်လာတဲ့ ကြိမ်တစ်ချောင်း။

အားလုံးဟာ မနေ့တစ်နေ့ကလိုပါပဲ။

သူ့နားထဲမှာ အသံတွေ ဆူလာသည်။

တဖြည်းဖြည်းနဲ့ သူချောက်ချားလာသည်။

'ပြောဦးလေ. . နောက်တစ်ခါ ငါ့ခွင့်ပြုချက်မရဘဲ ယူစားဦးမှာလား'

ကြိမ်သံနှင့်အတူ စပ်ဖျဉ်းနီရဲလာတဲ့ ဒဏ်ရာတွေကိုကြည့်ပြီး သူ အံကိုတင်းတင်းကြိတ်ထားသည်။

'ကျွန်တော် ခိုးစားတာမဟုတ်ဘူး'

'ကဲဟာ. . အငြင်းသန်ဦး. . မင်း မခိုးဘဲနဲ့ ဒီမုန့်က မင်းလက်ထဲ ဘယ်လိုလုပ်ပြီးရောက်နေတာလဲ'

သူ့တင်ပါးနှင့် ခြေထောက်တွေမှာ ဒဏ်ရာတွေက မြင်မကောင်းတော့။

သူ ဘာအတွက်နဲ့အရိုက်ခံနေရတာလဲ. .

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ပလာတာတစ်ချပ်အတွက်နဲ့ သူ့ကို သားသမီးချင်းမစာနာဘဲ သေကောင်ပေါင်းလဲ ဖြစ်အောင် ရိုက်နေသည့် သူ့ကို မုန်းသည်။ အသေမုန်းသည်။

ရွှက်ကြွေ ကျွေးထားတာကို သူ့နှုတ်က ပြောဖို့ဝန်လေးနေသည်။

ဒါကြောင့် သေအောင်ရိုက်လည်း ကြိတ်မှိတ်ခံနေမိသည်။

မကျဘူးလို့ တင်းခံထားသည့် မျက်ရည်တွေက မျက်လုံးအိမ်မှာ ခိုတွဲလာသည်။

အဲဒီအသံတွေ၊ အဲဒီမြင်ကွင်းတွေ၊ အဲဒီရက်စက်မှုတွေက သူ့ကို အမြဲခြောက်လှန့်နေသည်။

ရင်ခွင်. . ဆိုတဲ့ကောင်လေးက ဆောင်းရွှက်ကြွေကို ဘယ်လိုနည်းနဲ့မှ အပွန်းပဲ့မခံနိုင်ပါ။ အထိခိုက်မခံနိုင်ပါ။

ရွှက်ကြွေနဲ့ပတ်သက်ပြီး သူ အရိုက်ခံခဲ့ရပေါင်းများပြီ။

အတိတ်ကို အတိတ်မှာ မထားခဲ့ဘဲ သင်ခန်းစာယူတတ်မယ်ဆိုရင် ပစ္စုပ္ပန်မှာ သူ ဦးထင်ဆီ မသွားသင့်ဘူး။

မသွားသင့်ဘူး ဆိုပေမယ့်. . . ခြေထောက်တွေက အဲဒီကို ဦးတည်နေသည်။

♦





သူ ရန်ကုန်မလာဖြစ်တဲ့အကြောင်း ရွှက်ကြွေဆီ ဖုန်းဆက်ချင်ပေမယ့် ဦးထင်တို့ ရန်ကုန်ရောက်နေပြီမို့ မဆက်ဖြစ်ခဲ့။

ဒေါ်ဉမ္မာပါ ရှိနေတော့ ပိုပြီး တင်းကျပ်နိုင်သည်။

ဦးထင်တို့သွားပြီး သုံးရက်အကြာတွင် ကုန်ကားတစ်စီး ညဘက်ကြီး ရောက်လာသည်။

ရင်ခွင်က ပစ္စည်းထားတဲ့ ဂိုဒေါင်ထဲမှာပဲ အိပ်တာဆိုတော့ ညဘက်လာတဲ့ ကုန်ကားကို ဦးထင် ထားနေကျ ဟိုဘက်က ဂိုဒေါင်ထဲကို သွင်းပြီး ကားပြန်ထွက်သွားချိန်တွင် သော့ပြန်ခတ်ဖို့ ပြင်နေစဉ် ရဲများ ရောက်လာပြီး ဂိုဒေါင်ထဲက ပစ္စည်းတွေကို ရှာကြသည်။

'တွေ့ပြီ ဆရာ၊ ကုန်ခြောက်တွေနဲ့ရောထားတာ'

သူတို့အပြောက WYစာတန်း ပါတဲ့ စိတ်ကြွရူးသွပ်ဆေးတွေဆိုပဲ။

ရင်ခွင် ထောင်ချောက်ထဲကို ကျသွားခဲ့ပြီ။ ဒီအခြေအနေမှာ သူ့နှလုံးသားတွေ အနာကျင်ဆုံးပါပဲ။

အားလုံးနဲ့လဲရတော့မယ်။

'သူ့ကို လက်ထိပ်ခတ်လိုက်'

လက်ထိပ်နဲ့သူ ဘာဆိုင်လို့လဲ. . .

ဒီအမှားက သူကျူးလွန်ထားတာမှမဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေ ပြာလာသည်။

သူ့ဘဝရဲ့မျှော်လင့်ချက်တွေ. . ဘာမှ မဖန်တီးရသေးခင် ဖျက်ဆီးခံလိုက်ရပြီလား. . .

'ခဏ. . . ခဏလေးပါဗျာ. . ဒီပစ္စည်းတွေကို ကျွန်တော် ဘာမှမသိပါဘူး၊ ကျွန်တော့်ကို အိမ်စောင့်ခိုင်းလို့ လာစောင့်ပေးရတာပါဗျာ. . ကျွန်တော်က အလုပ်သမားပါ၊ ကျွန်တော့်ကို မဖမ်းပါကြပါနဲ့. . တောင်းပန်ပါတယ်. . ကျွန်တော် ဆယ်တန်းဖြေထားတဲ့ ကျောင်းသားပါဗျာ'

သူဘယ်လိုပဲ တောင်းပန်တောင်းပန်၊ ခုချိန်မှာ ပစ္စည်းတွေနဲ့တကွ ရှိနေတာက သူပဲဆိုတော့. . .

'မင်းတို့အလုပ်ရှင်က ဘယ်သူလဲ'

သူ့ပါးစပ်က ချက်ချင်း မထွက်လာ၊ ဆွံ့အနေတာ မဟုတ်ပေမယ့် ပြောဖို့ဝန်လေးနေပြန်သည်။

ငါ ဘာလုပ်ရမလဲ ရွက်ကြွေ. .

'သူ့ကိုခေါ်ခဲ့လိုက်'

အတိတ်ဘဝက ဝဋ်ကြွေးလား။ သေရာပါမယ့် အမည်းစက်ကြီးနဲ့ တစ်ခါမှမမျှော်လင့်ဖူးတဲ့ အချုပ်ထဲကို သူရောက်ခဲ့ရပြီ။

◆



## (၂၈)

သံတိုင်တွေရဲ့အကွယ်မှာ အုတ်နံရံတွေဆီ မျှော်လင့်ချက်မဲ့သောမျက်လုံးတွေနဲ့ငေးကြည့်နေတဲ့ သားကိုအတွေ့မှာ မတ်တတ်ရပ်နေသော ဒေါ်ခင်၏ဒူးများ ညွတ်ကျသွားသည်။

'သား. . သားရယ်. . ဘယ်လိုဖြစ်ရတာလဲကွယ်'

'သား. . သားလုပ်တာ မဟုတ်ဘူးနော်၊ အမေ သားကိုယုံတယ်မဟုတ်လား. . သား ဒါမျိုးမလုပ်ပါဘူး'

ဒေါ်ခင်က ရင်ခွင်ရဲ့ပါးလေးကိုကိုင်ပြီး ငိုနေသည်။

မိခင်တစ်ယောက်ရဲ့ မချိတင်ကဲစိတ်က သားကို ကြည့်ပြီး အူလှိုက်သည်းလှိုက်ခံစားရသည်။

ကိုယ့်သားရဲ့စာရိတ္တ၊ ကိုယ့်သားရဲ့ကိုယ်ကျင့်တရားကို ယုံ



www.burmeseclassic.com

www.burmeseclassic.com



ကြည်သူမို့ ဒီလိုမျိုး မူးယစ်ဆေးရောင်းဝယ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်မှန်း သူမ သိပြီးသား။

ကိုယ်မလုပ်ဘဲနဲ့ တစ်ယောက်ယောက်ကို ငဲ့ကွက်ပြီး ဖွင့်မပြောမှာပဲ စိုးရိမ်ရသည်။ သားကို ဖျောင်းဖျကြည့်သည်။

'အမှန်အတိုင်းပြောလိုက်ပေါ့ သားရယ်'

'သားကြောင့် သူတို့ဒုက္ခမရောက်စေချင်ဘူး'

'ဒါကတော့ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံပဲ သား. . သူတို့လုပ်ခဲ့တာ သူတို့ခံရမှာပဲလေ. . အမေ့သားနဲ့ဘာဆိုင်လို့လဲ. . အမေ သိရင် အစောကြီးကတည်းက တားပါတယ် သားရယ်'

'ရှက်ကြွေ သားကိုစောင့်နေလောက်ပြီ အမေ၊ သား ဒီလိုဖြစ်နေတာတွေ သူ့ကို လုံးဝမသိပါစေနဲ့နော် အမေ'

သားရယ်. . သားကောင်မလေးကို ဒီလောက်တောင် သံယောဇဉ်တွယ်ရသလား. . .

သူ့ကြောင့် သားဘဝတစ်ခုလုံးကို ပေးဆပ်တော့မယ်ပေါ့. . ဟင့်အင်း. . ဒီလိုတော့ အဖြစ်မခံနိုင်ဘူး။

'သားလေး. . ထမင်းတော့ ဝင်အောင်စားနော်၊ အမေ. . နေ့တိုင်းလာခဲ့မယ်နော် သား'

'အမေ. .'

ဆောင်းညပြာသိုစာပေ



အမေ. . လို့ ခေါ်တဲ့ အသံမှာ တောင်းပန်တိုးလျှိုးသံက အတိုင်းသားပေါ်လွင်နေသည်။

သား ဘာကိုစိုးရိမ်နေသလဲဆိုတာ သူမ သိပြီးသားပါ။

'စိတ်ချ သား. . ရှက်ကြွေအတွက် စိတ်ချနော်၊ သားသာ ဒီအထဲမှာ အဆင်ပြေအောင် နေပါ'

'အမေ့အတွက် သားစိတ်မအေးရဘူး. . ဒီထဲမှာ မနေချင်ဘူး အမေ. သား ကျောင်းဆက်တက်ချင်သေးတယ်'

'သားက အမှန်အတိုင်း ဖွင့်မပြောချင်ပေမယ့်. . . အမေ ဦးထင်နဲ့သွားတွေ့မှဖြစ်မယ်'

'သူတို့ပြန်လာမှာ မဟုတ်ဘူး'

'ခုထိတော့ ပြန်မလာသေးဘူး'

အချိန်တန်တော့ အိမ်ပြန်ရဦးမည်။

သားကို သံတိုင်အနောက်မှာ ထားခဲ့ရဘာ ရင်နာစရာကောင်းလွန်းသည်။ ဒေါ်ခင်က အရဲစွန့်ပြီး စခန်းမှူးကြီးကို ဝင်တွေ့သည်။ တောင်းပန်သည်။

'ကျွန်မ စကားနည်းနည်းလောက် ပြောပါရစေ စခန်းမှူးကြီး'

'ခင်ဗျားက. .'

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ရင်ခွင်ရဲ့အမေပါ'

'ပြောပါ..'

'ကျွန်မသားက အဲဒီပွဲရုံမှာ အလုပ်လုပ်ပါတယ်၊ အခုကိစ္စက သူဘာမှမသိပါဘူးရှင်၊ သူ့သူဌေးက ခရီးထွက်သွားတော့ သူ့ကို အိမ်ခဏစောင့်ခိုင်းခဲ့တာပါ။ ခါတိုင်းလည်း ဒီလိုပဲ ကုန်တွေ လာချနေကျဆိုတော့ သူက တံခါးဖွင့်ပေးလိုက်တာ.. အဲဒီထဲမှာ မူးယစ်ဆေးပါတယ်ဆိုတာ သူလုံးဝမသိပါဘူးရှင်'

'သူ့သူဌေးလို့ပြောတဲ့သူက နိုင်ငံခြားမှာ ဆေးသွားကုနေလို့ ပြန်မလာသေးဘူး၊ ဒါပေမယ့်.. ကျွန်တော်တို့မှာ သက်သေကနိုင်လုံနေတော့ သူ မဟုတ်ဘူးလို့လည်း ပြောရခက်နေပါတယ်'

'ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မသားလေးက ခုမှဆယ်တန်းဖြေထားတာပါ.. အမေမုဆိုးမကို လုပ်ကျွေးနေတဲ့ သားပါ စခန်းမှူးကြီးရယ်'

'အမှန်တရားအတိုင်း ဖြစ်စေရမှာပါ အစ်မကြီး၊ စိတ်ချပြီးပြန်ပါ'

'ကျေးဇူးတင်ပါတယ်ရှင်'

ဒေါ်ခင်ပြန်သွားပြီး မရှေးမနှောင်းမှာ ရဲစခန်းကို လူတစ်ယောက် ထပ်ရောက်လာသည်။





'ရင်ခွင်'

'ကိုအေးထွန်း'

'မင်းကွာ.. ငါ့စကား နားမထောင်ခဲ့ဘူး၊ မင်းကို အသုံးချလိမ့်မယ်လို့ ငါ မပြောဘူးလား..ဖြစ်မှဖြစ်ရလေကွာ'

'ကျွန်တော့်ကို ကယ်ပါဦး အစ်ကို၊ ကျွန်တော် သူတို့ကို ငဲ့ကွက်ခဲ့လို့ အခုခံလိုက်ရပြီဗျာ'

'တရားကိုနတ်စောင့်ပါတယ် ရင်ခွင်ရာ.. မင်း ဘာမှစိတ်ခတ်မကျနဲ့'

'အခုဟာက ကျွန်တော် တစ်ယောက်တည်းရှိတဲ့အချိန်မှာ ဖြစ်သွားတာဆိုတော့'

'တမင်သက်သက် အချိန်ကိုက် လုပ်သွားတာ...မင်းကို ထောင်ကျအောင်လုပ်တာ ရင်ခွင်ရ.. မင်း မရှိမှ သူ့သမီးကို ဟိုကောင်နဲ့ပေးစားလို့ရမှာလေ၊ အခုလည်း အိမ်ကို ချိပ်ပိတ်လိုက်ပြီဆိုတော့ ငါ့အထင် အဲဒီလူကြီး ရှောင်သွားလောက်ပြီထင်တယ်'

'ဒီအကြောင်းတွေ ရွက်ကြွေကို မသိစေချင်ဘူးဗျာ'

ကိုအေးထွန်းက ရင်ခွင်ကို ကြည့်ပြီး သနားသလို ဒေါသလည်းထွက်လာသည်။

'သေလိုက်၊ မင်း အဲဒီမှာ လဲပြီးသေလိုက်..မင်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါင်းထဲမှာ ဘာမှမရှိဘူးကွ၊ နားလည်လား . . မင်းသာ သူတို့ကိုလိုက်ပြီး ငဲ့ကွက်နေတာ'

ရင်ခွင် ဘာမှမပြောဘဲ ငြိမ်နေသည်။

ကရုဏာဒေါသဆိုတာကို သူနားလည်ပြီးသားပဲလေ. .

'ငါ့အထင် ပြောရရင်. . မင်းကို သူတို့ဘက်က လာညှိလိမ့်မယ်၊ ငွေနဲ့ဖိလိမ့်မယ် ရင်ခွင်၊ မင်း ဘာကိုရွေးမလဲဆိုတာ အခုကတည်းက စဉ်းစားထား၊ မင်းတို့ဆီမှာတွေ့တဲ့ ဆေးပမာဏက များတော့ တစ်ခုခုဆို မင်း နစ်ကြီးကျလိမ့်မယ်နော်၊ အဒေါ်ခင်အတွက် မင်းစဉ်းစားဦးကွ၊ ဒီအချိန်မှာ မင်း မွန်နေဖို့ မကောင်းတော့ဘူး'

လူတစ်ယောက်က တခြားလူတစ်ယောက်ကို သိပ်ပြီးငဲ့ညှာလွန်းရင် အမှန်တရားတွေ ကွယ်ပျောက်သွားလိမ့်မယ်လို့ ကိုအေးထွန်းက ပြောသွားသည်။

မှန်သင့်သလောက် မှန်ပေမယ့် သူ့အနေနဲ့က ကိုယ့်အဖေအရွယ်လူကြီးတစ်ယောက်ကို သံတိုင်တွေရဲ့နောက်ကွယ်မှာ ဘယ်လိုမှကြည့်ရက်နိုင်မှာမဟုတ်။

စဉ်းစားရင်း. . တွေးရင်းနဲ့ပဲ မိုးစင်စင်လင်းရပြန်ပြီပေါ့။

♦



## (၂၁)

ခြံထဲက ဒန်းလေးပေါ်မှာထိုင်ပြီး ရွက်ကြွေ လမ်းပေါ်က လူတွေကို ငေးနေမိသည်။

လက်ကလေးတွေ ချိုးပြီး ရေနေမိသည်။

'ရင်ခွင်က ဘာဖြစ်လို့ မလာသေးတာလဲ. . . ဖုန်းလည်း မဆက်ဘူး'

တစ်ယောက်တည်း တီးတိုးစကားတွေ ဆိုနေစဉ်. . . သူမအနားသို့ ဒေါ်ဉမ္မာရောက်လာခဲ့သည်။

'သမီး. . ရေချိုးပြီးပြီ မဟုတ်လား'

'ပြီးပြီ အမေ'



www.burmeseclassic.com

www.burmeseclassic.com



'သွား. . အဝတ်အစားသွားလဲချေ'

'ဘယ်သွားမလို့လဲ. . ဒီနေ့ သမီးမအားဘူး'

'အားအား. . မအားအား. . ငါက လိုက်ဆို လိုက်ခဲ့ပေါ့'

'ဖေဖေ ဘယ်သွားလဲ အမေ'

'ကိစ္စရှိလို့ ခရီးထွက်သွားတာ. . သွား. . မြန်မြန် အဝတ်အစားလဲပြီး လာခဲ့. . မောင်ရဲနွယ်စောင့်နေဟာ အားနာစရာကြီး'

အမေ့ဆီက အားနာတယ်ဆိုတဲ့စကားသံ ဒီတစ်ခါပဲ ကြားဖူးသေးသည်။

အမေတို့ ဘာတွေများ ကျိတ်ပြီးကြံစည်ပြန်ပြီလဲ. . .

ရွှက်ကြွေက အိမ်ထဲဝင်ပြီး လှေကားပေါ်တက်မလို့ပြင်စဉ် အထွေးက လက်ယပ်ပြီးခေါ်နေသည်။

'အထွေး. . ဘာလဲ'

အထွေးက ဟိုဒီကြည့်ရင်း. . သူ့လက်ထဲမှာ လိပ်ပြီး ကိုင်ထားတဲ့ စာအိတ်လေးကို လှမ်းပေးသည်။

ရွှက်ကြွေက စာယူပြီး လှေကားထစ်တွေပေါ် အပြေးလေး တက်လာခဲ့သည်။

ဒီစာကို သူမ ဖတ်ချင်လှပြီ။

ရေချိုးခန်းထဲဝင်ပြီး Lockချကာ စာကိုဖွင့်ဖတ်မိသည်။





ရှက်ကြွေ...

ဒီသင်္ကြန်ရက်တွေမှာ ငါ လာဖြစ်ဖို့ သိပ်မသေချာသေးဘူး၊ နင်မျှော်နေမှာ သိပေမယ့်..အလုပ်တွေ အရမ်းများနေလို့ပါဟာ၊ နင့်အဖေနဲ့အမေ မရှိတော့..ငါ့ကို သေချာအပ်ထားခဲ့တာမို့ ပိုပြီး တာဝန်ကြီးနေတယ်လေ..နင် ငါ့ကို စိတ်မဆိုးနဲ့နော်..ဖုန်းလည်း ခဏလောမမျှော်နဲ့ဦး၊ ကိုယ်ကိုယ်ကို ကျန်းမာအောင်နေနော်..

နင့်ကို အရမ်းချစ်ပြီး

နင့်အရိပ်တွေကို လွမ်းနေတဲ့...ရင်ခွင်

'ဟွန်း. . စာကလည်း တိုတိုလေးပဲ၊ ဘယ်လောက်တောင် အလုပ်များနေလို့လဲ မသိဘူး၊ ဖတ်လို့မဝပါဘူးဆိုမှ၊ ရင်ခွင်. . . နင် ဘာမှ မသိပါလားနော်. . ဒီမှာ သူတို့ ဘာတွေစီစဉ်နေကြလဲ မသိဘူး၊ နင် ငါ့ကို စိတ်ချလက်ချလွှတ်ထားရက်တယ်နော်'

ရွှက်ကြွေက မကျေမနပ်ဖြင့် ရင်ခွင်ကို အပြစ်တွေ တင်နေမိသည်။

'ဒုန်း. . ဒုန်း'

'သမီး. . မပြီးသေးဘူးလား. . ရေချိုးပြီးပြီဆို၊ ဘာလုပ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



အမေ့က တံခါးလာထုပြီး အော်နေပြီမို့

'ဆပ်ပြာတိုက်. . အဲလေ. . အဝတ်လဲနေတာ အမေ၊ ပြီးတော့မယ်'

ပါးစပ်ထဲ တွေ့ရာပြောပြီးမှ အမေ အပြင်မှာရပ်စောင့်နေရင် အလိမ်တွေ ပေါ်ကုန်တော့မှာပဲ။

'အမေ အောက်ကပဲ စောင့်နေတော့မယ်. . မြန်မြန်ဆင်းလာခဲ့'

'ဟုတ်. . အမေ'

အမေထွက်သွားတဲ့ခြေသံ ကြားတော့မှ ရွှက်ကြွေက တံခါးကို အသာလေးဟ,ကာ ချောင်းကြည့်သည်။

ပြီးတော့မှစိတ်ချလက်ချထွက်ရဲတော့သည်။ သူတို့ဘာလုပ်ကြဦးမှာလဲလို့တွေးရင်း အဝတ်အစားမြန်မြန်လဲရသည်။ လှချင်စိတ်မရှိတော့ ဖြစ်သလိုပင် တွေ့ရာဆွဲပြီး ဝတ်ပစ်လိုက်သည်။

မျက်နှာမှာ ဘာကာလာမှမရှိ။ ပကတိ နဂိုရှိပြီးသားအလှတွေက ထင်ရှားပေါ်လွင်နေသည်။ ရွှက်ကြွေက လွယ်နေကျ စလင်းဘက်အိတ်လေးကို ကောက်ယူလိုက်ပြီး အောက်ထပ် ပြန်ဆင်းလာခဲ့သည်။

♦



ခြံကြီး တစ်ခြံထဲကို ကားက ချိုးကွေ့ဝင်ပြီး ထိုးရပ်လိုက်သည်။

ရပ်လိုက်တော့မှပဲ ဒီနေရာကိုလာတာဟု ယတိပြတ် သိရတော့သည်။

မှန်ချပ်တွေရဲ့နောက်မှာ အရုပ်မ လှလှလေးတွေနဲ့အတူ အဆင်ဆန်းဆန်းလေးတွေကိုတွေ့နေရသည်။

ခုချိန်ထိ ဘာမှန်းမသိပေမယ့် ရင်ခုန်မြန်နေသည်။

ရင်တုန်တာဆို ပိုပြီး မှန်လိမ့်မည်။

'ရွှက်ကြွေ. . လာ. . ဒီဆိုင်က နာမည်ကြီးပဲ၊ မင်းသမီးတွေဆို ဒီက ဒီဇိုင်နာ. . . နဲ့ပဲ ချုပ်ကြတာ'

ကိုရဲနွယ်က ဖော်ရွေစွာရှင်းပြလေ. . သူမ သွေးပျက်လေပင်။ ဒေါ်ဥမ္မာက -



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတွေကြောင့် ငါ့သားကို အားကိုးနေရတာပေါ့၊ စေ့စပ်ဖို့ခန်းမရော အဆင်ပြေပြီလား'

စေ့စပ်ရမယ်. . .

ဘာတွေလဲ. . ရွက်ကြွေကို ဘာလို့အသိမပေးကြတာလဲ။

'အားလုံး အဆင်ပြေတယ် အန်တီ. . လာမဲ့ တနင်္ဂနွေနေ့ မြရိပ်ညိုမှာ စီစဉ်ထားတယ်'

'အမေ'

'နောက်မှမေး သမီး၊ ဟိုမှာ ကြည့်စမ်း. . အဆင်လေးတွေက လှလိုက်တာကွယ်'

ထိုအခိုက်အတန့်မှာတော့ ရွက်ကြွေဆိုသူလေးသည် နှလုံးခုန်နေလျက် သေဆုံးခဲ့ရသည်။

သူတို့စိတ်ကြိုက်စီစဉ်သမျှ စိတ်မပါဘဲ လက်ခံခဲ့ရသည်။

'ပန်းနုရောင်လေးက သမီးအသားနဲ့ ပိုပြီးလိုက်မယ် ထင်တယ်. . မင်္ဂလာလည်း ရှိတယ်လေ၊ ဒါလေးပဲ ချုပ်ပေးလိုက်ပါ. . . အလှဆုံးချုပ်ပေးနော်'

ကိစ္စတွေ ပြီးပြီဆိုတော့ ကားပေါ်မှာပင် ရွက်ကြွေက သိချင်တာကို မအောင့်နိုင်ဘဲ ဖွင့်မေးမိသည်။

'အမေ. . စေ့စပ်မှာက ဘယ်သူလဲ'

ဆောင်းညပြာသို့စာပေ



'သမီးလေ'

'ဘယ်သူနဲ့လဲ'

'ဟဲ့. . နင် ရူးနေပြီလား၊ ဘာလို့ ငါ့ကို ဒါတွေ ပြန်မေးနေတာလဲ၊ မောင်ရဲနွယ်နဲ့ပေါ့. . အိပ်ချင်ယောင်ဆောင်နေရင် အနှိုးရခက်သတဲ့'

'သမီး သဘောမတူဘူး အမေ'

ရဲနွယ်က ကားမောင်းနေရင်း သူမဘက်ကို ငဲ့စောင်းပြီး ကြည့်လာသည်။

'ညည်းပါးစပ်ကို ခုချက်ချင်းပိတ်ထားရင်ကောင်းမယ် ရွက်ကြွေ. . ငါစီစဉ်တာကို အသာတကြည်လက်ခံရင်ခံ. . လက်မခံရင် ငါ့အဆိုးမဆိုနဲ့'

'သမီး ကျောင်းတက်ဦးမယ် အမေ'

'စေ့စပ်ပြီးမှဆက်တက်လည်း ရတယ်ပေါ့၊ ညည်းကို ခုချက်ချင်း ပေးစားနေတာမှမဟုတ်တာ'

ဖြစ်နိုင်ရင်တော့ ချက်ချင်းပေးစားချင်တာပေါ့။

ငါတို့ ဘဝပျက်နေပြီ ရွက်ကြွေ. . . အိမ်လည်း အသိမ်းခံလိုက်ရပြီ။

ကိုထင်လည်း ထွက်ပြေးသွားပြီ. . .

ဆောင်းညပြာသို့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မျိုးမှာ ဟန်မပျက်နေနိုင်ဖို့ သမီးကိုပဲ အားကိုးရတော့မှာ..

အမေ့အတွက်ကို သူသိပြီးသားမို့ ဖက်ပြိုင်ပြီးပြောနေလည်း အပိုသာဖြစ်လိမ့်မည်။

ရင်ဆိုင်အန်တုနေတာနဲ့စာရင် ဥာဏ်ကို လွှာပြီးသုံးတာက ပိုပြီးအကျိုးရှိလိမ့်မည်။

အိမ်အပြန်တစ်လမ်းလုံး ရှက်ကြွေနှုတ်ဆိတ်ပြီး လိုက်လာခဲ့သည်။ ခေါင်းထဲမှာတော့ ဘယ်လိုဆက်လုပ်ရမလဲလို့ အကွက်တွေ ချနေမိသည်။

တနင်္ဂနွေဆိုတော့.. ဘုရားရေ.. ကြားထဲမှာ ငါးရက်သာ လိုတော့တာပါလား။

♦



(၂၂)

သားဆီလာတဲ့ စာကို ဖတ်ပြီး ဒေါ်ခင် ရင်တွေ တုန်လာသည်။

ရှက်ကြွေကို စေ့စပ်ပေးတော့မယ်တဲ့..

ဘယ်လိုလုပ်ရမလဲ..

သားက မကြာခင် တရားရင်ဆိုင်ရတော့မှာ၊သမီးက သူ့ကို လာခေါ်ခိုင်းနေပြီ။

သားရယ်..

အမေ ဘာဆက်လုပ်ရမလဲ... အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရင် ကောင်းမလား။

ဟုတ်တယ်...



www.burmeseclassic.com

www.burmeseclassic.com



သားစိတ်ဆိုးလည်း ခဏပေါ့. . .

သမီးဆီ လိုက်သွားရမယ်။

ဒေါ်ခင်က ထိုသို့ဆုံးဖြတ်ပြီးချိန်ဝယ် ရင်ခွင်ကို အသိမပေးဘဲ ရန်ကုန်သို့ဆင်းဖို့ ပြင်တော့သည်။

'ဒေါ်ခင်. . ဒေါ်ခင်ရေ. . ဘုန်းဘုန်းကြွလာတယ်'

ဘုန်းဘုန်းနဲ့အတူ ပါလာသူက ကျောင်းမှာ ဒကာရင်းဖြစ်တဲ့ သူဌေးလေးကိုတောက်ထွန်း ဖြစ်နေသည်။

ဒေါ်ခင်က ပျာပျာသလဲ ဆီးကြိုရှာသည်။

'ကြွပါရှင်. . ကြွပါ'

ဘုန်းဘုန်းက

'ဒကာမကြီးသားအခြေအနေသိချင်လို့ လာခဲ့တာ'

'မတရားခံနေရတာပါ ဘုရား၊ သူ့မှာ သူတစ်ပါးရဲ့ကျေးဇူးကို သိပြီး ငဲ့ညှာတတ်လွန်းတဲ့စိတ်ကလေးရှိနေတော့ သူပြောလိုက်ရင် သူ့သူဌေးခံရမှာပဲဆိုပြီး ရေငုံနှုတ်ပိတ်နေတယ် ဘုရား၊ တပည့်တော်မသားလေးကို ဖျောင်းဖျပေးပါဦး ဘုရား'

'ဝဋ်ကြွေးဆိုတာ ကြောက်ဖို့ကောင်းတယ်နော့၊ ဒီလို လိမ္မာရေးခြားရှိတဲ့ ကလေးကျမှ ဒါမျိုးလာဖြစ်ရတယ်လို့၊ ဒကာမကြီးက ဘာတွေများ ပြင်ဆင်ထားသေးလဲ'





'အမှန်အတိုင်း ပြောရရင်. . သူတို့ဘက်က လာညှိပါသေးတယ် ဘုရား၊ သားက ဝန်ခံလိုက်မယ်ဆိုရင် သိန်းနှစ်ရာပေးမယ်တဲ့လေ. . . တပည့်တော်မ ခါးခါးသီးသီးကို ငြင်းလိုက်တယ် ဘုရား. . သိန်းနှစ်ရာနဲ့ သားမျက်နှာကို မလဲနိုင်ပါဘူး၊ သားက ဝန်ခံလိုက်ရင် ထောင်နှစ်ကြီးကျမှာ၊ တစ်သက်တစ်ကျွန်းတို့ဘာတို့ဆို တပည့်တော်မ သေတဲ့အထိ တွေ့ရမှာ မဟုတ်တော့ဘူး'

ပြောပြီး မျက်ရည်သုတ်နေတဲ့ ဒေါ်ခင်ကို ကိုတောက်ထွန်းက -

'ဘယ်လိုမှမအောက်မေ့ပါနဲ့ ဒေါ်ခင်၊ခင်ဗျားသားအတွက် ရှေ့နေငှားဖို့နဲ့ လိုအပ်တာမှန်သမျှသုံးဖို့ ငွေဆယ်သိန်း ကျွန်တော်ထောက်ပံ့ပါ့မယ်'

မလိုဘူးလို့မငြင်းနိုင်အောင် အခက်အခဲကြုံနေရပြီမို့

'ကျေးဇူးတင်လိုက်တာ သူဌေးလေးရယ်. . ကျန်းမာပါစေ၊ ချမ်းသာပါစေကွယ်'

'ဟာ. . မလိုပါဘူးဗျာ. . ခင်ဗျားတို့သားအမိရဲ့ စိတ်ဓာတ်ကို လေးစားလို့ ကျွန်တော် အမြဲပြောဖြစ်ပါတယ်၊ လူတိုင်းမှာ မရှိနိုင်တဲ့ စိတ်ဓာတ်တွေလေ. . ငွေရှိတိုင်း လုပ်ယူလို့မရဘူးဗျ'

စေတနာသည် ကံဆိုတာကို ဒေါ်ခင်လက်ခံလိုက်ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ဘုန်းဘုန်းလည်း မေတ္တာပို့ပေးနေမှာပါ၊ လောကီကိစ္စတွေ ဘုန်းဘုန်းတို့နဲ့ သိပ်ပြီး မအပ်စပ်ပေမယ့် ရင်ခွင့်ဘဝလေး အညွန့်တုံးသွားမှာတော့ စိုးတယ်ကွယ်. . ဒကာမကြီး အကူအညီလိုအပ်ရင် ဟောဒီက ဒကာကိုသာပြော၊ သူ အားလုံးကူညီပေးလိမ့်မယ်၊ ဒကာကြီးရေ. . ရှေ့နေကောင်းကောင်းသာ ငှားပေးပေတော့'

'တင်ပါ့ဘုရား'

ဘုန်းဘုန်းက အားပေးပြီး ပြန်ကြွသွားသည်။

ဘုန်းဘုန်း ပြန်ကြွသွားပြီး မရှေးမနှောင်းမှာ ကိုအေးထွန်း ရောက်လာသည်။

အပူမိနေတဲ့ ဒေါ်ခင်အဖို့မှာတော့ တိုင်ပင်စရာဆိုလို့ သူပဲ ရှိတာပါ။

'မောင်အေးထွန်း ဒီနေ့ သားဆီရောက်သေးလား'

'ခုပဲ ပြန်လာတာ မေခင်၊ ဒီကောင်ခေါင်းမာပုံနဲ့တော့. . အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ရတော့မယ် ထင်ရဲ့. . ပိုပြီးဆိုးတာက အရင်မိထားတဲ့ နှစ်ကောင်က ရင်ခွင်ဆီက ဝယ်တာဆိုပြီး စွပ်စွဲထားတော့ မလူးသာမလွန့်သာဖြစ်နေပြီဗျ၊ ဒါ သက်သက်လုပ်ကြံထားတာ၊ ရှင်ရက်နဲ့သေအောင် လုပ်ထားကြတာ၊ ယုတ်မာလိုက်တာဗျာ'

ဆောင်းညပြာသိစာပေ



'ဒါဆို သားက ထောင်ကျမှာလားဟင်၊ အဒေါ်တို့ဝဋ်ကြွေးက ကြီးလှချည်လားကွယ်. . သူချစ်တဲ့သူနဲ့လည်း ဝေးရတော့မယ် ထင်ပါရဲ့၊ ကောင်မလေးကို စေ့စပ်ပေးကြတော့မှာမို့ လာခေါ်ပါတဲ့၊ သားသိသွားရင် ပိုပြီးခံစားရဦးမယ်၊ အဒေါ် ဘာလုပ်ရမလဲ မောင်အေးထွန်းရယ်'

'သူတို့က စေ့စပ်ပြီးတာနဲ့. . ချက်ချင်း လက်ထပ်ပေးမှာလား'

'အဲဒါတော့ အဒေါ်လည်း မသိဘူး၊ အနှေးနဲ့အမြန်တော့ ဖြစ်မယ်ထင်တာပဲ'

ကိုအေးထွန်းလည်း ကရုဏာဒေါသဖြင့်

'ယူသွားလည်း ကောင်းတာပဲဗျာ၊ အလကား အမျိုးယုတ်တွေ၊ ရင်ခွင်နဲ့သူတို့သမီး လုံးဝကိုမတန်ဘူး၊ မေခင်လည်း ဒီအတွက်နဲ့ လိုက်ပြီးခံစားမနေနဲ့. . တော်ကြာ. . လဲသွားမှဖြင့်. . အခုကော ထမင်းစားပြီးပြီလား'

ဘယ်လိုလုပ်ပြီး စားလို့ဝင်မှာလဲကွယ်. . .

ဒါပေမယ့် ဒေါ်ခင်က ခေါင်းညိတ်ပြလိုက်သည်။

'လိုအပ်တာရှိရင် အချိန်မရွေးခေါ်ခိုင်းပါ မေခင်. . ကျွန်တော်တို့ကိုလည်း တူသားလို သဘောထားပါဗျာ'

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် သားရယ်'

ဘာမှမဆိုင်တဲ့သူတွေက စိတ်ပူပေး၊ ကူညီပေးနေကြပေမယ့် တကယ်တာဝန်ယူရမယ့်သူက ဘယ်ပျောက်နေတာလဲ. .

ကိုယ်ချင်းစာတရား ခေါင်းပါးလှချည်လား။

လူ့ဘဝဆိုတာမျိုးက ဟိုးသံသရာအရှည်ကြီးကို လျှောက်ရဦးမှာပါ. .

ကိုယ့်ဆီလာတဲ့ကံ ကိုယ်ပဲ ခံရမှာပေါ့။

♦



## (၂၃)

ထနောင်းပင်တွေအောက်မှာ ရင်ခွင် ရပ်နေသည်။

မတွေ့တာကြာလို့ လွမ်းနေပြီမို့ ရွက်ကြွေက ထိုနေရာလေးဆီ ပြေးသွားမိသည်။

ရင်ခွင်က လက်နှစ်ဖက်ကို ဆန့်တန်းပြီး သူမကို ကြိုနေသည်။

ရွက်ကြွေအတွက် သူ့ရင်ခွင်က အမြဲအဆင်သင့်လေ. . .

သူနဲ့နီးလာလေ. . . သူ့မျက်နှာမှာ တစ်ခုခုပျောက်ဆုံးသလို ခံစားရလေပင်။

ဘာရယ်လို့. . ကွဲကွဲပြားပြားသိလိုက်ချိန်မှာ သူ့ရင်ခွင်ထဲ သူမ ရောက်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေ. . .

နှစ်လိုဖွယ်ရာသူ့အပြုံး၊ ဖော်ရွေတတ်တဲ့သူ့အပြုံးတွေ. . အားလုံးဘယ်ပျောက်သွားကုန်တာလဲ. . .

သူ့မျက်နှာလေးက ညှိုးငယ်လွန်းနေသည်။

တစ်ခါမှ မမြင်ဖူးတဲ့ အရိပ်တွေ. . သူ့မျက်လုံးမှာ ထင်နေသည်။

ဘုရားရေ. . . .

ဒါ. . ရင်ခွင်မှ ဟုတ်ရဲ့လား. . .

'ရွက်ကြွေ'

ခေါ်သံကြောင့် အိပ်မက်ကလေးပျက်ပြယ်သွားသည်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ သူမမျက်နှာနှင့် နီးကပ်စွာ ရဲနွယ်မျက်နှာကြီး ပေါ်လာသည်။

'ရှင်. . ဘာလာလုပ်တာလဲ'

'ဟာကွာ. . ကိုယ့်မိန်းမလောင်း ကိုယ်လာကြည့်တာ ဘာဖြစ်လဲ၊ မဆိုးဘူး. . မင်းက အိပ်နေလည်း လှတာပါပဲ'

'ရှင် ဘယ်လိုလူလဲ ကိုရဲနွယ်. . ကျွန်မကို ဘယ်လိုမိန်းမမျိုး အောက်မေ့နေတာလဲ. . ဒီမယ်. . ကျွန်မဟာ မိဘစကားကို မလွန်ဆန်နိုင်လို့ ရှင့်ကို အလိုက်အထိုက်ဆက်ဆံနေတာ မဟုတ်ဘူးနော်၊





ဘုရားဟောထားခဲ့လို့ မိဘတွေ စိတ်ဆင်းရဲမှာစိုးလို့ ငြိမ်နေတာ. . အဲဒါကို ရှင်အခွင့်ကောင်းယူဖို့ မစဉ်းစားနဲ့'

ဒေါက်ခနဲ ထထိုင်ပြီး ချက်ကျလက်ကျပြောနိုင်သော ရွက်ကြွေကို ရဲနွယ်က အံ့ဩစွာကြည့်သည်။

ပြီးတော့မှ ခနိုးခနဲ့လေသံဖြင့်

'ဟုတ်ပါပြီ. . မင်း လိမ္မာလို့သာ ကိုယ် မင်းကိုပိုင်ဆိုင်ခွင့်ရဖို့ ဖြစ်လာတာလေ. . နောင်လည်း အတူတူနေရတော့မှာပဲ ရွက်ကြွေရယ်. . လိမ္မာတယ်နော်၊ ဒီနေ့တော့ ကိုယ့်ဆန္ဒကို လိုက်လျောပေးပါ'

နီးကပ်လာသောမျက်နှာကြောင့် ရွက်ကြွေက အနောက်သို့ဆုတ်ပြီး အော်သည်။

'မေမေရေ. . မေမေ. . သမီးကို လာခေါ်ပါ. . မေမေ'

ရဲနွယ်က ရွက်ကြွေရဲ့ပခုံးကိုကိုင်ကာ ဆွဲဖက်လိုက်ပြီး

'မင်းအမေဆီက ကိုယ် ခွင့်တောင်းပြီးပါပြီ၊ အော်မနေနဲ့၊ သူလည်း ဒီမှာမရှိဘူး၊ မင်းအမေကိုယ်၌က မင်းနဲ့ငါ့ကို မြန်မြန်နီးစပ်စေချင်နေတာ. . တော်ကြာ ငါ့ကိုယောက်ျားမဟုတ်ဘူးလားလို့ အမေးခံရမှာတောင် ကြောက်တယ်. . ဟား. . ဟား. . '

ဒီလူ ဘီလူးသရဲစီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မှာ သူ့ကိုငြင်းဆန်နေရင် ပိုဆိုးလာဖို့ပဲ ရှိတာမို့ ရွှက်ကြွေက အနူးညံ့ဆုံး အညင်သာဆုံးပြုံးကာ

'ကိုရဲနွယ်. . ခုတော့ အဆင်မပြေသေးဘူး၊ စေ့စပ်ပြီးတာနဲ့ ကိုရဲနွယ်သဘောအတိုင်းဖြစ်စေရပါမယ်'

'ကောင်းပြီလေ. . ကတိတော့ မပျက်စေနဲ့၊ မင်းအတွက် ငါရင်းထားရတာတွေ များနေပြီ. . မင်းအမေ ငါ့ဆီကနေ ယူထားတာတွေက မနည်းတော့ဘူး'

'ရှင်'

ရွှက်ကြွေ အရမ်းအံ့သြနေစဉ် ရဲနွယ်က သူမဆံပင်တွေကို ငုံ့ပြီး နမ်းသွားသည်။

အလိုမတူဘဲ ငြိုငြင်နေတဲ့ကြားက တစ်ဖက်သတ်အပြုအမူတွေက ခံပြင်းဖို့ကောင်းလွန်းသည်။

ရွှက်ကြွေ တစ်ခုခုကို ပြတ်သားရတော့မည်။

ရင်ခွင်. . ငါ နင်နဲ့တစ်သက်လုံးဝေးရရင် သေသွားမှာ. .

ဒီနေရာ ဒီအရပ်မှာ မနေအပ်တော့ဘူးဆိုတာ. . . သူမ ကောင်းကောင်းကြီး သိသွားပြီ။ ဒါဖြင့် သူမ ဘယ်ကိုသွားမလဲ။

ဒီအခိုက်အတန့်အတွင်းမှာ သူမ ခြေရာဖျောက်ဖို့ လိုလာပြီ။ ဒါမှ. . သူတို့အကြံအစည်တွေ အထမမြောက်မှာ. .

*ဆောင်းညပြာသီစာလေ*



ရွှက်ကြွေ တစ်ညလုံးစဉ်းစားသည်။ သီရိ တစ်ခါက ပြောဖူးတာကို သွားပြီးသတိရသည်။

ရွှက်ကြွေက ကိုရဲနွယ်တို့အိမ်မှာ မနေချင်ဘူးလို့ ရင်ဖွင့်မိတော့ သီရိက သူတို့နေတဲ့အဆောင်မှာလာနေဖို့ တိုက်တွန်းဖူးသည်။

သီရိနဲ့အတူ ခဏသွားနေလိုက်ရင် ရဲနွယ်နဲ့စေ့စပ်ဖို့ကိစ္စလည်း ရှောင်ပြီးသားဖြစ်သွားလိမ့်မည်။

ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ ရွှက်ကြွေက အိတ်တစ်လုံးထဲ အဝတ်တွေသိမ်းပြီးထည့်သည်။

နာရီပြန်နှစ်ချက်တီးလောက် လူတွေ အိပ်မောကျနေချိန်မှာ သူမသည် အကျယ်ချုပ်ဘဝမှလွတ်မြောက်အောင် ထိုအိမ်ကြီးဆီမှ ထွက်ပြေးလာခဲ့တော့သည်။ ဒီကြားထဲ ရင်ခွင်နဲ့ အဆက်အသွယ်မပြတ်ရင် တော်ပြီ။

အဆောင်မှာသွားနေတဲ့အချိန်က စပြီး ရင်ခွင်နဲ့သူမ စာချင်းအဆက်အသွယ်မပြတ်ခဲ့ပေ။

(ဒါပေမယ့် ရင်ခွင် ဘာတွေဖြစ်နေလဲဆိုတာ ဆောင်ရွှက်ကြွေဆိုတဲ့ကောင်မလေးက အလုံးစုံသိနိုင်မည်မထင်ပါ။)

◆

*ဆောင်းညပြာသီစာလေ*

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

### "နောက် ခြောက်လခန့်အကြာ"

'မေခင်ရေ. . မေခင်. . ဒီမှာ ကောက်ညှင်းပေါင်းနဲ့ ငါးရံ့ခြောက်လာပို့တာ. . တံခါးဖွင့်ပါဦး'

အကြိမ်ကြိမ်ခေါ်သော်လည်း တုံ့ပြန်မှုမရှိတော့ ကိုအေးထွန်းက အံ့ဩလာသည်။

ဘယ်လိုဖြစ်တာလဲ. . .

ခါတိုင်း ဒီအချိန်ဆို မေခင်နိုးလို့ ဘုန်းကြီးကျောင်းတောင်သွားနေလောက်ပြီ။

ကိုအေးထွန်းက အစိုးရိမ်လွန်ပြီး အိမ်တံခါးကို သူ့ကိုယ်နှင့်





တွန်းတိုက်ပစ်လိုက်သည်။

တံခါးပွင့်သွားပြီး မြင်လိုက်ရတဲ့မြင်ကွင်းက ကြမ်းပြင်ပေါ်လဲကျနေသောမေခင်ကို တွေ့လိုက်ရခြင်း ဖြစ်သည်။ အိပ်ပျော်နေတာတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်။

ကိုအေးထွန်းက ထိုနေရာသို့ပြေးသွားပြီး

'မေခင်. . . မေခင်. . ထပါဦးဗျ'

အကြိမ်ကြိမ်လှုပ်နှိုးသော်လည်း နိုးမလာသည်မို့ မေခင်ရဲ့နှာခေါင်းဝမှာ လက်ထားကြည့်သည်။

အသက်ရှူနေတာ် မတွေ့. . .

တစ်ဖန် နှလုံးခုန်သံကိုနားထောင်ကြည့်သည်။ မထူးခြား။

'ဘုရား. . ဘုရား. . မေခင် ဆုံးသွားပြီ၊ ရင်ခွင်ရေ. . မင်းတို့သားအမိအဖြစ်က ဆိုးလှချည်လားကွာ. . ငါ. . မင်းကို ဘယ်လိုပြောရမှာလဲ ညီလေးရာ'

မေခင်ရဲ့နံဘေးမှာ ရေးလက်စ စာလေးတစ်စောင်ကိုတွေ့လို့ ဖတ်ကြည့်လိုက်တော့ လက်ရေးကိုကြည့်ပြီး သူအံ့ဩသွားသည်။

ရင်ခွင့်လက်ရေးနဲ့ချွတ်စွတ်ကို တူနေတာ. . .

မသိရင် ရင်ခွင်ရေးတဲ့စာလို့ပဲ ထင်လိမ့်မည်။

လက်စသတ်တော့ သူ့သားကိုယ်စား မေခင်က ရွက်ကြွေ



www.burmeseclassic.com

www.burmeseclassic.com



ဆီ စာတွေရေးပြီး ပို့နေတာကိုး. .

မိဘမေတ္တာတရားက ကြီးမားလိုက်တာ. .

စာထဲမှာ ရွှက်ကြွေရဲ့ကျန်းမာရေးကို ဂရုစိုက်ဖို့၊ စိတ်ချမ်းသာအောင်နေဖို့ ရေးထားသည်။

စာဖတ်ပြီးတော့ အခြေအနေကို သူ သဘောပေါက်သွားသည်။

ယောက်ျားကြီးတန်မဲ့ ကိုအေးထွန်းမှာ ငိုရပါသည်။

မေခင့်ကို အမေလိုချစ်တာကတစ်ကြောင်း၊ ရင်ခွင့်ကို ညီလေးတစ်ယောက်လို သံယောဇဉ်တွယ်ရတာမို့ သူတို့ သားအမိနှစ်ယောက်ရဲ့အဖြစ်ဆိုးတွေကို မကြည့်ရက် မခံစားရက်တော့ပါဘူး. .

◆





ရင်ခွင့်ဆီက စာပြန်မလာတော့ ရွှက်ကြွေမှာ ဘာလုပ်လုပ်စိတ်မပါဘဲဖြစ်နေကာ အရဲစွန့်ပြီး မြို့ကိုပြန်လာခဲ့မိသည်။ သတိရတဲ့စိတ်တွေက သူမကို ဦးဆောင်သွားသည်။

ဆောင်းရွှက်ကြွေသည် ရင်ခွင်တို့၏အိမ်ရှေ့ကို အရောက်မှာ မဏ္ဍာပ်ကြီးထိုးတားတာ တွေ့လိုက်ရတော့ ရင်ထဲမှာ ထိတ်သွားသည်။

ထွက်လာတဲ့ လူတစ်ယောက်ကို မေးကြည့်လိုက်တော့မှ မေခင်ဆုံးပြီဆိုတာ သိလိုက်ရသည်။

ဒါဆို ရင်ခွင်ရော. .

ရင်ခွင် ဘယ်မှာလဲ။

မဏ္ဍာပ်ထဲမှာ အလုပ်ရှုပ်နေသော ကိုအေးထွန်းကို တွေ့ရသည်မို့ ရွှက်ကြွေက ဝင်သွားပြီး

'ကိုအေးထွန်း. . ရင်ခွင် ဘယ်မှာလဲဟင်'

'ရွှက်ကြွေ. . ညည်း ရောက်လာပြီကိုး၊ ဒီမှာကြည့်ပါဦး. . ဘာတွေဖြစ်ကုန်ပြီလဲလို့'

'မေခင်က ဘာဖြစ်တာလဲဟင်. .'

'သေပြီလေ. . သူ့သားစိတ်နဲ့သေသွားပြီ၊ ဒီနေ့က သူ့ရက်လည်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်..'

'အေး..ညည်းအဖေကောင်းမှုနဲ့ ဟိုကောင် ရင်ခွင်လည်း ဒီနေ့အမိန့်ချခံရတော့မယ်..ဒီမှာကြည့်စမ်း..စာ..တွေ့လား၊ ညည်းဆီ ရေး ရေးပြီးပို့နေတဲ့စာက ဘယ်သူရေးနေတာလို့ ညည်းထင်သလဲ..မိဘမေတ္တာနဲ့ သူ့သားကိုယ်စား မေခင်က ရေးပေးခဲ့တာ..သူတို့သားအမိနှစ်ယောက်က အရင်ကတည်းက လက်ရေးအရမ်းတူတာ'

ကိုအေးထွန်း တရစပ်ပြောသွားတဲ့စကားတွေက ရွှက်ကြွေ အံ့သြဖို့ချည်း ဖြစ်လာသည်။

'မေခင်ရယ်၊ မေခင်က သေတဲ့အထိ သမီးတို့နှစ်ယောက်ကို စိတ်ချမ်းသာအောင်ပဲ ထားခဲ့တယ်..အမြဲပဲ ငဲ့ကွက်ခဲ့တယ်..ကိုယ့်အတွက်ကျတော့ ဘာမှကို ဂရုမစိုက်ခဲ့ဘူး၊ မေခင်က ဒီလိုထွက်သွားတော့ ရင်ခွင်နဲ့တွေ့ရင် သမီး ဘာပြောရမလဲ'

စိတ်ထိခိုက်လွန်းတော့ ရွှက်ကြွေက ပြောလည်းပြော၊ ငိုလည်းငိုသည်။

အလာကောင်းပေမယ့် အခါနှောင်းသလိုဖြစ်ခဲ့ရသည်။

သူမ ဖြစ်ချင်တာက ရင်ခွင်နဲ့အတူ လက်တွဲပြီး ဘဝခရီးဆက်ချင်တာ...

*ဆောင်းညပြာသိစာပေ*



မေခင်ဆိုတာက သူမဘဝရဲ့အားပေးဖော်မို့ ရှေ့ဆက်မယ့်ဘဝခရီးမှာ မေခင့်ကိုပါ ရှိစေချင်တာ..

'ရွှက်ကြွေ..ညည်း ရင်ခွင့်ဆီလိုက်သွားတော့လေ၊ ညည်းကိုတွေ့ရင် ဒီကောင်ကြီး အားရှိသွားမှာ'

'သူ့ကို မတရားလုပ်ရအောင် ဒါ မင်းမဲ့တိုင်းပြည်မှမဟုတ်တာ..ဘာဖြစ်လို့ ရွှက်ကြွေကို အသိမပေးကြတာလဲ..ဘာလို့ ဖုံးထားကြတာလဲ'

'ညည်းတတ်နိုင်တဲ့ကိစ္စ မဟုတ်ဘူး ရွှက်ကြွေ၊ ညည်းအဖေက ပိပိရိရိနဲ့ကို လိမ်ဆင်တွေလုပ်ထားခဲ့တာ၊ ဒီလိုမဖြစ်ဖြစ်အောင်လုပ်ထားတာ၊ ဖမ်းမိတဲ့ကောင်တွေက သူ့ကိုပဲ လက်ညှိုးထိုးပြကြတယ်၊ ဒီကြားထဲ ဟိုကောင်က ဘာမှ ဖွင့်မပြောဘဲ ရေငုံနှုတ်ပိတ်နေနေတော့ ပိုဆိုးပြီပေါ့..ညည်းအဖေဘက်က ငွေပေးပြီး လာညှိသေးတယ် သိလား'

'ဒီလောက် မတရားခံနေရတာ ဒီလိုပဲ ခေါင်းငုံ့ခံနေရလား၊ ဒီအကြောင်းတွေ ဘာလို့ သူ့ရှေ့နေကို မပြောပြတာလဲ'

'ပြောတော့ ပြောထားတာပဲဟာ..ဒီနေ့ ဘယ်လို စီရင်ချက်ချမလဲ မသိဘူး'

'ရှေ့နေလိပ်စာ ပြောပြပါ ကိုအေးထွန်း'

*ဆောင်းညပြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com



လိပ်စာယူပြီး ပြေးထွက်သွားတဲ့ကောင်မလေးကိုတော့ သူ လေးစားမိပါသည်။

ဒီကောင်မလေးဟာ ဟိုးတုန်းကတည်းက ရင်ခွင်ရှေ့မှာ မားမားမတ်မတ်ရပ်တည်ခဲ့သည်။

အခုလည်း ဒီလိုပဲ မြင်နေရသည်။

ရင်ခွင်..

မင်း ကံကောင်းပါစေကွာ.. အချိန်မီပါစေ။

♦



BURMESE CLASSIC .com

## (၂၅)

တရားရုံးရှေ့မှာ လူတွေ ထင်မြင်ချက်အမျိုးမျိုးပေးနေကြသည်။

'မဖြစ်သင့်ဘူးဟာ.. ဒီကောင်လေး ရိုးသားတာ ငါတို့သိပြီးသား.. ဆေးအရောင်းအဝယ်လုပ်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး'

'ကြားထဲက မြေစာပင် ဖြစ်သွားတာ၊ ဟိုက သူ့ကို ငယ်နိုင်လေ'

'ဒါပေမယ့် အနှစ်နှစ်ဆယ်ဆိုတာကြီးက များလွန်းပါတယ်ဟာ.. ကောင်လေး သနားပါတယ်'

ရွက်ကြွေ နောက်ကျသွားခဲ့ပြီ။

ဒါပေမယ့် ထပ်ပြီး သေချာချင်သေးတာမို့..



www.burmeseclassic.com

www.burmeseclassic.com



'အဒေါ်တို့ ခုနကပြောနေတဲ့ ထောင် အနှစ်နှစ်ဆယ်ကျ သွားတယ်ဆိုတာ ဘယ်သူလဲဟင်'

အဒေါ်ကြီးတစ်ယောက်က

'မကျည်းပင်စုတန်းက မခင်ရဲ့သားလေးလေဟယ်. . ဘာ တဲ့. . သူ့နာမည်က ရင်ခွင်ဆိုလား'

'ရှင်'

ဆက်ပြီး ရပ်တည်နိုင်တဲ့အင်အားတွေ ကုန်ဆုံးသွားသည်။

သူမ၏မျက်ဝန်းမှာ ခံစားချက်ကြောင့် လျှံတက်လာသည့် မျက်ရည်တွေက ဝိုင်းနေသည်။ သိပ်မကြာခင်မှာပဲ ပြည်သူ့ရဲ့နှစ် ယောက် ခြံရံလျက်ခေါ်ထုတ်လာသော ရင်ခွင့်ကိုတွေ့လိုက်ရသည်။

ရွက်ကြွေက ရင်ခွင့်ဆီပြေးသွားသည်။

'ရင်ခွင်'

'ရွက်. . . ကြွေ. . .'

တစ်လုံးချင်း သူ့ပါးစပ်မှထွက်လာသလို အရမ်းလည်း အံ့ သြနေပုံရသည်။

'နင့်ဘဝကြီးတစ်ခုလုံးနဲ့စတေးလိုက်တာလား ရင်ခွင်'

'တစ်ယောက် ကောင်းဖို့အတွက် အခြားတစ်ယောက်မှာ ထိခိုက်နစ်နာရတယ်ဆိုရင်. . .'

*ဆောင်းညပြာသီစာလေ*



'တော်တော့. . . ဒီလိုနဲ့ပဲ အနှစ် နှစ်ဆယ်လုံးလုံး သံတိုင် အနောက်မှာနေတော့မယ်ပေါ့၊ နင့်ဘဝရဲ့ရည်မှန်းချက်တွေ၊ အနာ ဂတ်တွေ၊ အိပ်မက်တွေကို အဆုံးရှုံးခံမယ်ပေါ့. . ဟုတ်လား'

'ငါက ဘာပဲဖြစ်ဖြစ် ရပါတယ်၊ နင့်အဖေသာ အသိတရား မြန်မြန်ရပါစေလို့ ငါဆုတောင်းပေးပါတယ်'

ရွက်ကြွေမှာ ချစ်သူမျက်နှာလေးကို ကြည့်ပြီး နာကျင်ရ သည်။

ပြောထွက်ဖို့စကားလုံးတွေလည်း ခက်ခဲနေသည်။

'ငါသွားတော့မယ် ရွက်ကြွေ'

'နင် ငါ့ဆီပြန်လာခဲ့ရမယ်နော်'

'တစ်နေ့နေ့ပေါ့'

'ဟင့်အင်း. . အချိန်မရွေး၊ အရွယ်မရွေးပါ ရင်ခွင်. . တစ် ယောက်နဲ့တစ်ယောက် ဝေးကွာနေပေမယ့် တကယ်အရေးကြီးတဲ့ အရာက စိတ်ပဲ ရင်ခွင်. . နင် မှတ်သွားလိုက်ပါ၊ အဲဒီစိတ်ကြောင့် ပဲ တို့နှစ်ယောက် အမြဲအနီးဆုံးမှာရှိနေမှာပါ'

ပြောပြီး ရွက်ကြွေက ငိုနေသည်။

ရွက်ကြွေရဲ့စကားသံလေးကြောင့် ရင်ခွင်က ကျေနပ်စွာ ပြုံးသည်။

*ဆောင်းညပြာသီစာလေ*

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နွေထနောင်း..ဆောင်းသက်သေ - ၂၀၆

ထိုနောက်မှာတော့

'ကျေးဇူးပဲ ရွက်ကြွေ.. နင့်ဆီ ငါပြန်လာခဲ့မှာပါ'

နွေရဲ့ထနောင်းတွေက သူတို့နှစ်ယောက်ကို အရိပ်ပေးနိုင်မှာ မဟုတ်ပေမယ့် သူတို့နှစ်ယောက်ရဲ့အချစ်ကို မှတ်ကျောက်တင်ဖို့အတွက် ဆောင်းက သက်သေတည်မှာပါ။

မူပိုင်နှင်းဆီ

4:50 A.M

Saturday

3rd., March, 2012

ဆောင်းညဖြာသိစာပေ

www.burmeseclassic.com